# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၁၁၀)


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုလွှတ်တော်၊ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်း အဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်၏ အလှအပ ပုံရိပ်များကို ဖော်ကျူးသည့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရက် တိုးမြှင့်သတ်မှတ်

စာမျက်နှာ » ၄

## မန်းရေနံမြေထိစပ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ကနဦးစီမံချက် စတင်ဆောင်ရွက်

စာမျက်နှာ » ၁၀

## တာလတ်ပစ်နျူကလီးယား လက်နက် သဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ရှုရှားလိုလား

စာမျက်နှာ » ၁၄

## ထူးခြားသည့် ညအပူချိန်များ

**၁၇ - ၁ -၂၀၁၉**

| | | | |
|---|---|---|---|
| ဟားခါးမြို့ | - | - ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | - | ၁ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | - | ၁ | ဒီဂရီစင်တီဂရိတ် |
| သီပေါမြို့ | - | ၂ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | - | ၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | - | ၃ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | - | ၃ | ဒီဂရီစင်တီဂရိတ် |
| လားရှိုးမြို့ | - | ၄ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲမြို့ | - | ၄ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | - | ၄ | ဒီဂရီစင်တီဂရိတ် |

# မြိုင်မြို့နယ်၌ တစ်နေ့လျှင် ဓာတ်ငွေ့ကုဗပေသုံးသန်းခန့် ထုတ်လုပ်နိုင်မည့် ရေနံအစမ်းတွင်းတူးဖော်မည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိနိုင်ရေးအတွက် ရေနံအစမ်းတွင်းများ တူးဖော်ထားခြင်း မရှိသေးသော ဒေသတစ်ခုဖြစ်သည့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အတွင်းတွင် မြိုင်ပေနက်ရေနံအစမ်းတွင်း အမှတ်(၁)ကို ဇန်နဝါရီ ၂၆ ရက်တွင် စတင်တူးဖော်သွားမည် ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ပြုလုပ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအခမ်းအနားမှ သိရသည်။

အဆိုပါ မြိုင်အစမ်းတွင်းအမှတ်(၁)ကို အောင်မြင်စွာ တူးဖော်စမ်းသပ်ပြီးပါက တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေ သုံးသန်းခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားပြီး ယင်းတွင်းမှ ပေ ၂၀၀၀ စီခန့်ခြား၍ အကဲဖြတ်တွင်းနှင့် Development well များ ၁၁ တွင်းခန့် ဆက်လက်တူးဖော်ရမည် ဖြစ်ကြောင်း၊ ရရှိထားသည့် ဘူမိရူပဗေဒကွန်တိုများအရ ရေနံနှင့်ဓာတ်ငွေ့ထွက်ရှိပါက Recoverable Reserves 82 BCF ထုတ်ယူနိုင်မည်ဟု ခန့်မှန်းတွက်ချက်

*စာမျက်နှာ ၃ ကော်လံ ၁* ❍



မြိုင်ရှာဖွေရေး အစမ်းတွင်း အမှတ်(၁)တွင်း နေရာပြပုံ။




မြန်မာ့အလင်း

## ညီညွတ်ရေးဖြင့် အသက်ရှည်ရှည်ခင်ခင်မင်မင်

နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာသည့် စီးပွားရေးသမိုင်းပညာရှင်များက လက်ရှိဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများ၏ ၎င်းတို့မဖွံ့ဖြိုးမီက ကနဦးအခြေအနေများကို လေ့လာရာတွင် နိုင်ငံတော် အာဏာရပ်လွှမ်းခြုံပျံ့နှံ့ခြင်း၊ ဗဟိုအစိုးရ၏ဦးဆောင်မှု ထက်မြက်စူးရှခြင်း၊ ဗဟိုအစိုးရအပေါ် ပြည်သူတို့၏ သစ္စာခံယူမှု အားကောင်းလာခြင်း စသည့် အခြင်းအရာများက နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေခဲ့ခြင်းဖြစ်သည်ဟု တွေ့ရှိခဲ့ကြကြောင်း လေ့လာမှတ်သားခဲ့ရဖူးသည်။

ဒေသအလိုက် အကွဲကွဲအပြားပြားဖြစ်ကာ နယ်ပယ်အလိုက် အုပ်ချုပ်မှုထက် ဗဟိုအစိုးရ၏ အုပ်ချုပ်မှုအပေါ် ပြည်သူများက သစ္စာခံယူလာခြင်း၊ ဗဟိုအစိုးရကလည်း တစ်နိုင်ငံလုံးနှင့် လွှမ်းခြုံကာ စီမံဆောင်ရွက်နိုင်ခြင်း၊ ပြည်သူတို့ကလည်း မိမိတို့၏ ဘဝကို ပိုမို၍ ကျယ်ဝန်းမြင့်မားသည့် နိုင်ငံတော်နှင့် ဆက်စပ်ရှုမြင်လာခြင်းစသည့် ဆင့်ပွားအကျိုးဆက်များက တစ်မျိုးသားလုံးကို စုစည်းသိပ်သည်းမှု အားကောင်းစေခဲ့သည်။ ဒီမိုကရေစီကျင့်စဉ်များအရ အစိုးရနှင့် ပြည်သူအကြား ဆက်သွယ်မှုလမ်းကြောင်းများ ပွင့်လင်းလာပြီး အပြန်အလှန်နားလည်မှုနှင့် အသိအမှတ်ပြုမှုတို့ အားကောင်းလာသည်နှင့်အမျှ အမျိုးသားစုစည်းမှု (National Integration) ကို သိပ်သည်း အားကောင်းလာစေခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများ ရရှိစေခြင်းဖြစ်သည်ဟု စီးပွားရေးသမိုင်း ပညာရှင်များက ဆိုသည်။

ယင်းနှင့်ဆန့်ကျင်ဘက်အခြေအနေတွင်မူ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံပျံ့နှံ့မှု အားနည်းခြင်း၊ အစိုးရ၏ အာဏာရပ်ထိရောက်ထက်မြက်မှု မရှိခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ နိုင်ငံတော်အပေါ် သစ္စာခံယူသည်ထက် ပြည်နယ်နှင့်လူမျိုးစုအလိုက် သစ္စာခံယူခြင်း စသည့်အခြေအနေများဖြစ်ပြီး ယင်းသို့သော အခြေအနေမျိုး အာဖရိကနိုင်ငံအချို့တွင် ဖြစ်ပေါ်ခဲ့ဖူးကြောင်းလည်း ပညာရှင်များက ထောက်ပြခဲ့သည်။ ခေါင်းဆောင်များအကြားတွင် လည်းကောင်း၊ ခေါင်းဆောင်ပိုင်းနှင့် ပြည်သူလူထုအကြားတွင်လည်းကောင်း၊ ပြည်သူလူထုအချင်းချင်းကြားတွင်လည်းကောင်း အပြန်အလှန်နားလည်လက်ခံမှု၊ အသိအမှတ်ပြုမှု အားနည်းခြင်းနှင့်ပြည်သူတို့၏ လူမှုရေးစည်းကမ်းထိန်းသိမ်းမှု (Social Discipline) အားနည်းခြင်း စသည့်သဘောလက္ခဏာတို့က အမျိုးသားစုစည်းမှုအားနည်းခြင်းပင်ဖြစ်ပြီး ယင်းသည် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တားဆီးပိတ်ပင်သည့် အဓိကအကြောင်းအရာတစ်ရပ်ပင်ဖြစ်သည်ဟူ၍လည်း သုံးသပ်ထားကြသည်။

ထို့ပြင် "အမျိုးသားစုစည်းမှု" သည် ရုပ်ပိုင်းဆိုင်ရာအခြေအနေထက် စိတ်ပိုင်းဆိုင်ရာအခြေအနေနှင့် ပိုမိုသက်ဆိုင်သည်ဟူ၍လည်း ဆိုထားရာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံဘဝမှ ရုန်းထွက်ရန် ကြိုးပမ်းနေသည့် မိမိတို့နိုင်ငံသည်လည်းဆိုခဲ့ပါ အခြေအနေများကို အထူးသတိပြုဖွယ်ပင်ဖြစ်သည်။ နိုင်ငံငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုအမျိုးမျိုးတို့ကို ရင်ဆိုင်ကျော်လွှားနေကြရသည့် အခြေအနေမျိုးတွင် ခေါင်းဆောင်မှုအတွင်း ညီညွတ်မှု၊ ခေါင်းဆောင်နှင့်ပြည်သူများအကြား ညီညွတ်မှု၊ ပြည်သူများအချင်းချင်းကြား ညီညွတ်မှုတို့အတွက် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် အသိအမှတ်ပြုမှုတို့ဖြင့် ဒီမိုကရေစီယဉ်ကျေးမှုကို အခိုင်အမာထူထောင်ကာ ညီညွတ်ရေးဖြင့် အသက်ရှည်ရှည်ခင်ခင်မင်မင် ချစ်ကြည်နိုင်ကြပါစေကြောင်း။ ။

## စာဖတ်ရိုန်မြှင့်တင်ရေး တီးတိန်တွင် ဆောင်ရွက်

**တီးတိန် ဇန်နဝါရီ ၁၇**

ချင်းပြည်နယ် တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဝန်ထမ်းများသည် စာဖတ်ရိုန်မြှင့်တင်ရေးအတွက် ဇန်နဝါရီ ၁၅ ရက်တွင် တွာလ်ဇန်ကျေးရွာမူလွန်ကျောင်းရှိ နယ်လှည့်စာကြည့်တိုက်သို့ သွားရောက်ရာ ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က စာဖတ်ရိုန်မြှင့်တင်ရေးနှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်းဟောပြောသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက စာအုပ်၊ စာစောင်များ ငှားရမ်းဖတ်ရှုကြပြီး နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံး ညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

### မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

### ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

### အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် ကိုရီးယားရင်းနှီးမြှုပ်နှံသူများစကားဝိုင်း ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် ကိုရီးယားရင်းနှီးမြှုပ်နှံသူများ စကားဝိုင်းကို ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေလမ်းသွယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံတွင် လာရောက်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရန် ခွင့်ပြုမိန့်များရရှိပြီးနောက် လုပ်ငန်းလက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးကူညီပေးရန် ရည်ရွယ်ကြောင်း၊ တွေ့ဆုံပွဲတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအားလုံးလည်း တက်ရောက်သည့်အတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ပိုမိုကောင်းမွန်သော စီးပွားရေးဝန်းကျင်ကောင်း ဖြစ်ပေါ်လာစေရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိပြီး ကော်မတီအနေဖြင့် အတည်ပြုမိန့် လုပ်ငန်းစုစုပေါင်း ၁၄၁ ခုကို ထုတ်ပေးခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းနိုင်ငံခြားမတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ၁၉၅ သန်းခန့်နှင့် မြန်မာကျပ်ငွေ ၅၄၂၂ သန်းခန့် ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဗီဇာကင်းလွတ်ခွင့်ပြု**

မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ကိုရီးယားနိုင်ငံသားများ မြန်မာနိုင်ငံသို့ လာရောက်ရာတွင် ပြည်ဝင်ခွင့်အဆင်ပြေစေရန် ၂၀၁၈ ခုနှစ်မှစ၍ ဗီဇာကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ကြောင်းနှင့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်၊ နှစ်နိုင်ငံဆက်ဆံရေး အစွန့်ရှည်တည်တံ့ခိုင်မြဲရန်နှင့် ငြိမ်းချမ်းသာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းလည်း စကားဝိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**အပြန်အလှန်ဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး Mr.Lee Sang-Hwa က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဝန်ကြီးချုပ်နှင့်တက်ရောက်လာကြသည့် ကိုရီးယားနိုင်ငံ ရင်းနှီးမြှုပ်နှံသူများက မြန်မာ-ကိုရီးယားစီးပွားရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စကားဝိုင်းသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့် ကိုရီးယားလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

ထင်သာမြင်သာ ပြုပြင်စရာ

## မကွေးယင်းချောင်းတံတားအနီးမှ ဆရာစံရုပ်တုနှင့် သခင်ဖိုးလှကြီးရုပ်တုရှိသည့် ပန်းခြံကို ပြုပြင်ပေးစေလို



မကွေးမြို့နှင့် ၁၃ မိုင်ခန့် ဝေးကွာသည့် ယင်းချောင်းတံတားမြောက်ဘက်ထိပ်ရှိ မြန်မာနိုင်ငံ၏ သမိုင်းဝင် ဆရာစံနှင့် သခင်ဖိုးလှကြီး ရုပ်တုများကို ပြုပြင်မွမ်းမံပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

နယ်ချဲ့ဗြိတိသျှတို့ကို ဆန့်ကျင်တိုက်ခိုက်သော လူထုလှုပ်ရှားမှုများအနက် တောင်သူလယ်သမားအရေးတော်ပုံနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံတို့သည် အကြီးမားဆုံးနှင့် အပြင်းထန်ဆုံး လူထုလှုပ်ရှားမှုကြီးများ ဖြစ်ခဲ့သည်။ ယင်း အရေးတော်ပုံကြီးများမှ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံနှင့် အလုပ်သမားခေါင်းဆောင် သခင်ဖိုးလှကြီးတို့မှာ အထူးထင်ရှားကျော်ကြားခဲ့ပြီး မြန်မာနိုင်ငံ၏ သမိုင်းဝင် ပုဂ္ဂိုလ်ကြီးများ ဖြစ်သည်ဟု ဆိုကြသည်။

"ဒီပန်းခြံထဲမှာလည်း ပန်းပင်နဲ့ တူတဲ့အပင်ဆိုတာ မတွေ့ရဘူး။ ဆိတ်တို့၊ နွားတို့ကျောင်းဖို့ စားကျက်မြေကြီးနဲ့ တူနေတယ်။ ခရီးသွားတွေ အပေါ့အလေးသွားရာ မြေအဖြစ်နဲ့ စိတ်မကောင်းဖွယ်ရာ တွေ့မြင်နေရတော့ ဒီဆရာစံတို့၊ သခင်ဖိုးလှကြီးတို့ရဲ့ ပန်းခြံကို ပြုပြင်စေချင်တယ်"ဟု သရက်လေးပင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ယင်းပန်းခြံကြီးအတွင်း ချုံနွယ်ပိတ်ပေါင်းဖြစ်နေကာ အာဇာနည်ရုပ်တုကြီးများမှာလည်း လက်ချောင်းများ ပြတ်နေ၍ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုပြင်ထိန်းသိမ်းပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

**ဇွဲထက်ရှင်**

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးသန်းအောင်ကျော် ဒုတိယညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြား စီးပွား ဆက်သွယ်ရေးဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဆွေဆွေအောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဥပဒေစိစစ်ရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ် ဥပဒေစိစစ်ရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |

❍ ***ရှေ့ဖုံးမှ***

ရရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးညဏ်ထွန်းက ပြောကြားသည်။

"ကျွန်တော်တို့ဌာနက ရေနံထုတ်လုပ်ရေးလုပ်နေသလို ရေနံရှာဖွေရေးကိုလည်း တစ်ပြိုင်နက်တည်းလုပ်နေရတဲ့ကာလဖြစ်ပါတယ်။ အခုတူးဖော်မယ့် ရေနံရှာဖွေရေး အစမ်းတွင်း မြိုင်ရှာဖွေရေး တွင်းအမှတ်(၁)က မြိုင်မြို့ရဲ့အနောက်မြောက်ဘက်မှာ ရှိပါတယ်။ ရှာဖွေရေးတွင်းဆိုတော့ ပုံမှန်တူးဖော်နေကျအတိုင်းပါပဲ။ တူးဖော်ရရှိလာမယ့် ရလဒ်တွေကို ဘယ်လိုအသုံးချသွားမလဲဆိုရင် တွေ့ရှိတဲ့ရလဒ်နဲ့ တွေ့ရှိတဲ့သဘာဝဓာတ်ငွေ့အမျိုးအစား ဖွဲ့စည်းပုံပေါ်မူတည်ပြီးတော့ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အခုလအတွင်းမှာ စတင်တူးဖော်သွားမှာဖြစ်ပြီးတော့ မြိုင်ဒေသအတွင်း ပေနက်အစမ်းတွင်းတူးဖော်နိုင်ဖို့အတွက် ကြိုတင်ဆောင်ရွက်မှုအနေနဲ့ ဘူမိရူပဗေဒ Seismic တိုင်းတာတဲ့လုပ်ငန်း၊ မြေပေါ်ဘူမိဗေဒကွင်းဆင်းတဲ့လုပ်ငန်းတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ်အတွင်းက ဆောင်ရွက်ခဲ့ပြီး Seismic က Prospect Map တွေ ထုတ်လုပ်နိုင်ပြီးတော့ မြေပေါ်ဘူမိဗေဒအဖွဲ့က ပြတ်ရွေ့တည်ရှိမှု အတည်ပြုပေးတာတွေကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြိုင်ပေနက်ရေနံအစမ်းတွင်း အမှတ် (၁)သည် ချင်းတွင်းအနည်ကျချိုင့်ဝှမ်း မြိုင်လွှာတွန့်ခုံး၏ တောင်ဘက်ပိုင်းတွင် တည်ရှိပြီး မြိုင်ဘူမိအနေအထားမှာ ပြတ်ရွေ့ပါဝင်သည့် လွှာတွန့်ခုံးတစ်ခုဖြစ်ကာ လွှာတွန့်ခုံး၏ အလယ်တွင် ပုံတောင်ကျောက်စဉ်စုပေါ်ထွက်နေခြင်းကြောင့် သဘာဝဓာတ်ငွေ့တည်ရှိနိုင်သော တဗျင်းကျောက်စဉ်စုမှာ အနက်ပေ ၃၀၀၀-၆၅၀၀ ခန့်တွင် တွေ့ရှိစမ်းသပ်နိုင်မည် ဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါအစမ်းတွင်းကို အနက်ပေ ၁၅၀၀၀ အထိ တူးဖော်နိုင်သည့် တွင်းတူးစက်ဖြင့် အနက်ပေ ၈၅၀၀ အထိ ခန့်မှန်းတူးဖော် ရက် ၁၄၀ ရက်ဖြင့် တူးဖော်မည်ဖြစ်ပြီး Supra Thrust Lower Pondaung၊ Tabyin ကျောက်စဉ်စုနှင့် Sub-Thrust Tabyin ကျောက်စဉ်စု၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာကို တူးဖော်စမ်းသပ်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



## မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှု ပပျောက်ရေး တိုင်ကြားမှုယန္တရားတည်ထောင်နိုင်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုပပျောက်ရေးတိုင်ကြားမှု ယန္တရား (National Complaints Mechanism) တည်ထောင်နိုင်ရေး အလုပ်ရုံဆွေးနွေး ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။** (အပေါ်ပုံ)

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုများ အမြစ်ပြတ်ပပျောက်ရေးအတွက် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ယန္တရား(Mechanism) တစ်ခု တည်ထောင်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ခံကျင့်သုံးနေသည့် ပြဋ္ဌာန်းချက် ၂၉ အရ နိုင်ငံတော်အစိုးရအနေဖြင့် အဓမ္မခိုင်းစေမှုပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာစံများအရ လိုအပ်ချက်များရှိနေသည်ဟု ILO မှ ယူဆသည့်အတွက် မြန်မာနိုင်ငံအပေါ် ကန့်သတ်တားမြစ်ချက်များ ပြုလုပ်ခဲ့ရာ အဆိုပါကန့်သတ်ချက်များကို ဖယ်ရှားနိုင်ရန် ၂၀၀၂ ခုနှစ် မှစတင်၍ MoU လက်မှတ်ရေးထိုးပြီး ဆက်သွယ်ရေးအရာရှိ တစ်ဦးခန့်ထားခြင်း၊ ၂၀၀၇ ခုနှစ်တွင် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (SU) လက်မှတ်ရေးထိုး၍ တိုင်ကြားမှုယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှု တိုင်ကြားမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ILO ရန်ကုန်နှင့် ပူးပေါင်းဖြေရှင်းခြင်း၊ ၂၀၁၂ ခုနှစ်တွင် MoU လက်မှတ်ရေးထိုး၍ အဓမ္မခိုင်းစေမှုပပျောက်ရေး ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်၌ မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှု လုံးဝပပျောက်ရေးလုပ်ငန်း စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ခြင်း၊ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်း၍ အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်ကို Update ပြုလုပ်ကာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

**လျော့နည်းကျဆင်းလျက်ရှိ**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် တစ်စိတ်တစ်ဒေသပါဝင်နေသည့် အဓမ္မခိုင်းစေမှု ပပျောက်ရေးကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် Focal အဖြစ်တာဝန်ယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းသည် ၁၀ နှစ်ကျော်ကြာမြင့်ခဲ့ပြီး ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် အဓမ္မခိုင်းစေမှု တိုင်ကြားချက်များသည် လျော့နည်းကျဆင်းလျက်ရှိပြီး တစ်ဖက်တွင်လည်း တပ်မတော်အနေဖြင့် CTFMR နှင့် ပူးပေါင်း၍ အဓမ္မခိုင်းစေမှုအောက်တွင် အကျုံးဝင်နေသည့် အသက်မပြည့် စုဆောင်းမှုများနှင့်ပတ်သက်၍ လုပ်ငန်းစီမံချက်များ နှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များလည်း ရှိပါကြောင်း။

**ဝိုင်းဝန်းပူးပေါင်း**

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုများ လျော့နည်းကျဆင်းသွားသော်လည်း အမြစ်ပြတ်ပပျောက်ရေးအတွက် ILO နှင့် ညှိနှိုင်းပြီး အခြားနိုင်ငံများ၏ အတွေ့အကြုံများ၊ အခက်အခဲများအပေါ် အခြေခံ၍ မိမိတို့နိုင်ငံနှင့် သင့်တော်မည့်ယန္တရားတစ်ခု တည်ထောင်သွားရန် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် အတွေ့အကြုံဗဟုသုတများနှင့် High Level Working Group (HLWG) အဖွဲ့ဝင် ဌာနဆိုင်ရာ အသီးသီးမှ အဓမ္မခိုင်းစေမှု မဖြစ်ပွားစေရန် စီမံဆောင်ရွက်ထားသည့်လုပ်ငန်းများ၊ လုပ်ငန်းစီမံချက်များနှင့် ချိတ်ဆက်၍ နိုင်ငံအတွက် သင့်လျော်ကောင်းမွန်သည့် ယန္တရားတစ်ခု တည်ထောင်နိုင်ရန် ပါဝင်တက်ရောက် လာသူများအနေဖြင့် ထိထိရောက်ရောက် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆွေးနွေးပေးစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ILO ရန်ကုန်ရုံးမှ ဆက်သွယ်ရေးအရာရှိ Mr. Rory Mungoven မှ နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာသူများမှ မြန်မာနိုင်ငံနှင့် သင့်လျော်မည့် ယန္တရားတစ်ခုတည်ထောင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၏ ပထမဆုံး အရေးပေါ်အသက်ကယ် သင်တန်းဌာနဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၇

**မြန်မာနိုင်ငံ၏ ပထမဆုံးအရေးပေါ် အသက်ကယ်သင်တန်းဌာန ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ်ဆေးရုံ၌ ကျင်းပသည်။**

ရှေးဦးစွာ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်နှင့် ဆေးတက္ကသိုလ် (၁)ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ဇော်ဝေစိုးတို့က အရေးပေါ်အသက်ကယ် သင်တန်းဌာနကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က သင်တန်းဌာနဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ထိခိုက်ဒဏ်ရာရရှိမှုများနှင့် အရေးပေါ်ကျန်းမာရေးပြဿနာများခံစားရသည့် ပြည်သူများ၏ အသက်များစွာကို ကနဦးကယ်တင်ကုသမှုပေးနိုင်မည့် ရှေးဦးအသက်ကယ်ပြုစုခြင်း အတတ်ပညာရှင်များကို သင်ကြားမွေးထုတ်ပေးမည့် သင်တန်းဌာနကို မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် ဖွင့်လှစ်နိုင်ရန် အလေးထားဆောင်ရွက်ပေးခဲ့သူများကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ သင်ကြားပို့ချမှု လုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးပေးသည့် အမေရိကန်နိုင်ငံအခြေစိုက် Suu Foundation နှင့် ဟောင်ကောင်အခြေစိုက် Prudence Foundation တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုအပါအဝင် မတော်တဆဖြစ်ပွားမှုများ နှင့် ထိခိုက်ဒဏ်ရာရရှိမှုများသည် များပြားပြီး ကနဦးအသက်ကယ်တင်ကုသမှုနှင့် လူနာအားဆေးရုံသို့ စနစ်တကျရွှေ့ပြောင်းသယ်ယူပို့ဆောင်မှုတို့သည် အရေးကြီးပါကြောင်း။

၂၀၁၆ ခုနှစ် စာရင်းဇယားများအရ လူနာများ၏ ၂၄ ရာခိုင်နှုန်းသည် လူနာတင်ယာဉ်များဖြင့် ဆေးရုံသို့လာရောက်ကြသည်ကိုတွေ့ရှိရပြီး ဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်အတွင်း အရေးပေါ်လူနာတင်ယာဉ် ၅၅ စီး ထပ်မံဝယ်ယူထားရှိပါကြောင်း၊ သင်တန်းဆရာများသာမက သင်တန်းသားများထံကပါ အကြံပြုချက်များတောင်းခံပြီး သင်တန်းဌာနတွင် သင်ကြားပို့ချသည့် သင်တန်းများကို ပိုမိုထိရောက် ကောင်းမွန်ရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပုံနည်းစနစ်များ ပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သင်တန်းဌာနမျိုးကို ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမြန်ဆုံးဖွင့်လှစ်ဆောင်ရွက်နိုင်ရန်အတွက် ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ရှေးဦးအသက်ကယ်ပြုစုခြင်းနှင့် အရေးပေါ်အသက်ကယ်ကုသခြင်း လုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်မှုသည် အထူးအရေးကြီးသဖြင့် လူမှုအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များမှ အရေးပေါ်လူနာတင်ယာဉ်များပါ ပါဝင်သည့် အမျိုးသားအဆင့် အရေးပေါ်လူနာတင်ယာဉ်ကွန်ရက်ကြီး ဖြစ်ပေါ်လာရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ်များတွင် ရှေးဦးအသက်ကယ်ပြုစုခြင်းနှင့် အရေးပေါ်အသက်ကယ်ကုသခြင်းဆိုင်ရာ သင်ခန်းစာများကိုလည်း ယခုထက်ပိုမိုထည့်သွင်းသင်ကြားရန် ဖြစ်ပါကြောင်း၊ သင်တန်းများမှ အောင်မြင်သူများကို အသိအမှတ်ပြုလက်မှတ် (certificate)များ ပေးအပ်ပြီး သင့်တော်သော ကာလတစ်ခုတွင် မွမ်းမံသင်တန်းများ ထပ်မံပေးအပ်နိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းဌာန ပေါ်ပေါက်လာပုံနှင့် သင်တန်းဌာနတွင် သင်ကြားပို့ချမည့် သင်တန်းများနှင့် စပ်လျဉ်း၍ ဆေးတက္ကသိုလ်(၁)ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဌာနကို လှည့်လည်ကြည့်ရှုပြီး(ဝဲပုံ)လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# အရည်အသွေးရှိသောပညာရေး ဦးတည်အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာ (အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ) ညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၁၇**

အရည်အသွေးရှိသောပညာရေး ဦးတည်အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာ (အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




**သင်တန်းများပေးရန်စီစဉ်**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အရည်အသွေးရှိသော ပညာရေးပြုပြင်ပြောင်းလဲမှုသည် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးပြီး အမျိုးသားပညာရေးဥပဒေအရ အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် သက်မွေးပညာကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေပါကြောင်း၊ KG + 12 ပညာရေးစနစ် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကိုအချိန်နှင့်တစ်ပြေးညီအကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် သူငယ်တန်း(KG) သင်ရိုးသစ် ဆရာလက်စွဲစာအုပ်များ စတင်အသုံးပြုခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပထမတန်း (Grade-1)သင်ရိုးညွှန်းတမ်းသစ်နှင့် ၂၀၁၈ ခုနှစ်တွင် ဒုတိယတန်း(Grade-2) သင်ရိုးညွှန်းတမ်းသစ် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ ပန်းချီ၊ ဂီတ) ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာလက်စွဲစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း၍ ကလေးဗဟိုပြုသင်ကြားသင်ယူခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်းတို့အတွက် မူလတန်းပြ ဆရာ ဆရာမများကို သင်တန်းများပေးကာ စတင်ဆောင်ရွက်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် မူလတန်း(Grade-3)နှင့် အလယ်တန်း (Grade-6) သင်ရိုးညွှန်းတမ်းသစ်များအတွက်လည်း ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာ့လက်စွဲစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း၍ ကလေးဗဟိုပြု သင်ကြားသင်ယူခြင်းတို့အတွက် မူလတန်းပြ ဆရာ ဆရာမများနှင့် အလယ်တန်းပြ ဆရာ ဆရာမများကို သင်တန်းများပေးရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ကျောင်းများတွင်လည်း ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှု အရည်အသွေး ပိုမိုကောင်းမွန်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်တို့က ပညာရေးကဏ္ဍဆိုင်ရာ တိုးတက်အောင်မြင်မှုများ၊ လက်ရှိ တွေ့ကြုံနေရသော အခက်အခဲများကို ကျော်လွှားဖြေရှင်းရန် လိုအပ်သည်များ၊ ပညာရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်ရန်များ၊ KG + 12 စနစ်သို့ ပြုပြင်ပြောင်းလဲနေမှုများ၊ သင်ကြားရေးဘာသာစကားဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့် တက္ကသိုလ်များ ကိုယ်ပိုင်စီမံခန့်ခွဲမှုဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးနှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

**ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



**စနစ်တကျဖွဲ့စည်း**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ် တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေးနှင့် စပ်လျဉ်း၍ လတ်တလောစားဝတ်နေရေးပြေလည်အောင် ထောက်ပံ့မှုများတွင် မှန်ကန်သော စာရင်းဇယားများအတိုင်း ထောက်ပံ့နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ယာယီတဲများနှင့် ယင်လုံအိမ်သာများ အသုံးပြုနိုင်ရေး၊ ရွေ့လျားကျန်းမာရေးဝန်ဆောင်မှုဆေးခန်း စီစဉ်ဆောင်ရွက်ရေး၊ ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးရေး၊ တိုက်ပွဲရှောင်စခန်းများတွင် လုံခြုံရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပျောက်ဆုံးသွားသော မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ အမြန်ဆုံးပြန်လည်ရရှိအောင် စိစစ်ဆောင်ရွက်ပေးရေး၊ တိုက်ပွဲရှောင်စခန်းများတွင် ယာယီစာဖတ်ခန်းများ ဖွင့်လှစ်ရေး၊ လိုအပ်သော စားနပ်ရိက္ခာများကို စနစ်တကျထောက်ပံ့ပေးရေးနှင့် စခန်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့ကို စနစ်တကျဖွဲ့စည်းပြီး ပြည်နယ်အစိုးရမှ တာဝန်ယူညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကော်မတီအဖွဲ့ဝင်များက ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်၏ အလှအပပုံရိပ်များကို ဖော်ကျူးသည့် ဓာတ်ပုံပြိုင်ပွဲကျင်းပရက် တိုးမြှင့်သတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၁၇

**ရခိုင်ပြည်နယ်၏ အလှအပပုံရိပ်များကို ဖော်ကျူးပြသမည့် "My Beautiful Rakhine" ဓာတ်ပုံပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ဓာတ်ပုံများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ သတ်မှတ်ထားရာမှ ယခုအခါ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်အထိ လက်ခံတိုးမြှင့်၍ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း mango media မှ သိရသည်။**

ဓာတ်ပုံပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် mango media မှ ပါဝင်ဆောင်ရွက်သူ မဆုအိန္ဒြေလင်းက "ရခိုင်ပြည်နယ်ရဲ့ သဘာဝအလှတွေ၊ ရှုခင်းတွေ၊ နောက်..ရခိုင်ပြည်နယ်ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို အဓိက ရိုက်ပြရမှာဖြစ်တယ်။ ပြိုင်တဲ့အခါ ဓာတ်ပုံဆရာမှ မဟုတ်ဘူး ကြိုက်တဲ့သူရိုက်လို့ရပါတယ်။ ဖုန်းနဲ့ပဲ ရိုက်ရိုက်၊ ဒရုန်းကင်မရာနဲ့ပဲ ရိုက်ရိုက် ရပါတယ်။ ဓာတ်ပုံတော့ ပြင်ခွင့်မရှိပါဘူး။ အားလုံးယှဉ်ပြိုင်နိုင်သလို ပညာရှင်၊ ဝါသနာရှင်ဆိုပြီး အတန်းအစား မခွဲထားပါဘူး"ဟုပြောသည်။

"My Beautiful Rakhine" ဓာတ်ပုံပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့ တရားဝင် အသုံးပြုလျက်ရှိသည့် facebook, Instagram အကောင့်များမှ #mybeautifulrakhine, #mpsrakhine ဟု (#)တွဲ၍ မိမိအကောင့်တွင် Public ဖြင့် တင်၍ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အဆိုပါ ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့် mango media တို့မှ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းခွဲနှင့် နှစ်သိမ့်ဆု ၁၀ ဆုအတွက် ငွေကျပ် တစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဓာတ်ပုံပြိုင်ပွဲက ဒီဂျစ်တယ်ဆိုတော့ အဓိကပြိုင်ရမှာ ဆိုရှယ်မီဒီယာဖြစ်တဲ့ facebook နဲ့ instagram မှာပြိုင်ရမှာ။ အကောင့်တုတွေကို လက်မခံဘူး။ ကိုယ်ပိုင်အကောင့်နဲ့ ပြိုင်ရမှာပါ။ နောက်ကိုယ်ရိုက်ခဲ့တဲ့နေရာကို ဖော်ပြပေးရမယ်။ စစ်တွေမှာလား၊ ငပလီမှာလား၊ မြောက်ဦးမှာလားပေါ့။ ဓာတ်ပုံကလည်း အရေအတွက် ကန့်သတ်ချက်မရှိပါဘူး။ ကြိုက်သလောက် ပြိုင်လို့ရပါတယ်။ ဒါကို ကျွန်မတို့က #mybeautifulrakine, #mpsrakhine ဆိုတာနဲ့ ပြန်ရှာပြီး ရွေးချယ်ပေးမှာပါ"ဟု မဆုအိန္ဒြေလင်းက ပြောသည်။

ဓာတ်ပုံပြိုင်ပွဲသည် ရခိုင်ပြည်နယ်တွင် တွေ့မြင်ရနိုင်သော အရာများကို အဓိကရိုက်ကူးရမည်ဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ လူသိများသော Landmark များ၊ ရှုခင်းများ၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ လူနေမှုများ ရိုက်ကူးယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ မဆုအိန္ဒြေလင်းက "ရခိုင်ပြည်နယ်ရဲ့ပုံရိပ်က ကျဆင်းသလိုဖြစ်နေတယ်၊ #rakhine လို့ရှာလိုက်ရင် အဆိုးပုံရိပ်တွေပဲ တက်သလိုဖြစ်နေတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်မှာရှိတဲ့ လူမသိသေးတာရော၊ သိပြီးသား အလှတွေနဲ့ ဓလေ့တွေကို ပြချင်တာပါ။ ဒါကြောင့် ကျွန်မတို့က အဲဒီဓာတ်ပုံတွေကို ဝက်ဘ်ဆိုက်မှာလည်း တင်မယ်။ အဓိကကတော့ နိုင်ငံခြားသားတွေ မြင်တဲ့အခါ ရခိုင်ဟာ သူတို့ထင်သလို မဟုတ်ပါလား ဆိုတာကို သိစေချင်လို့ပါ"ဟု ပြောသည်။

"My Beautiful Rakhine" ဓာတ်ပုံပြိုင်ပွဲတွင် နိုင်ငံတော်၏ မူဝါဒ၊ ဥပဒေနှင့် ငြိစွန်းသောပုံများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ၊ ရခိုင်ပြည်နယ်၏ ယဉ်ကျေးမှု၊ လူနေမှု သဘာဝအလှနှင့် ကောင်းသတင်းကို ထိခိုက်စေနိုင်သော ပုံများအား ဓာတ်ပုံပြိုင်ပွဲစိစစ်ရေးအဖွဲ့မှ စဉ်းစားမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် ယှဉ်ပြိုင်မည့်ဓာတ်ပုံများပေါ်တွင်လည်း စာများ၊ logo များ၊ သင်္ကေတများအပါအဝင် မည်သည့် အမှတ်အသားမျိုးမှ ထည့်သွင်းခြင်း မပြုရန် အသိပေးထားသည်။ **ညွန့်ကိုကို**

# တရားရုံးအသုံးပြုသူများ၏ စစ်တမ်းများကောက်ယူ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အရ ၂၀၁၈ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ တရားရုံး ၁၈ ရုံး၌ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ရန် ရွေးချယ်သတ်မှတ်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးရှိ တရားရုံး ၁၈ ရုံးအနက် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးလည်း ပါဝင်ခဲ့ရာ တရားရုံးသို့ လာရောက်ကြသည့် တရားရုံးအသုံးပြုသူများ၏ စစ်တမ်းများ ကောက်ယူခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါခရိုင်တရားရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ခရိုင်တရားသူကြီး ဒေါ်သန်းသန်းတင့်က စစ်တမ်းများကောက်ယူခြင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၌ ယနေ့နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ရုံးချိန်အတွင်း၌ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားရုံးအသုံးပြုသူများအဖြစ် တရားရုံးသို့ လာရောက်ကြသည့်အမှုသည်များ၊ သက်သေများ၊ ရှေ့နေများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ အမှုသည်များ၏ ဆွေမျိုးသားချင်းများ၊ တရားခံများ၊ အခမဲ့ဥပဒေအထောက်အကူပြုရှေ့နေများ၊ အခြားကိစ္စများဖြင့် တရားရုံးသို့ ရောက်ရှိလာကြသူများကို စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစစ်တမ်းကောက်ယူခြင်းကို လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် Women's Federation For Peace က ဦးဆောင်ပြီး ယင်းအဖွဲ့မှ လူငယ်များနှင့် လိုင်သာယာလူငယ်ကွန်ရက်အဖွဲ့မှ လူငယ်များက ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကနဦးစစ်တမ်းများကောက်ယူခြင်းကို ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် ကောက်ယူခဲ့သည်။ တရားရုံးအသုံးပြုသူများ၏ စစ်တမ်းကို ထပ်မံကောက်ယူခြင်းမှာ တရားရုံးအသုံးပြုသူများ၏ တရားရုံးအပေါ် ယုံကြည်ကိုးစားမှု မြင့်တက်လာခြင်းကို တိုင်းတာနိုင်မည်ဖြစ်၍ အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းလတ်(MNA)**

# ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် သတိပဋ္ဌာန်ရှုထောင့်မှ ဥပဒေနှင့် စိတ်ခံစားမှုကို သုံးသပ်ခြင်းတရား ပို့ချဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော်၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၏ ပါမောက္ခချုပ် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ပါမောက္ခ ဒေါက်တာဓမ္မသာမိ (Doctor of Philosophy - Oxford) က သတိပဋ္ဌာန်ရှုထောင့်မှ ဥပဒေနှင့် စိတ်ခံစားမှုကို သုံးသပ်ခြင်း (Mindfulness, Law and Emotion) တရားပို့ချဆွေးနွေးပွဲကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

တရားပို့ချဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများ၊ တရားချစ်ခင်မြတ်နိုးသူများ တက်ရောက်၍ ရိုသေစွာလေ့လာနာယူကြည်ညိုကြပြီး သိရှိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာဓမ္မသာမိက ပြန်လည်ရှင်းလင်းမိန့်ကြားခဲ့သည်။

ထို့နောက် ဆရာတော်ထံ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး၊ တရားနာကြွရောက်လာကြသူများက အလှူငွေများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် သင်္ကန်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ဆရာတော်ထံမှ သာဓု အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

**သတင်းစဉ်**




# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပုံမှန်သတင်းထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပုံမှန်သတင်းထုတ်ပြန်ခြင်း (၁/၂၀၁၉)အခမ်းအနား ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) နေပြည်တော်၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။** (အောက်ပုံ)




အခမ်းအနားတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နှင့် သံဖြူဇရပ်မြို့များ၊ နယ်များအတွင်း ဖြတ်သန်း၍ ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်း ၄၀ ဒသမ ၄၈မိုင်၊ ၆၆/၃၃/၁၁ ကေဗွီ ၂၀အမ်ဗွီအေ သံဖြူဇရပ်ဓာတ်အားခွဲရုံနှင့် မော်လမြိုင်ဓာတ်အားခွဲရုံ Switch Bay Extension လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု၊ ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများရှိ ပြည်သူများ လူမှုဘဝတိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် ဓာတ်အားစနစ်မှ ရရှိသုံးစွဲနိုင်ရန် ၆၆ ကေဗွီ ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၉ ဒသမ ၁ မိုင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ၊ ဧရာဝတီတိုင်းဒေသကြီး ငရုပ်ကောင်းတောင်မြို့နယ်နှင့် ငရုပ်ကောင်းမြို့နယ်များရှိ၆၆ကေဗွီ ဓာတ်အားလိုင်း ၁၅ ဒသမ ၅၄ မိုင် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှု၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ငွေဆောင်မြို့နယ်များရှိ ဒေသနေပြည်သူများ နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနိုင်ရေးနှင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးတို့အတွက် ၆၆ ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်း ၁၄ ဒသမ ၉၂ မိုင် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ အသစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း မြိုင်ပေနက်ရှာဖွေရေး အစမ်းတွင်း အမှတ်(၁) တူးဖော်မည့် အခြေအနေ၊ ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်ကန်စခန်းများနှင့် အရောင်းဆိုင်များမှ သိုလှောင်ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီများ သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ် မှန်ကန်ပြည့်ဝမှု ရှိ/မရှိ ရှောင်တခင် စစ်ဆေးအရေးယူဆောင်ရွက်မှုများကို ယခုထက်ပို၍ တိုးမြှင့်ပြုလုပ်ဆောင်ရွက်သွားမည့် အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပြတ်တောက်မှု လျှော့နည်းစေရေးနှင့် ဗို့အားပြည့်မီစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဝန်ကြီးဌာန မူဝါဒအရ ဓာတ်အားလိုင်းများ ကြိုတင်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့သည်။

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမား ၁၀ ဦး ပြန်လည်လက်ခံ

**တာချီလိတ် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၀ ဦးကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇန်နဝါရီ ၁၇ ရက်တွင် တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

### ကူညီဆောင်ရွက်ပေး

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ၁၂၂ ဦးရှိပြီး အမျိုးသား ၇၆ ဦး၊ အမျိုးသမီး ၄၃ ဦးနှင့် ကလေး သုံးဦးတို့ ပါဝင်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## ညအပူချိန်များ လျော့နည်းနေမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။ **မိုး/ဇလ**




# ပုဏ္ဏားကျွန်းမှ မောင်တောထိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီ

**နေပြည်တော် ဇန်နဝါရီ ၁၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောဒေသများရှိ ပြည်သူများ လူမှုဘဝတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်မှ ရရှိသုံးစွဲနိုင်ရေး ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အား လိုင်း ၆၄ ဒသမ ၃၁ မိုင်နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ပုဏ္ဏားကျွန်း-မောင်တော ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးသည့်အတွက် ပုဏ္ဏားကျွန်းမြို့မှ မောင်တောမြို့အထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက် (၁/၂၀၁၉)အရ သိရသည်။

၆၆ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂၀ မိုင်၊ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့် ၆၆/၁၁ ကေဗွီ ရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ ၂၀၁၈ ခုနှစ် မတ်လ ၁၅ ရက်မှစတင်၍ ရသေ့တောင်ဓာတ်အားခွဲရုံမှ ရသေ့တောင်မြို့ပေါ်ရှိ အိမ်ထောင်စုပေါင်း ၁၅၃၀ ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ရသေ့တောင်-ဘူးသီးတောင်ဓာတ်အားလိုင်း ၃၃ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဘူးသီးတောင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီး၍ ဘူးသီးတောင်မြို့ပေါ်ရှိ အိမ်ထောင်စုပေါင်း ၃၃၇၄ စုကို လည်းကောင်း နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်သည်။

အလားတူ ၆၆ ကေဗွီ ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၉ ဒသမ ၁ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီး၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် မောင်တောမြို့ပေါ်သို့ ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပုဏ္ဏားကျွန်းမြို့မှ မောင်တောမြို့အထိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၆၄ ဒသမ ၃၁ မိုင်နှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းကို စီမံကိန်းလက်ကျန်ပစ္စည်းများဖြင့် ဆောင်ရွက်ခဲ့ပြီး ကုန်ကျစရိတ်မှာ ငွေကျပ် ၂၀ ဘီလီယံခန့်ရှိကြောင်း အဆိုပါသတင်းထုတ်ပြန်ရေးအဖွဲ့မှ သိရသည်။

**မျိုးသူဟိန်း**

# စနစ်တကျ၊ သတ်သတ်မှတ်မှတ်

■ သိုက်စိုးထွန်း(နတ်ရွာ) ■

**တချို့လူတွေကိုကြည့်လိုက်ရင် သူတစ်ယောက်တည်းနဲ့ အလုပ်တွေအများကြီး လုပ်နိုင်တာကို တွေ့ရတယ်။ စီးပွားရေးဘက်မှာလည်း လုပ်ငန်းတစ်ခုရှိတယ်၊ အောင်မြင်နေတယ်။ လူမှုရေးဘက်မှာလည်း ပရဟိတလုပ်ငန်းတွေမှာ တက်တက်ကြွကြွပါဝင်နေတယ်။ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီးတော့လည်း တော်တော်ကြီးလေးတဲ့တာဝန်တွေကို ထမ်းဆောင်နေတယ်။ သူ့အလုပ်၊ သူ့အချိန်တွေကို ဘယ်လိုများ စီမံခန့်ခွဲနေသလဲလို့ အံ့ဩယူရလောက်တဲ့အထိ ဖြစ်နေတယ်။**

သူလိုကိုယ်လို သာမန်လူတွေကျတော့ အသက်မွေးမှု တစ်ခုအတွက် အလုပ်ကလေးတစ်ခုလောက် လုပ်နေရတာနဲ့ကိုပဲ တော်တော်လေးရှုပ်ယှက်ခတ်နေပြီ။ ဒီတာဝန်လေး တစ်ခုအတွက်နဲ့ ခေါင်းတွေခြောက်တဲ့အခါ ခြောက်၊ စိတ်တွေ ညစ်တဲ့အခါ ညစ်ရနဲ့ တော်တော်လေးကို မရှုနိုင် မကယ်နိုင် ဖြစ်နေတယ်။ မနိုင်ဝန်ကြီး ထမ်းထားရသလို ဖြစ်နေတယ်။ ကိုယ့်အထက်ကပေးအပ်လာလို့ဖြစ်ဖြစ်၊ ဘေးပတ်ဝန်းကျင်ကတောင်းဆိုလာလို့ပဲဖြစ်ဖြစ် တာဝန်လေးတစ်ခုတိုးလာပြီဆိုရင်ကိုပဲ တီကိုဆားနဲ့တို့လိုက်သလို ခပ်တွန့်တွန့်ဖြစ်သွားတယ်။ မူလရှိပြီးသား အလုပ်တာဝန်တွေနဲ့ကိုပဲ မနိုင်မနင်းဖြစ်နေပါတယ်ဆိုမှ နောက်ထပ်တာဝန်တွေက ထပ်ဆင့်ထပ်ဆင့် တိုးလာပြန်တော့ တိုးလာတဲ့တာဝန်တွေကို ငြင်းပယ်ချင်သလိုလို ဖြစ်လာတယ်။ ဖြစ်ပွဲမလားဆိုတဲ့ စိုးရိမ်စိတ်တွေကလည်း များလာတယ်။ ကြာလာတော့ အလုပ်တာဝန်ကြောက်တဲ့ရောဂါတစ်ခု ရလာသလိုလို ဖြစ်နေတယ်။

## ထက်မြက်တဲ့သူတွေ

ထက်မြက်တဲ့သူတွေကျပြန်တော့လည်း ဘယ်အလုပ်ပဲလာလာ၊ ဘယ်တာဝန်ပဲလာလာ ပေါ့ပေါ့ပါးပါးနဲ့ပဲ လုပ်နိုင်ကိုင်နိုင် ကျော်ဖြတ်သွားနိုင်ကြတယ်။ သူတို့ကြည့်ရတာ အလုပ်တွေများပေမယ့် ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းလည်း ဖြစ်ပုံမရဘူး။ အမြဲတမ်း လန်းဆန်းတက်ကြွနေကြတယ်။ အလွန်ကြီးလေးတဲ့ တာဝန်ကြီးတွေကို ထမ်းဆောင်နေကြရပေမယ့် ငြီးငွေ့ဟန်မပြကြဘူး။ ထာဝရ ရွှင်လန်းနေတယ်။ ဒီလိုရွှင်လန်းနေတဲ့သူတွေကို မြင်နေရတာကိုက သူတို့အပျော်တွေပါ ကိုယ့်ကိုယ် ကူးစက်လာတယ်။

ဒီလိုဆိုတော့ သူတို့နဲ့ကိုယ်ကြားမှာ ဘာတွေများ ကွာဟနေသလဲဆိုတာ စူးစမ်းဆင်ခြင်ကြည့်စရာ ဖြစ်လာတယ်။ သူတို့ဆီကနေ ဘာတွေအတုယူရမလဲ၊ ကိုယ့်ဆီကနေ ဘယ်လိုအကျင့်စရိုက်၊ အလေ့အထတွေကို စွန့်ပယ်ရမလဲဆိုတာကို ဝေဖန်သုံးသပ်စရာ ကောင်းလာတယ်။ သေချာတာကတော့ ကိုယ့်အခြေအနေက ဒီအတိုင်းဆက်သွားနေလို့ မဖြစ်တော့ဘူး။ ပြင်မှကို ဖြစ်တော့မှာ။

အလုပ်တွေနဲ့ပတ်သက်လာရင် ပြောလေ့ဆိုလေ့ရှိကြတယ်။ ကိုယ်လည်းလုပ်နေတာပဲ၊ ကြိုးကြိုးစားစား လုပ်နေကိုင်နေတာပဲ၊ လုပ်သမျှအရာထင်မလာတာတော့ မတတ်နိုင်ဘူး၊ ကံကိုပဲပုံချရတော့မှာပဲ။ ကိုယ့်ကျမှ ဒီလိုဖြစ်နေတာတော့ ဘာကြောင့်လဲ မသိတော့ဘူး။ ကံတရားကိုက ကိုယ့်ဘက်မှာ ရှိမနေဘူး။ ဒါက ကိုယ့်ဘက်က ပေးလေ့ရှိတဲ့ဆင်ခြေတွေပါ။

အလုပ်တာဝန်ကို မကြောက်တဲ့သူတွေကျတော့ ဘယ်လိုတာဝန်မျိုးပဲလာလာ အပြုံးမပျက်ဘဲ တက်တက်ကြွကြွနဲ့သာ လက်ခံလေ့ရှိကြတယ်။ တိုးလာသမျှ အလုပ်တာဝန်တွေကိုလည်း နိုင်နိုင်နင်းနင်း လုပ်နိုင်ကိုင်နိုင်ကြတာ တွေ့ရတယ်။ သူတို့နှင့်ကိုယ် ဘာကွာသလဲဆိုတာကို ခွဲခြမ်းစိတ်ဖြာကြည့်နိုင်ဖို့အတွက်က သူတို့အကြောင်းနှင့် ကိုယ့်အကြောင်းကို အရင်ဆုံးလေ့လာဖို့ လိုမှာပါ။ သူတို့အကြောင်းနှင့် ကိုယ့်အကြောင်းဆိုတဲ့ ဟိုဘက်ဒီဘက် နှစ်ဖက်မှာ ကိုယ့်အကြောင်းကိုသာ ပိုသိတာမို့ ကိုယ့်အကြောင်းကိုပဲ အရင်ပြောရမှာပါ။

ကိုယ့်အကြောင်း၊ ကိုယ့်အလုပ်တွေအကြောင်း စဉ်းစားကြည့်လိုက်တော့ အလုပ်တွေက လုပ်တော့လုပ်နေတယ်။ အဆက်မပြတ် တရစပ်ကို လုပ်နေကိုင်နေကြတယ်။ ဒါပေမယ့် စနစ်တကျမရှိသလို ခံစားရတယ်။ ဟိုဟာလည်းလုပ်ရပြန်ပြီ၊ ဒီဟာလည်း လုပ်ရပြန်ပြီဆိုတဲ့ကိန်းနဲ့ အလုပ်တွေများလွန်းလှတဲ့ကြားမှာ ဘယ်ဟာ တစ်ခုကိုများ စနစ်တကျလုပ်ခဲ့မိသလဲလို့ ပြန်စစ်ကြည့်လိုက်တော့ တော်တော်လေးကို အားမရစရာတွေ ပြန်တွေ့ရတယ်။

## သာမန်လုပ်ရိုးလုပ်စဉ်

တခြားအလုပ်တွေ မပြောနဲ့ဦး။ သာမန်လုပ်ရိုးလုပ်စဉ်ဖြစ်တဲ့ စားမှုသောက်မှု၊ နေမှုထိုင်မှု၊ ဝတ်စားဆင်ယင်မှုဆိုတဲ့ စားဝတ်နေရေးလေးကိုပဲ အရင်ပြောကြစို့။ စားတာပဲ၊ ဘာစနစ်ကျစရာ လိုလို့လဲလို့ ပြောလိမ့်ဦးမယ်။ မလိုဘူးထင်ခဲ့လို့လည်း သူ့အချိန်နဲ့သူ မစားဖြစ်ဘူး။ လုပ်စရာရှိတာကို လုပ်နေတယ်။ အလုပ်ထဲမှာ အာရုံရောက်သွားလို့ပဲဖြစ်ဖြစ်၊ တစ်ခုခုကို စိတ်ဝင်စားနေပြီးတော့ စားမယ့်သောက်မယ့်ဘက်ကို မလှည့်နိုင်လို့ပဲဖြစ်ဖြစ် စားချိန်က မှန်လေ့မရှိဘူး။ အချိန်မမှန်တာပဲလားဆိုတော့ မဟုတ်သေးပြန်ဘူး။ ကိုယ်ဘာတွေစားနေသလဲ။ ကိုယ်စားနေတဲ့ အစားအစာတွေထဲမှာ ဘယ်လိုအာဟာရဓာတ်တွေ ပါနေသလဲ။ ကိုယ့်မှာက ဘာရောဂါအခံရှိနေသလဲ။ ဘာတွေနဲ့တည့်သလဲ။ ဘာတွေနဲ့ဓာတ်မတည့်ဘူးလဲ။ ဘာတွေဆောင်ပြီး ဘာတွေရှောင်ရမလဲ စသည်အားဖြင့် လဲပေါင်းများစွာထဲက တစ်လဲကိုမှ မမေးဖြစ်ဘဲနဲ့ အဆင်သင့်ရာကို သင့်သလို ကြုံသလိုသာ စားဖြစ်နေတယ်။ အစားအသောက် အချိန်မမှန်၊ စနစ်တကျမဖြစ်တော့ ကျန်းမာရေးပိုင်းမှာလည်း အနည်းနှင့် အများတော့ ထိခိုက်မှုဖြစ်မှာပေါ့။

အစားတင်ပဲ စနစ်မကျတာလား၊ အချိန်မမှန်တာလားဆိုတော့ နေရေးထိုင်ရေးမှာလည်း ဒီလိုပဲ။ စောစောအိပ်ချင်တဲ့ခါ အိပ်လိုက်တယ်။ အလုပ်များတဲ့အခါ မိုးချုပ်သန်းခေါင်မကလို့ မိုးစင်စင်လင်းတဲ့အထိ မအိပ်ရသေးတာတွေ ဘာတွေဖြစ်လာတယ်။ နေ့ခင်းကြောင်တောင်ကြီးကျမှ ကြက်ကြီးလည်လိမ်ထားသလို ခေါင်းငိုက်ဆိုက်နဲ့ ဖြစ်နေရော။ အိပ်ချိန်စနစ်တကျမရှိလို့ အိပ်ရေးပျက်တဲ့အခါ ခေါင်းတွေက မကြည်မလင်ဖြစ်၊ ခေါင်းမကြည်တော့ စဉ်းစားရမယ့်အပိုင်းတွေကို သိပ်မစဉ်းစားနိုင်ဘူး။ ဝေဖန်သုံးသပ်ရမယ့်အပိုင်းတွေကို ကောင်းကောင်းမွန်မွန် မသုံးသပ်နိုင်ဘူး။ ဉာဏ်ကွန့်မြူးပြီး ဆောင်ရွက်ရမယ့်ကိစ္စတွေကို သိပ်မလုပ်နိုင်တော့ဘူး။ လူတစ်ယောက်ဟာ တစ်နေ့မှာ ဘယ်နှနာရီလောက် အိပ်စက်အနားယူဖို့လိုသလဲဆိုတာကို မစဉ်းစားဖြစ်ဘူး။ ဘယ်အချိန်တွေမှာ အိပ်ရာဝင်သင့်သလဲ၊ ဘယ်အချိန်တွေမှာ အိပ်ရာထသင့်သလဲဆိုတာတွေ၊ ဘယ်အချိန်မှာ လမ်းလျှောက်တာတို့၊ ပြေးတာတို့ဆိုတဲ့ ကာယလေ့ကျင့်ခန်းတွေ လုပ်သင့်တယ်၊ ဘယ်လောက် အတိုင်းအတာအထိ လုပ်သင့်တယ်ဆိုတာတွေကို စနစ်တကျ လေ့လာမထားဘူး။ လုပ်လည်းမလုပ်ဖြစ်ဘူး။ မလုပ်ဖြစ်တော့ လူက တဖြည်းဖြည်းနဲ့ ပုံပျက်ပန်းပျက်ဖြစ်လာ၊ ကျန်းမာရေးပိုင်းကလည်း ဟိုကထဖောက်၊ ဒီကထဖောက်နဲ့ ကားအိုကြီး ခဏခဏ ဝပ်ရှော့ထိုးရသလို ဆေးခန်းနှင့်ကိုယ်ကလည်း အိမ်ဦးနှင့်ကြမ်းပြင် ဖြစ်ဖြစ်လာတယ်။ ဒါလည်းပဲ ပြင်ပြီလားဆိုတော့ မပြင်သေးပါဘူး။ ပိုနေမြဲ ကျားနေမြဲပါပဲ။

## စနစ်ကျရဲ့လား

ဝတ်ဆင်ရေးပိုင်းမှာလည်း စနစ်ကျရဲ့လား။ ယူနီဖောင်းသတ်မှတ်ထားတဲ့အဖွဲ့အစည်းမှာ ကျင်လည်ရသူ ဆိုရင်တော့ ပုံမှန်တူညီဝတ်စုံပေါ့။ ဒါတောင်မှ ဒီယူနီဖောင်းကို ဝတ်တာချင်း အတူတူ စနစ်ကျတဲ့သူနဲ့ စနစ်မကျတဲ့ သူနဲ့ အပုံကြီး ကွာသွားတယ်။ သေသေချာချာလျှော်ဖွတ်ပြီးတော့ မီးပူတွေကော့နေအောင် ထိုးထားသလား၊ ပုံတော်သလို လျှော်ပြီး မသေမသပ်ဝတ်ဆင်လာသလား။ ကြည့်ရတာနဲ့တင် သိသာနေတယ်။ ယူနီဖောင်းမရှိတဲ့ နေရာမျိုး၊ ယူနီဖောင်းမလိုတဲ့ နေရာမျိုးမှာဆိုရင်တော့ ပိုပြီးတော့ သိသာသွားပြီ။ ဒီလမ်းကို ဒီပန်းနဲ့၊ ဒီခရီးကို ဒီထီးနဲ့၊ ဒီအရပ်ကို ဒီဖိနပ်နဲ့မှဆိုတာမျိုး သိပ်ပြီးမစဉ်းစားတော့ဘူး။ ဘယ်ပွဲကိုဝင်ရင် ဘယ်အဆင်နဲ့ သွားရမယ်ဆိုတာမျိုးက ခေါင်းထဲမှာ သိပ်မရှိတော့ဘူး။ တွေ့တဲ့ဟာလေး ကောက်ဝတ်ပြီး ထွက်လာဖြစ်တာပဲ များနေတော့တယ်။ သူ့နေရာနဲ့သူ ဝတ်တတ်ဆင်တတ်တဲ့သူကျတော့ ရှိုးများလှတယ်လို့ မဟုတ်ပေမယ့် ဘယ်နေရာမှာပဲဖြစ်ဖြစ် သပ်သပ်ရပ်ရပ် စမတ်ကျကျ ဖြစ်နေတာကို တွေ့ရတယ်။

ပုံမှန်မလုပ်မဖြစ် ကိစ္စလေးတွေမှာတောင် စနစ်မကျတော့ တကယ်သေသေချာချာ လုပ်ရကိုင်ရမယ့် လုပ်ငန်းခွင်မှာလည်း ဒီအကျင့်တွေက ပါလာတယ်။ ငယ်မူကိုမဖျောက်နိုင်ဘူးဖြစ်နေတယ်။ ပြီးစလွယ်လုပ်တတ်တဲ့ အကျင့်ကပါနေတယ်။ တစ်ခုခုဆိုတာနဲ့ ခပ်ပေ့ါပေ့ါပဲ သဘောထားပြီးတော့ ပြီးပြီးရောလုပ်ချင်နေတယ်။ ဝတ်ကျေတန်းကျေဆိုတဲ့သဘောမျိုးကို ရောက်ရောက်သွားတယ်။ မလုပ်တာတော့မဟုတ်ဘူး။ လုပ်နေတယ်။ လုပ်တော့လုပ်နေတယ်။ ဒါပေမယ့် သေသေချာချာ အားမထုတ်ဘူး။ သေသေချာချာ ကြိုတင်ပြင်ဆင်မှုမရှိဘူး။ သေသေချာချာ အာရုံစူးစိုက်မှု မရှိဘူး။ သေသေချာချာ စဉ်းစားတွေးခေါ်မှုမပါဘူး။ ဒီအတိုင်းပဲ ဖြစ်သလိုလုပ်လိုက်တယ်။ ဒီတော့ ရလာတဲ့ ရလဒ်တွေကလည်း သူ့အိုးနှင့်သူ့ဆန် တန်ရုံပေ့ါလေ။

တကယ်တော့ ကိုယ့်ဘဝမှာ သေသေချာချာလုပ်လို့ကိုင်လို့ရရဲ့နဲ့၊ စနစ်တကျလုပ်မယ်ဆိုရင် ဖြစ်နိုင်ရဲ့နဲ့ မလုပ်ဖြစ်လိုက်တာတွေက တော်တော်များခဲ့တာကို တွေ့ရတယ်။ ဒီအတွက်ကျတော့လည်း ယူကျုံးမရဖြစ်နေဖို့က အချိန်မရှိတော့ပြန်ဘူးလေ။ ဒီကရှေ့လျှောက်ပြီးတော့ ဘယ်လိုဖြတ်သန်းမလဲဆိုတာကိုပဲ တွေးကြရုံရှိတော့တာပေ့ါ။

> **“တချို့လူတွေကတော့ ဘယ်အရာပဲဖြစ်ဖြစ် သတ်သတ်မှတ်မှတ်ရှိကြတယ်။ သတ်မှတ်ထားတဲ့အတိုင်းလည်း မရရအောင် ကြိုးစားဆောင်ရွက်လေ့ရှိကြတယ်။ အလုပ်တစ်ခု မစတင်ခင်မှာ ကြိုတင်မျှော်တွေးတာတွေ၊ ရင်ဆိုင်ရမယ့် အခက်အခဲတွေကို ကြိုတင်သုံးသပ်တာတွေ လုပ်လေ့ရှိသလိုပဲ ကြားကာလမှာလည်း အချိန်နဲ့အမျှ ဝေဖန်သုံးသပ်မှုတွေကို မပြတ်ပြုလုပ်ပြီးတော့ အောင်မြင်မှုဆီကို ကိုယ့်ကိုယ်ကိုယ် ဆွဲဆွဲပြီး တင်သွားတတ်ကြတယ်”**

ကိုယ့်အကြောင်းကိုယ် ပြန်တွေးကြည့်လိုက်တော့ စနစ်ကျနမှုပိုင်းမှာ တော်တော်လေး အားနည်းနေတာကို တွေ့ရတယ်။ ထူးချွန်ထက်မြက်သူတွေကျတော့ ကိုယ်နဲ့ပြောင်းပြန်ပေ့ါ။ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘာအလုပ်ကိုပဲလုပ်လုပ် စနစ်တကျသာ လုပ်လေ့ရှိကြတာကို တွေ့ရတယ်။

နောက်ထပ်တစ်ခုက အချိန်ကိုစီမံခန့်ခွဲတယ်လို့ပဲ ပြောရမလား။ ကိုယ့်ရဲ့နေ့စဉ်ဘဝမှာပဲဖြစ်ဖြစ်၊ ဘဝတစ်လျှောက်လုံးမှာပဲဖြစ်ဖြစ် ဘယ်အချိန်မှာဘာလုပ်မယ်၊ ဘယ်အချိန်မှာ ဘယ်အဆင့်ကို ရောက်နေရမယ်၊ ဘယ်အချိန်မှာ ဘာဖြစ်နေရမယ်ဆိုတဲ့ သတ်မှတ်ထားမှု မရှိခဲ့ဘူး။

## နေ့စဉ်ဘဝလေး

နေ့စဉ်ဘဝလေးကိုပဲကြည့်ဦး။ အိပ်ချိန်၊ စားချိန် သတ်သတ်မှတ်မှတ်မရှိဘူး။ အိပ်ချင်တဲ့အချိန် အိပ်လိုက်တယ်၊ နိုးတဲ့အချိန် ထလိုက်တယ်။ တစ်ခါတစ်ခါကျတော့လည်း အိပ်ချင်တဲ့ အချိန်တောင် အိပ်ခွင့်မသာဘဲဖြစ်သွားလို့ နောက်ကျသထက် နောက်ကျတဲ့အချိန်မှ အိပ်ရာဝင်၊ မိုးစင်စင်လင်းတာတောင် မနိုးလို့ အလုပ်တွေနောက်ကျ၊ သာရေးနာရေးသွားဖို့တွေ နောက်ကျရတာမျိုးလည်းရှိတယ်။ သတ်မှတ်ထားချင်ဦးတော့ သတ်မှတ်လို့ မရနိုင်တဲ့ အခြေအနေလေးတွေလည်း ရှိလာတတ်တယ်။ ဒါပေမယ့် သတ်မှတ်ခွင့်သာတာမသာတာက သပ်သပ်၊ သတ်မှတ်မထားတာက သပ်သပ်ပါ။

တချို့ကလည်း ရည်ရွယ်ချက်တွေ ကြီးလွန်းတယ်လို့ဆိုရမယ်။ ဘယ်အချိန်မှာ ဘာလုပ်မယ်၊ ဘယ်အရွယ်မှာ ဘာကြီးဖြစ်နေရမယ်ဆိုပြီး တိတိကျကျ သတ်မှတ်ထားတယ်။ ဒီလိုသတ်မှတ်ထားပြီးတော့ ကြိုးစားတယ်။ အောင်မြင်တာလည်းရှိတယ်၊ မအောင်မြင်တာလည်းရှိတယ်။ အောင်မြင်တဲ့အခါ ပျော်ရွှင်တာက သဘာဝကျသလို မအောင်မြင်တဲ့အခါ စိတ်ဓာတ်ကျတာကလည်း သဘာဝကျနေပြန်တယ်။ ဒါပေမယ့် လိုတာထက်ပိုပြီး သဘာဝလွန်သွားတဲ့အခါကျတော့ အောင်မြင်တဲ့အခါမှာလည်း အကြီးအကျယ်ဘဝမေ့ အောက်ခြေလွတ်သွားတာမျိုး၊ မအောင်မြင်တဲ့အခါ စိတ်ဓာတ်တွေ အလွန်အမင်း ကျဆင်းပြီး ဒီလောကကြီးထဲက ရှောင်ထွက်သွားဖို့၊ ကိုယ့်အသက် ကိုယ်တောင် ရန်ရှာဖို့ကြိုးစားတာမျိုးတွေ ဖြစ်ကုန်ကြတယ်။ ဘာပဲဖြစ်ဖြစ် ဘယ်အချိန်မှာ ဘာလုပ်မယ်ဆိုပြီး သတ်မှတ်ထားတာက ကြည့်ကြပ်လုပ်ဆိုပြီး ကစဉ့်ကလျား လျှောက်လုပ်နေတာထက်စာရင်တော့ ပိုကောင်းသေးတယ်လို့ ပြောရမှာပါ။

ကိုယ့်လိုလူတွေကတော့ ဘာမှကို သိပ်ပြီး သတ်သတ်မှတ်မှတ်မရှိလှဘူး။ အလုပ်တွေကြိုးစားမယ်။ ကြိုးစားမယ်လို့ပဲ အားခဲထားတယ်။ ဘယ်လောက်အထိကြိုးစားမယ်၊ ဘယ်အတိုင်းအတာအထိရောက်အောင် ကြိုးစားမယ်၊ ဘယ်ပုံဘယ်နည်းတွေနဲ့ကြိုးစားမယ်၊ ဘယ်လိုအခက်အခဲ ပြဿနာမျိုးတွေကြုံလာရင် ဘယ်လိုနည်းလမ်းတွေနဲ့ ဖြေရှင်းသွားမယ်ဆိုတာမျိုးတွေကို သိပ်ပြီးတော့ သတ်မှတ်ထားလေ့မရှိကြဘူး။ အဆင်ပြေသလိုလေး ကြည့်လုပ်လိုက်မယ်လို့သာ ရည်မှန်းထားလိုက်တယ်။ ခက်တာက အဆင်ပြေသလို ကြည့်လုပ်လိုက်မယ်ဆိုကာမှ အဆင်မပြေတာတွေကများများလာတတ်တာပဲ။ ဘဝမှာ ကြည့်ကြပ်လုပ်လို့မရတဲ့ဟာတွေက တော်တော်ကို များနေလိမ့်မယ်ထင်တယ်။

## သုံးသပ်ဖို့မလွယ်

အရာရာမှာ အချိန်သတ်မှတ်ချက်၊ နေရာသတ်မှတ်ချက်၊ လုပ်နည်းလုပ်ဟန်သတ်မှတ်ချက်တွေ ချမှတ်မထားတော့ လုပ်တဲ့ကိုင်တဲ့ကိစ္စတွေက ရည်မှန်းသလောက်ပေါက်မြောက်အောင်မြင်မလာတော့ဘူး။ မဟုတ်သေး ပါဘူးလေ။ ရည်မှန်းချက်ကိုယ်တိုင်ကိုယ်က ဘယ်ရွှေ့ဘယ်မျှဆိုတဲ့ သတ်မှတ်ချက် မရှိခဲ့တော့ ဘယ်လောက်အတိုင်းအတာအထိ အောင်မြင်ပြီဆိုရင် မူလရည်မှန်းချက်အောင်မြင်တယ်၊ ဘယ်အထိဆိုရင်တော့ မအောင်မြင်ဘူး စသည်အားဖြင့် ချိန်ညှိဖို့က ခက်နေပြန်ရော။ ရှေ့ကိုတော့သွားနေတယ်။ သူ့အတိုင်းအတာနဲ့သူ၊ သူ့နှုန်းနဲ့သူတော့ သွားနေတာပဲ။ ဒါပေမယ့် နဂိုမူလ ကိုယ်မျှော်လင့်ခဲ့တာက ဘယ်လောက်၊ အခု ကိုယ်ရနေတာက ဘယ်လောက်ဆိုပြီး ချိန်ညှိလို့မရတော့ ကိုယ့်ရဲ့လက်ရှိအခြေအနေက အောင်မြင်မှုများနေသလား၊ နည်းနေသလား၊ အကျိုးဘက်ကို ဦးတည်နေသလားဆိုတာကို ကောင်းကောင်းသုံးသပ်ဖို့ မလွယ်ပြန်ဘူး။

တချို့လူတွေကတော့ ဘယ်အရာပဲဖြစ်ဖြစ် သတ်သတ်မှတ်မှတ်ရှိကြတယ်။ သတ်မှတ်ထားတဲ့အတိုင်းလည်း မရရအောင် ကြိုးစားဆောင်ရွက်လေ့ရှိကြတယ်။ အလုပ်တစ်ခု မစတင်ခင်မှာ ကြိုတင်မျှော်တွေးတာတွေ၊ ရင်ဆိုင်ရမယ့် အခက်အခဲတွေကို ကြိုတင်သုံးသပ်တာတွေ လုပ်လေ့ရှိသလိုပဲ ကြားကာလမှာလည်း အချိန်နဲ့အမျှ ဝေဖန်သုံးသပ်မှုတွေကို မပြတ်ပြုလုပ်ပြီးတော့ အောင်မြင်မှုဆီကို ကိုယ့်ကိုယ်ကိုယ် ဆွဲဆွဲပြီး တင်သွားတတ်ကြတယ်။ အောင်မြင်ရင်လည်း ဘာကြောင့် အောင်မြင်တယ်၊ မအောင်မြင်ရင်လည်း ဘာကြောင့် မအောင်မမြင်ဖြစ်ရတယ်ဆိုတာတွေကို စနစ်တကျ ပိုင်းခြားဝေဖန်ပြီးတော့ ကိုယ့်လမ်းစဉ်ကို ကိုယ့်ဘာသာ ပြန်ပြန် ပြင်ယူသွားကြတယ်။ ဒီတော့ သူ့အတွက်ကတော့ ဘယ်အချိန်မှာပဲဖြစ်ဖြစ် အကျိုးဘက်ထက် အတက်ဘက်ကိုပဲ ဦးတည်နေနိုင်တော့တာပေ့ါ။

သူတို့တွေ အလုပ်လုပ်နေတာကို ကြည့်ရတာက အလုပ်လုပ်နေတယ်လို့တောင် မထင်ရဘူး။ ဆိုလိုတာက ကိုယ်လုပ်နေရတဲ့ ကိစ္စတစ်ခုကို တာဝန်ကြီးတစ်ရပ်ဆိုပြီးတော့ လေးလေးပင်ပင် ထမ်းပိုးနေရသလိုတောင် မထင်ရဘူး။ ကိုယ်ဝါသနာပါတာလေးတစ်ခု၊ ကိုယ်လုပ်ချင်တာလေးတစ်ခုကို ကိုယ့်ဘာသာ၊ ကိုယ့်စိတ်တိုင်းကျ လုပ်နေရသလိုမျိုး ပေ့ါပါးသွက်လက်စွာ၊ စိတ်ပါဝင်စားစွာနဲ့ လုပ်ကိုင်နိုင်ကြတာကိုတွေ့ရတယ်။ အလုပ်နည်းလည်း ကျော့ကျော့မော့မော့၊ အလုပ်များလည်း ကျော့ကျော့မော့မော့ လုပ်နိုင်ကြတယ်။ များပြားလှတဲ့ လုပ်ငန်းတာဝန်တွေကိုလည်း သူ့နေရာနဲ့သူ၊ သူ့အပိုင်းနဲ့သူခွဲပြီးတော့ စနစ်တကျ ကိုင်တွယ်ဖြေရှင်းနိုင်ကြတာကို တွေ့ရတယ်။

ကိုယ်ကျတော့ ဒီလိုမဟုတ်ဘူး။ သူတို့နဲ့ပြောင်းပြန်ဖြစ်နေတယ်။ အရာရာကို စနစ်တကျမလုပ်ဘဲ ဘယ်ဟာကို ဘယ်လိုလုပ်မယ်ဆိုတာ၊ ဘယ်အချိန်လုပ်မယ်ဆိုတာ သတ်သတ်မှတ်မှတ်မရှိဘဲ ဘဝကိုနေထိုင် ဖြတ်သန်းလာတော့ သူတို့နဲ့ ကိုယ့်ရဲ့ဘဝအခြေအနေတွေက ကြာလေလေ ကွာသထက်ကွာလာလေလေ ဖြစ်နေတော့တယ်။ သူတို့က အထက်ကိုအမြဲတက်နေနိုင်ကြတယ်၊ အမြင့်ကို အမြဲလှမ်းနေနိုင်ကြတယ်။

*စာမျက်နှာ ၇ သို့*

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး (နိုင်ငံတော် ဒုတိယဝန်ကြီး အဆင့်) Mr. Zhao Jin ဦးဆောင်သော အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပြီး နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်အတွက် မီဒီယာကဏ္ဍမှ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Zhao Jin ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

International Business Promotion Centre (IBPC) နှင့် မြန်မာနိုင်ငံရှိ အာဆီယံနိုင်ငံ သံရုံးများ ပူးပေါင်းကျင်းပသည့် ASEAN Business Collaboration Event ကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ Pan Pacific Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




IBPC ဥက္ကဋ္ဌ ဦးအိုက်ထွန်းက "မြန်မာနိုင်ငံ လုပ်ငန်းရှင်တွေကို နိုင်ငံတကာ ဝင်ဆံ့အောင် အဖွဲ့အစည်းတစ်ခုဖွဲ့ပြီး လုပ်ဆောင်မယ်ဆိုပြီး ဒီနေ့ထိ နိုင်ငံပေါင်း ၈၀ သွားခဲ့ပြီး မြန်မာနိုင်ငံကို မိတ်ဆက်တယ်။ မြန်မာနိုင်ငံရဲ့ လုပ်ငန်းကိုလည်း နိုင်ငံခြားလုပ်ငန်းရှင်တွေ၊ အောင်မြင်တဲ့ လုပ်ငန်းရှင်တွေ၊ စိတ်ပါဝင်စားသူတွေကို ဖိတ်ခေါ်ပြီး နှစ်စဉ်နှစ်တိုင်း တွေ့ဆုံဆွေးနွေးတယ်။ တော်တော်များများ လုပ်ငန်းတွေစလုပ်နေပါပြီ။ အာဆီယံ-မြန်မာ စီးပွားရေးလုပ်ငန်းတွေ ဒီထက်မက တိုးတက်အောင် ဆောင်ရွက်နိုင်ဖို့ ဒီပွဲကို ကျင်းပခြင်းဖြစ်တယ်" ဟု ပြောသည်။

IBPC ကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင် စုစုပေါင်း ၉၃ ဦး ရှိနေပြီဖြစ်သည်။ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပိုမိုဖွံ့ဖြိုးကောင်းမွန်ပြီး နိုင်ငံတကာအဆင့်မီ လုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီချိတ်ဆက်ပေးခြင်း၊ ပိုမိုကောင်းမွန်သော စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက "ဒီနေ့ပွဲက IBPC နဲ့ အာဆီယံသံရုံးတွေ ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ပူးပေါင်းစီစဉ်ကျင်းပတဲ့ ပွဲဖြစ်ပါတယ်။ အထူးသဖြင့် အာဆီယံနိုင်ငံတွေက ရင်းနှီးမြှုပ်နှံသူတွေ လုပ်နိုင်မယ့် အခွင့်အလမ်းတွေ ပေါ်လာဖို့ စီစဉ်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်ကလည်း ဆွေးနွေးမယ့်သူတွေက စီးပွားရေးနယ်ပယ်အသီးသီးမှာ တကယ်လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ ဖြစ်တယ်။ အာဆီယံနိုင်ငံတွေက တက်ရောက်လာတဲ့သူတွေကလည်း မြန်မာနိုင်ငံကို စိတ်ဝင်စားလို့ လာကြတဲ့သူတွေဖြစ်တယ်။ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အာဆီယံနိုင်ငံတွေမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ ချိတ်ဆက်မိသွားရင် မြန်မာနိုင်ငံထဲကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုမိုဝင်လာဖို့ အထောက်အကူဖြစ်လိမ့်မယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

ASEAN Business Collaboration Event ကို အာဆီယံနိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ကျင်းပခြင်းဖြစ်သည်။

အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံမှ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သတင်းအချက်အလက် နည်းပညာ၊ ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ ဟိုတယ်၊ စိုက်ပျိုးရေး၊ လက်လီရောင်းချခြင်း၊ ဆေးပညာနှင့် ဆေးဝါး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရီရီမြင့်**

*စာမျက်နှာ ၆ မှ*

ဘယ်ဘက်ကကြည့်ကြည့် အကောင်းဘက်မှန်ရင် သူတို့ဂရုပ်မျဉ်းက အတက်ဘက်ကိုချည်း ဦးတည်နေတယ်။ ကိုယ်ကျတော့ ပြောင်းပြန်ဖြစ်နေတယ်လေ။ ခတ်ကွင်းပြင်တာနဲ့ ရွာသစ်ကြီးရောက်ရတဲ့အဖြစ်မျိုးတွေက များများလာတယ်။ ဒီတော့ဘာလုပ်ရမလဲ။ ဘာပြင်ရမလဲ။ သူတို့လည်းလူ ကိုယ်လည်းလူ။ လူလူချင်း ဒီလောက်တောင် ကွာခြားနေပုံထောက်တော့ ဒီကရှေ့လျှောက် ကိုယ်လည်း သူတို့လို အောင်မြင်နိုင်အောင်၊ အမြဲတမ်းပြုံးနေနိုင်အောင်၊ ပြုံးတာမှ ဟန်ဆောင်ပန်ဆောင် မချိသွားဖြဲမဟုတ်ဘဲ ရင်ထဲအသည်းထဲကပါတဲ့ အပြုံးနဲ့ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ပြုံးနိုင်ရွှင်နိုင်အောင် ဘာတွေပြင်ဖို့လိုသလဲ၊ ကိုယ့်ဆီကနေ ဘာတွေ ဖယ်ထုတ်ဖို့လိုသလဲ၊ သူတို့ဆီကနေ ဘာတွေ အတုယူဖို့လိုသလဲဆိုတာတွေကို အများကြီးလေ့လာသင်ယူဖို့လိုဦးမှာပါ။

ထူးချွန်ထက်မြက်တဲ့သူတွေဆီမှာ ကိုယ်အတုယူရမယ့် အချက်တွေ အများကြီးရှိမှာပါ။ တကယ့်ကို အများကြီးရှိနေမှာပါ။

ဒီကြားထဲကမှ တစ်ချက်နှစ်ချက်လောက် ကိုယ့်အတွက် စမ်းသုံးကြည့်ချင်တယ်၊ ကိုယ့်ဘဝကိုလည်း သူတို့လိုဖြစ်အောင် ကြိုးစားတည်ဆောက်ချင်တယ်ဆိုရင်တော့ သူတို့ရဲ့ ကောင်းကွက်တွေထဲက အနည်းငယ်သော ကောင်းကွက်ဖြစ်တဲ့ ဒီအချက်လေးနှစ်ချက်ကိုပဲ ပထမခြေလှမ်းအနေနဲ့ အတုယူလိုက်နာဖို့ လိုမှာပါ။

ကျန်တဲ့အချက်တွေ အသာထားဦး။ ဘာပဲလုပ်လုပ် စနစ်တကျလေးလုပ်မယ်၊ ဘယ်အချိန်ဘာလုပ်မယ်၊ ဘယ်လိုလုပ်မယ်၊ ဘယ်အတိုင်းအတာအထိ ကောင်းအောင်လုပ်မယ်ဆိုတာလေးတွေကိုလည်း သတ်သတ်မှတ်မှတ် လုပ်ထားပြီးတော့ ဒီအချက်လေး နှစ်ချက်လောက်ကို စပြီးတော့ အတုယူလိုက်နာမယ်ဆိုရင်ကိုပဲ အရင်ကနဲ့မတူတဲ့ ရလဒ်တွေရလာပြီး အရင်ကထက်သာတဲ့ အခြေအနေတွေဆီကို တဖြည်းဖြည်းတက်လှမ်းလာနိုင်မှာပါလို့ ယုံကြည်နေမိပါတော့တယ်။ ။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မြန်မာ့အလင်း**

# တရုတ်နိုင်ငံတွင် လူကြိုက်များသည့် You Are My Eyes ဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြသမည်

**တပ်ကုန်း ဇန်နဝါရီ ၁၇**

တရုတ်နိုင်ငံတွင် ၂၀၁၈ ခုနှစ်အတွင်းက ထုတ်လွှင့်ပြသခဲ့သော "You Are My Eyes" အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသွားမည်ဖြစ်ကြောင်း ယနေ့ ညနေပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပသည့် အဆိုပါဇာတ်လမ်းတွဲ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားမှ သိရသည်။



အဆိုပါ တရုတ် ရုပ်သံဇာတ်လမ်းတွဲ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး Mr.Zhao Jin က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက မြန်မာ့အသံနှင့် ရုပ်မြင် သံကြားအနေဖြင့် နှစ်နိုင်ငံရှိ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်ကို ပိုမိုလုပ်ဆောင်နိုင်ရန် ယူနန်မီဒီယာအုပ်စုနှင့် ပူးပေါင်းပြီး ရုပ်သံထုတ်လွှင့်မှုကဏ္ဍများကို ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ You Are My Eyes ဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြသနိုင်အောင် ဘာသာပြန်ဆိုပြီး မြန်မာအသံထပ်ရန် ကူညီထောက်ပံ့ပေးသည့် The State Council Information Office၊ ပြပွဲကျင်းပနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသည့် ယူနန်မီဒီယာအုပ်စုနှင့် တာဝန်ရှိအဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး "You Are My Eyes"အမည်ရှိ တရုတ်ရုပ်သံဇာတ်လမ်းတွဲ နမူနာကို ပြသသည်။

ထို့နောက် Mr.Zhao Jin ၊ ယူနန်မီဒီယာအုပ်စုမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟဲရနင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်တို့က တရုတ် ရုပ်သံဇာတ်လမ်းတွဲ လွှဲပြောင်းပေးအပ်ခြင်း အခမ်းနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းနှင့် နှစ်နိုင်ငံ Culture Week အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံ ယူနန်မီဒီယာအုပ်စုက အဆိုပါ တရုတ် ရုပ်သံဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လွှဲပြောင်းပေးခြင်း ဖြစ်ပြီး ယူနန်မီဒီယာအုပ်စုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အကြား ရုပ်သံအစီအစဉ် လွှဲပြောင်းမှုမှာ ပထမဆုံးအကြိမ် ဖြစ်ကြောင်း သိရသည်။

"You Are My Eyes" အမည်ရှိ တရုတ် ရုပ်သံဇာတ်လမ်းတွဲသည် တရုတ်နိုင်ငံတွင် နာမည်ကြီးလူကြိုက်များသော ဇာတ်လမ်းတွဲတစ်ခုဖြစ်ကာ အပိုင်း ၃၂ ပိုင်းရှိပြီး မြို့ပြစိတ်ခံစားမှုများကို ဦးစားပေးသော ဇာတ်လမ်းတွဲတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် Mr.Zhao Jin နှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချမ်းမြေ့သာယာသောဘဝတွင် နေထိုင်ခြင်း (Happy Life) အမည်ဖြင့် ခင်းကျင်းပြသထားသည့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်သံထုတ်လွှင့်မှု အခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် ဓာတ်ပုံပြပွဲကို ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် ဒေသများရှိ ဒေသခံများ၏ ပြင်းပြသည့်ဆန္ဒ၊ ထက်သန်သည့် ကြိုးပမ်းအားထုတ်မှုများနှင့်အတူ ၎င်းတို့၏ ပျော်ရွှင်ဖွယ်ရာဘဝကို မည်သို့ ဖော်ဆောင်ခဲ့သလဲဆိုသည့် ရည်ရွယ်ချက်ဖြင့် ပြသခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဓာတ်ပုံပြပွဲကို ကုလသမဂ္ဂဌာနချုပ်တွင်လည်း အောင်မြင်စွာကျင်းပပြသခဲ့ကြောင်း သိရသည်။

ဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားသည့် ဓာတ်ပုံများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက ရိုက်ကူးထားသည့် ဓာတ်ပုံများဖြစ်ပြီး ဓာတ်ပုံများမှ အကြောင်းအရာများသည် ယူနန်ပြည်နယ်တွင် နေထိုင်ကြသူများ၏ လူနေမှုဘဝများ၊ အထူးသဖြင့် ဖွံ့ဖြိုးမှုနည်းပါးသောဒေသများမှ ပြည်သူများအား လူနေမှုအဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်ပေးပုံများကို မြန်မာ-တရုတ် နှစ်ဘာသာပြန်ဆိုကာ ပြခန်းဘုတ်ပေါင်း ၂၅ ခုဖြင့် ပုံဖော်ပြထားခြင်းဖြစ်သည်။ **တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**

# ရန်ကုန်မြို့ မင်းဓမ္မလမ်း၌ ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

**ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲတော်ဟု လူသိများသည့် The Big Bad Wolf Book -2019 စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park ၌ ကျင်းပသည်။**



အခမ်းအနားတွင် ဈေးရောင်းပွဲတော် စီစဉ်ဆောင်ရွက်သူ Read 2 Read Myanmar အဖွဲ့၏ ဒါရိုက်တာ ဦးမျိုးအောင်၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်းနှင့် နာယက ဒေါက်တာ သာထွန်းဦးတို့က အမှာစကားပြောကြားကြပြီး The Big Bad Wolf Book Sale တည်ထောင်သူ Mr. Andrew Yapနှင့်အတူ ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

လူတန်းစားမရွေး၊ အသက်အရွယ်မရွေး၊ ဈေးနှုန်းချိုသာသည့် စာအုပ်များကို မိမိတို့ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခြင်း၏ အကျိုးကျေးဇူးခံစားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့်The Big Bad Wolf Book - 2019 စာအုပ်ဈေးရောင်းပွဲတော်ကို ဝင်ကြေးအခမဲ့ဖြင့် ဇန်နဝါရီ ၁၈ ရက်မှ ၂၈ ရက်အထိ ၁၁ ရက်တိုင် ၂၄ နာရီ ပတ်လုံးဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။

The Big Bad Wolf Book -2019 စာအုပ်ဈေးရောင်းပွဲတော်တွင် ဂန္ထဝင်ဝတ္ထုများ၊ သိပ္ပံ၊ စိတ်ကူးယဉ်ဝတ္ထုများ၊ အချစ်ဝတ္ထု၊ သုတ၊ ရသစာပေများ၊ ဟာသရုပ်ပြစာအုပ်များ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ချက်ပြုတ်ခြင်းဆိုင်ရာစာအုပ်များ၊ ကလေးသူငယ်များ စိတ်ဝင်စားဖွယ် ဆေးရောင်ခြယ်စာအုပ်များ၊ သင်ထောက်ကူပြုစာအုပ်များ၊ ရုပ်ပြစာအုပ်များစသည့် သုတ၊ ရသကဏ္ဍစုံမှ စာအုပ်အမျိုးအစားပေါင်း နှစ်သောင်းကျော်ပါဝင်ပြီး အသစ်စက်စက် အင်္ဂလိပ်ဘာသာစာအုပ်ပေါင်း တစ်သန်းကျော်ကို ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်သည် ။



စာအုပ်ဈေးရောင်းပွဲတော်၌ စာအုပ်များခင်းကျင်းရောင်းချနေမှုကို တွေ့ရစဉ်။

စာအုပ်ဈေးရောင်းပွဲတော်တွင်Augmented Reality (AR) နည်းပညာဖြင့် ဖန်တီးထားသည့် စာအုပ်များကို မြန်မာစာဖတ်ပရိသတ်များအနေဖြင့် လေ့လာကြည့်ရှု ဝယ်ယူဖတ်ရှုနိုင်မည်ဖြစ်သည်။

ယင်း စာအုပ်ဈေးရောင်းပွဲတွင် CB Bank Card ကိုင်ဆောင်သူများသည် စာအုပ်များကို ငွေကျပ်တစ်သောင်းဖိုးနှင့် အထက်ဝယ်ယူပါက ငါးရာခိုင်နှုန်း (၅ %) ပြန်အမ်းငွေရရှိမည် ဖြစ်သည်။

ထို့ပြင် The Big Bad Wolf Books သည် Save the library အဖွဲ့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက် ၁၀၀ သို့ စာအုပ်များ လှူဒါန်းသွားမည်ဖြစ်ရာ စာအုပ်ဈေးရောင်းပွဲရှိ Red Readerhood Programme booth တွင် ကိုယ်တိုင်ကိုယ်ကျပေးအပ်လှူဒါန်းခြင်းဖြင့် The Big Bad Wolf Books၏ လှူဒါန်းမှုတွင် ပါဝင်နိုင်ကြောင်း သိရသည်။

The Big Bad Wolf Books Sale ကို ကမ္ဘာတစ်ဝန်းရှိ လူအများအတွက် စာအုပ်စာပေများကို ဈေးနှုန်းချိုသာစွာဖြင့် လက်ဝယ်ရရှိရန် ဖန်တီးပေးမည့် ရည်မှန်းချက်ဖြင့် ၂၀၀၉ ခုနှစ်၌ မလေးရှားနိုင်ငံတွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

The Big Bad Wolf Books Sale သည် မလေးရှားနိုင်ငံနှင့် အာရှတစ်ခွင်၌ ထင်ရှားသည့် စာအုပ်ဈေးရောင်းပွဲတော်တစ်ခု ဖြစ်သည်။ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ သီရိလင်္ကာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံများနှင့် တရုတ်(တိုင်ပေ) တို့၌လည်း နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုအခါ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✪ *ကျောဖုံးမှ*

တွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဥပဒေမဲ့ ဝင်ရောက်ဖမ်းဆီးခဲ့သည့် တရုတ်ဆွဲ ကမ်းဝေးငါးဖမ်းလှေ(ဝါလတ်)လှေကြီး ၁၀ စင်းသည် အထောက်အထားများဖြင့် အမြန်ဆုံးစိစစ်အရေးယူနိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဆောင်သောအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

" တင်ပြထားတဲ့ နေရာတွေက ဥပဒေမဲ့ဝင်ရောက် ဖမ်းဆီးခဲ့တဲ့ ကမ်းဝေးလှေတွေဟာ ကမ်းနီးရေပိုင်နက်ထဲ ရောက်နေတယ်ဆိုတာ သေချာပါတယ်။ ဘယ်အကြောင်းပြချက်နဲ့မှ နာမည်တွေ နံပါတ်တွေ မဖုံးအုပ်ဖို့ညွှန်ကြားထားတာဖြစ်တဲ့အတွက် ဒါလည်းပဲ တရားမဝင်ဘူးဆိုတာ ပေါ်ပေါက်တယ်။ ဖော်ထုတ်ဖို့ဆောင်ရွက်နေတာက ဘယ်လှေတွေလဲ၊ ပိုင်ရှင်က ဘယ်သူလဲ၊ လိုင်စင်နံပါတ်က ဘယ်လောက်လဲဖော်ထုတ်မှာပါ။အကြမ်းဖျင်းတော့ရနေပါပြီ။ ပြန်တိုက်ဆိုင်စစ်ဆေးပြီး တစ်စင်းချင်းစစ်ဆေးမယ်" ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ရွှေက ပြောသည်။

ကမ်းဝေးငါးဖမ်းစက်လှေများတွင် (Vessel Monitoring System - VMS ) ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ တပ်ဆင်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ VMS ကိရိယာတပ်ဆင်ခြင်း စီမံကိန်းလုပ်ငန်းကို ၂၀၁၉- ၂၀၂၀ ခုနှစ် ငါးဖမ်းရာသီတွင် တပ်ဆင်နိုင်ရန်နှင့် ပင်လယ်ပြင်သို့ ထွက်ခွာမည့် တရုတ်ဆွဲကမ်းဝေးငါးဖမ်းလှေများကို OSS မြိတ်စစ်ဆေးရေးစခန်းတွင် ငါးဖမ်းလှေပုံနှင်းများ၊ သက်ဆိုင်ရာကုမ္ပဏီ/ အေးဂျင့်များကို တာဝန်ရှိသူများက မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းသတ်မှတ်ချက်များအား ချပြရှင်းလင်း၍ ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်စဉ် ရေယာဉ်၏ အမည်နှင့်နံပါတ်ပြားများကို ဖုံးအုပ်၍ ကမ်းနီးရေပြင်သို့ ဝင်ရောက်ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ပဲ့နင်းများအား ဒီဇင်ဘာလမှ စတင်ကာ ခံဝန်ကတိပြုချက်များ ရယူဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ကမ်းနီးကမ်းဝေး သတ်မှတ်ချက်မှာ ကျွန်းတွေရဲ့ အဝေးဆုံးကျွန်းမှ ပင်လယ်ပြင်ဘက်ကို ကမ်းဝေးသတ်မှတ်စချင်တယ်။ လက်ရှိ ဥပဒေမှာကျတော့ ကျွန်းတွေကို ပတ်ဝိုင်းပြီး တချို့ကျွန်းတွေက ကမ်းဝေးထဲရောက်နေတယ်။ ပြည်သူတွေ အထင်အမြင်မှားစေတဲ့ ကမ်းနီးကမ်းဝေးပြဿနာဖြစ်ပေါ်စေနိုင်ပါတယ်။ ဖမ်းဆီးရမိတဲ့ စည်းကမ်းပျက်လှေတွေမှာ လှေသားတွေ အဖမ်းခံရတာ အကျိုးမရှိဘူး။ အပြစ်ရှိတဲ့ ပဲ့နင်းတွေကို ပြစ်ဒဏ်များများနဲ့ လှေပိုင်ရှင်တွေ ဒဏ်ကြေးဆောင်တာကို ခေတ်နဲ့လျော်ညီစွာ မြှင့်တင်သင့်ပါတယ်။ ဥပဒေထဲမှာ ငါးဖမ်းလှေတွေကို VMS ခြေရာခံစနစ် ထည့်ထားမယ်ဆိုရင် ဒီပြဿနာရဲ့ ၇၀ ရာခိုင်နှုန်း ဖြေရှင်းပြီးသားဖြစ်သွားမှာပါ" ဟု ဦးတင်ကိုကိုဦး (ငါတို့အနာဂတ်ရှေ့ဆောင်) က ပြောသည်။

မြိတ်ခရိုင်တွင် ငါးဖမ်းလိုင်စင်ဖြင့် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်း ဆောင်ရွက်နေသည့် ငါးဖမ်းလှေများတွင် ကမ်းနီးငါးဖမ်းစက်လှေ ၂၅၀၀ ခန့်နှင့် ကမ်းဝေးငါးဖမ်းစက်လှေ ၈၀၀ ခန့်ရှိကာ ရေလုပ်သား ၁၆၀၀၀ ကျော်ရှိပြီး တနင်္သာရီ ကမ်းရိုးတန်းရေပြင်သည် ရေထွက်ပစ္စည်းလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေ အဓိကရှာဖွေပေးနေသော ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး( မြန်/ဆက် )**

# ငြိမ်းချမ်းရေးဂီတပွဲတော်ဆုရအဆိုရှင် ၁၁ ဦး၏ ပြိုင်ပွဲဝင်တေးသီချင်းများ DVD ခွေထုတ်လုပ်ဖြန့်ချိနိုင်ရေး စာနယ်ဇင်းမိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ကြီးမှူးကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရအဆိုရှင် ၁၁ ဦး၏ ပြိုင်ပွဲဝင်တေးသီချင်းများ DVD ခွေထုတ်လုပ်ဖြန့်ချိနိုင်ရေး စာနယ်ဇင်းမိတ်ဆက်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (အေ)၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး (ဂီတ) ဦးတိုးကျော်က " ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ စတင်ခဲ့ပါတယ်။ မြို့ပေါင်း ၁၁ မြို့မှာ သွားရောက်ပြီး တစ်ပတ်ကို တစ်မြို့နှုန်းနဲ့ ဖျော်ဖြေပွဲပေါင်း ၂၂ ပွဲ ကျင်းပခဲ့တယ်။ နောက်ဆုံးပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က ပြည်သူ့ရင်ပြင်မှာ ကျင်းပပြီးစီးခဲ့ပါတယ်။ သီချင်းရွေးချယ်ပြီး ၂၀၁၈ ခုနှစ် မတ်လမှာ အသံသွင်းတဲ့ လုပ်ငန်းနဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကို စတင်ခဲ့ပါတယ်။ အခွေဖြစ်မြောက်ဖို့ဆိုတာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အပြင် ပြင်ပက ရိုက်ကူးရေး ပညာရှင်တွေလည်း ပါဝင်ကူညီထားတာရှိပါတယ်။ ဒီနေ့မှာတော့ ငြိမ်းချမ်းရေးဂီတပွဲတော် DVD ခွေစတင်ဖြန့်ချိဖို့ အဆင်သင့်ဖြစ်တဲ့ အနေအထားဖြစ်လို့ မိတ်ဆက်တာဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ စီးပွားရေးဆန်တဲ့ကိစ္စမဟုတ်ဘဲ ရှုံးတာ မြတ်တာ ခိုးကူးတာကို အဓိကမထားပါဘူး။ နိုင်ငံတော်က လုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ဖော်ဆောင်တာကို အထောက်အကူပြုတဲ့အနေနဲ့ သိထား၊ တတ်ထား၊ နားလည်ထားတဲ့ ဂီတသုခုမ အနုပညာနဲ့ တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီတာဖြစ်ပါတယ်"ဟု ပြောသည်။

တေးရေးဆရာ ဦးမြင့်မိုးအောင်က ငြိမ်းချမ်းရေးဂီတပွဲတော် ပြိုင်ပွဲဝင်တေးသီချင်းများ DVD ခွေမှာပါဝင်သည့် တေးသီချင်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ DVD ခွေထုတ်လုပ်ဖြန့်ချိမည့် Excellent Music Distribution မှ ဦးမျိုးဆွေက ဖြန့်ချိမည့်အခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ရွေးချယ်ထားသည့် တေးသီချင်း ၁၁ ပုဒ်ထဲမှ တေးရေးဆရာ ရွှေဂျော်ဂျော်ရေးစပ်ပြီး တေးသံရှင် နီနီခင်ဇော်နှင့် ငြိမ်းချမ်းရေးဂီတပွဲတော် ပထမဆုအဆိုရှင် မေသူကျော်တို့ သီဆိုထားကြသည့် "ငြိမ်းချမ်းရေးဆိုတာ"သီချင်း၊ တေးရေးဆရာ ဦးမြင့်မိုးအောင်ရေးစပ်ပြီး ငြိမ်းချမ်းရေးဂီတပွဲတော်ဆုရအဆိုရှင် မေသဇင်သီဆိုထားသည့် "ကျွန်မချစ်သော" သီချင်း၊ တေးရေးဆရာ မြတ်လေးရေးစပ်ပြီး ငြိမ်းချမ်းရေးဂီတပွဲတော် ဒုတိယဆုရ အဆိုရှင် ကြူကြူခိုင်နှင့် တတိယဆုရအဆိုရှင် ဖြူလုတို့ သီဆိုထားသည့် "ပန်းတိုင်းပွင့်ပါစေ"သီချင်းတို့ကို အကြိုခံစားမှုအဖြစ် ပြသသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် ပြိုင်ပွဲဝင်တေးသီချင်းများ DVD ခွေကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက မူပိုင်အဖြစ် ဇန်နဝါရီ ၂၄ ရက် (ကြာသပတေးနေ့) တွင် Excellent Music Distribution က ထုတ်လုပ်ဖြန့်ချိမည်ဖြစ်သည်။ တစ်ဘူးလျှင် DVD တစ်ချပ်နှင့် CD နှစ်ချပ် ပါဝင်မည်ဖြစ်ပြီး Excellent Music Distribution ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်) ရုံးနှင့် နေပြည်တော်တပ်ကုန်းရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အသီးသီးတွင်ရှိသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ၃၅၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး မြန်မာတစ်နိုင်ငံလုံးကို ဖြန့်ချိမည် ဖြစ်သည်။

DVDခွေတွင်သီချင်းစုစုပေါင်း ၁၈ပုဒ်နှင့် CD တစ်ချပ်စီတွင် သီချင်းကိုးပုဒ်စီပါရှိပြီး သီချင်း ၁၄ ပုဒ်မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်ဆိုင်းဝိုင်းကြီး၊ သံစုံတီးဝိုင်းနှင့် ခေတ်ပေါ်တေးဂီတတို့နှင့် ပေါင်းစပ်ပြီး တီးခတ်ထားကြောင်း၊ ကျန်သီချင်းလေးပုဒ်ကို တေးရေးဆရာအသီးသီးတို့က ၎င်းတို့မှာရှိသည့် တီးဝိုင်းဖြင့် တီးခတ်ထားကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - လှမိုး**

# တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအလုပ်ရုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၏ နည်းပညာအကူအညီဖြင့် "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ"ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့၌ ကျင်းပသည်။**

### အလေးထားဆောင်ရွက်

အလုပ်ရုံဆွေးနွေးပွဲ၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ကောင်းမွန်သော အစိုးရအုပ်ချုပ်မှုစနစ်ကိုထူထောင်ဆောင်ရွက်ရာတွင် ပြည်သူများက ယုံကြည်အားကိုးရသည့် အစိုးရအဖွဲ့အစည်းဖြစ်အောင် အားလုံးပြောင်းလဲရန်လိုကြောင်း၊ သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေးအတွက် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရေးသည် အရေးပါလှကြောင်း၊ အဂတိတရား (၄)ပါး ကင်းရှင်းရေးအတွက်လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ စေတနာထားဆောင်ရွက်ရန်နှင့်မိမိတို့စောင့်ထိန်းကြရမည့် ဝန်ထမ်းကျင့်ဝတ်၊ မိမိတို့ဌာန၏ ဂုဏ်သိက္ခာကိုစောင့်ထိန်းရန် အရေးကြီးကြောင်း၊ ယနေ့ခေတ်တွင် အဂတိလိုက်စားမှုသည် အခြားမှုခင်းများနှင့်ဆက်စပ်နေသောကြောင့် နိုင်ငံတစ်ခု၊ ဒေသတစ်ခု၏ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံးနှင့်ဆိုင်သော ပြဿနာဖြစ်၍ နိုင်ငံအားလုံးမှ အလေးထားဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က နိုင်ငံတော်သမ္မတပြောကြားသည့် လမ်းညွှန်ချက်နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကော်မရှင်က ထိထိရောက်ရောက်ဆောင်ရွက်နေနိုင်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထု တစ်ရပ်လုံးအတွက် ရတောင့်ရခဲအခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ ဆယ်စုနှစ်များစွာ လွှမ်းမိုးကြီးထွားခဲ့သော အဂတိလိုက်စားမှုစနစ်ဆိုးသည် နိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုယဉ်ကျေးမှု ဘဝကြီးတစ်ခုလုံးကို အကြီးအကျယ် ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခဲ့သည်ကို လူတိုင်းသိရှိနားလည်ထားကြပြီးဖြစ်ကြောင်း၊ အဂတိလိုက်စားခြင်းသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည့်အတွက် ဆယ်စုနှစ်များစွာ ကိုယ်ကျင့်တရား ပျက်ယွင်းနေခဲ့သော လူမှုယဉ်ကျေးမှု ပတ်ဝန်းကျင်အတွင်း ရှင်သန်ခဲ့ရသည့် နိုင်ငံတော်သူ နိုင်ငံတော်သားများ၏ ဂုဏ်သိက္ခာသည်လည်း များစွာ ထိခိုက်ကျဆင်းခဲ့ရကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သော်လည်းကောင်း၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ပေါ်ထွန်းလာစေရေးအတွက် သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပြင်းပြသော နိုင်ငံရေးဆန္ဒနှင့်အညီ ပြုပြင်ပြောင်းလဲရေးအကောင်အထည်ဖော်ဆောင်မှု တစ်ရပ်အနေနှင့် သော်လည်းကောင်း၊ ကော်မရှင်က ဦးဆောင်ပြီး အဂတိလိုက်စားမှုများကို တိုက်ဖျက်နေခြင်းသည် မည်သူ့အတွက်မျှ ခြိမ်းခြောက်မှု မဖြစ်စေလိုကြောင်းနှင့် အစိုးရဌာန အဖွဲ့အစည်းများအပါအဝင် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူလူထုကြီးတစ်ရပ်လုံး ဂုဏ်သိက္ခာပြန်လည်မြင့်မားလာရေးအတွက် လက်လွတ်မခံသင့်သည့် အခွင့်အရေးတစ်ရပ်သာဖြစ်ပါကြောင်း။

### ပြုပြင်ပြောင်းလဲမှုတစ်ရပ်

အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် လွတ်လပ်၍ ဖွံ့ဖြိုးတိုးတက်သော လူနေမှုဘဝတို့အတွက် အခြေခံလိုအပ်သည့် ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် အားလုံးပါဝင်နိုင်မှုစသော တန်ဖိုးထားအပ်သည့် ကောင်းမွန်သော ကိုယ်ကျင့်တရားများကို နိုင်ငံသူ နိုင်ငံသားများအတွင်း ပိုမိုဖြစ်ထွန်းလာစေရန် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ ခြောက်လှန့်တောင်းခံခြင်း၊ ရုံးဌာနများတွင် ပုံစံအမျိုးမျိုးဖြင့် ငွေကြေးပေးရခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း ယူခြင်း၊ တရားမဝင်ဂိတ်ကြေးပေးရခြင်း၊ ဘက်လိုက်ခြင်း၊ မျက်နှာသာပေးခြင်း၊ ဆရာမွေးတပည့်မွေးခြင်း၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေနှင့် မြေယာ အဆောက်အအုံအပါအဝင် အများပြည်သူပိုင်ဆိုင်မှုများကို အလွဲသုံးစားပြုခြင်း၊ (သို့မဟုတ်)ထိခိုက်နစ်နာဆုံးရှုံးစေခြင်း၊ အများပြည်သူဆိုင်ရာရုံးဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်ပြီး အများပြည်သူအကျိုးစီးပွားကို လျစ်လျူရှု၍ ပုဂ္ဂလိကအကျိုးစီးပွားများသာ ပြုလုပ်ခြင်း၊ အဖြစ်မှန်ကိုဖုံးကွယ်၍ မှားယွင်းသော အုပ်ချုပ်ရေးစနစ်ကို အကာအကွယ်ပြုပေးခြင်း၊ ပြည်သူကပေးအပ်ထားသော အခွင့်အာဏာကို အလွဲသုံးစားပြုခြင်းစသည့် အဂတိလိုက်စားမှုများကို ကော်မရှင်က တိုက်ဖျက်ရခြင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် အညီ ကောင်းမွန်သော ကိုယ်ကျင့်တရားများ ဖွံ့ဖြိုးအားကောင်းလာစေရန်အတွက်သာဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်တစ်ဖွဲ့ကို ထိခိုက်နစ်နာစေရန် ဆန္ဒဂါမိ ဆန္ဒဂတိနောက်သို့ လိုက်ပါခြင်းမရှိပါကြောင်း။

### အဂတိလိုက်စားမှု

အစိုးရဌာနများအပါအဝင် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများနှင့်သာ အများဆုံး ဆက်စပ်လုပ်ကိုင်ရသော ကမ္ဘာ့ဘဏ်အုပ်စု၏ အဂတိလိုက်စားမှု (Corruption) အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ "အဂတိလိုက်စားမှု ဆိုသည်မှာ ပုဂ္ဂလိကအကျိုးစီးပွားအလို့ငှာ အများပြည်သူဆိုင်ရာ ရုံးဌာနတစ်ခုကို အလွဲသုံးစားပြုခြင်း" ဟု ဖော်ပြထားကြောင်း၊ အများပြည်သူ၏ ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ထားသော အများပြည်သူက ပိုင်ဆိုင်သောရုံးဌာနတစ်ခုတွင် အများပြည်သူက ပေးအပ်ထားသော လစာနှင့် ခံစားခွင့်များကို ရယူခံစားလျက်၊ အများပြည်သူက တာဝန်အပ်နှင်းထားသဖြင့် လုပ်ပိုင်ခွင့်အာဏာရှိနေသော ပုဂ္ဂိုလ်တစ်ယောက်သည် အများပြည်သူလူထု၏ အကျိုးစီးပွားအတွက်သာလျှင် အပြည့်အဝ ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ ရာထူးဌာနကို အသုံးပြု၍ ပုဂ္ဂလိကထံမှ ငွေကြေးကောက်ခံခြင်း သို့မဟုတ် အခြားနည်းဖြင့် ပုဂ္ဂလိကအကျိုးစီးပွားကို မိမိအတွက်နှင့် မိမိအထက်အရာရှိအတွက် ရံဖန်ရံခါရှာဖွေပေးရသည် ဆိုလျှင်ပင် ထိုသူသာမကသူ၏ အထက်အရာရှိကိုပါ အဂတိလိုက်စားမှုပြစ်မှုကို ကျူးလွန်ရာရောက်နိုင်ကြောင်း၊ အထက်အရာရှိများသည် မိမိကိုယ်တိုင်ကင်းရှင်းရသည့်အပြင် မိမိလက်အောက်မှ ပုဂ္ဂိုလ်များ အဂတိလိုက်စားမှုမဖြစ်အောင် လုံလောက်သည့် ထိန်းကျောင်းမှုများ ပြုလုပ်ပေးရန်တာဝန်ရှိပါကြောင်း၊ ၎င်းမှာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေး၌ တာဝန်ယူမှုရှိခြင်း၊ (Accountability in Administration) ပင် ဖြစ်ပါကြောင်း။

### ကျင့်ဝတ်များရေးဆွဲထားကြ

အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းကြီးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (TI) က "အဂတိလိုက်စားမှုဆိုသည်မှာ ပုဂ္ဂလိကအကျိုးအမြတ်အလို့ငှာ ယုံကြည်အပ်နှံထားသောပါဝါကို အလွဲသုံးစားပြုခြင်း"ဟု ဖော်ပြထားပါကြောင်း၊ စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်း၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်း၊ အရပ်ဘက်အဖွဲ့အစည်း၊ အမွေဆက်ခံမှု၊ ထိမ်းမြားလက်ထပ်ခြင်း၊ ပညာသင်ကြားခွင့်၊ ရာထူးခန့်အပ်ခြင်း၊ ရွေးကောက်ပွဲအပါအဝင် ကျယ်ပြန့်စွာလွှမ်းခြုံမှုရှိသော ရှင်းလင်းချက်ဖြစ်ကြောင်း၊ အထူးတင်ပြလိုသည်မှာ အဂတိလိုက်စားမှုသည် အစိုးရထံမှ အဖွဲ့အစည်းများ အပါအဝင်ဖြစ်သော အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသာမက ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်းသက်ဆိုင်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းလာလျှင် အရေးယူခြင်း ခံရနိုင်သည်ဆိုသည့် အချက်ဖြစ်ကြောင်း၊ ဤသို့မဖြစ်စေရန် အကောင်းဆုံး လုပ်ဆောင်နိုင်သည့် နည်းလမ်းမှာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် မိမိတို့အဖွဲ့အစည်းအလိုက် ကျင့်ဝတ်များရေးဆွဲထားကြပြီး လိုက်နာကျင့်သုံးကြခြင်း ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကိုသာ ဥပဒေနှင့်အညီ ထုတ်ပြန်ဆောင်ရွက်နိုင်သည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများ ကျင့်ဝတ်ရေးဆွဲရာတွင် လိုက်နာသင့်သည့်မူဘောင်ကို အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ ဖြင့် ထုတ်ပြန်ထားကြောင်း၊ ဤမူဘောင်သည် ပြည်တွင်းပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို အနာဂတ်ကာလတွင် နိုင်ငံတကာအဆင့် (ISO 37001) စံနှုန်းသို့ တက်လှမ်းနိုင်ရေး လွယ်ကူစေရန် ရည်မှန်းပြီးရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ အခြားအဖွဲ့အစည်းများကလည်း ဤမူဘောင်ကို နမူနာယူ၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကျင့်ဝတ်များရေးဆွဲပြီး လိုက်နာနိုင်ရန် အကြံပေးပြောကြားလိုကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ မူဘောင်နှင့်အညီ ကျင့်ဝတ်များရေးဆွဲပြီး လိုက်နာကျင့်သုံးကြခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ၌ တာဝန်ယူမှုရှိခြင်း (Accountability in Business) ဖြစ်ကြောင်း၊အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အုပ်ချုပ်ရေးအပိုင်းမှ သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းမှသော် လည်းကောင်း၊ တာဝန်ယူမှု မြှင့်တင်နိုင်ကြမည်ဆိုလျှင် နိုင်ငံ၏အဂတိလိုက်စားမှု အခြေအနေသည် အတိုင်းအတာတစ်ခုအထိလျော့ကျလာသည်ကို ၂၀၁၉ ခုနှစ် အကုန်ပိုင်းမှစတင်ပြီးတွေ့မြင်လာနိုင်ဖွယ်ရှိသည်ဟု ကော်မရှင်က မျှော်လင့်ထားပါကြောင်း၊ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၂)နှင့်အညီ ၂၀၁၉ ခုနှစ်အတွက် လုပ်ငန်းစီမံချက် (Action Plan) ကို ရေးဆွဲပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်နှင့်အညီ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အဓိကကျသည့် ခလုတ်ကန်သင်းတစ်ခုဖြစ်နေသော အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

### အင်္ဂါရပ်သုံးခုရှိ

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသောတစ်နိုင်ငံလုံးပျံ့နှံ့နေသည့် အဂတိလိုက်စားမှု (Systemic Corruption) တွင် အနည်းဆုံးအင်္ဂါရပ်သုံးခုရှိသည်ဟု လက်ခံသဘောတူထားကြကြောင်း၊ ထိုအင်္ဂါရပ်သုံးခုမှာ (၁) အစိုးရဌာနအဖွဲ့အစည်းများ အပါအဝင်ဖြစ်သော အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်းရှိ အရေးကြီးသော နေရာများ၌ အဂတိလိုက်စားသူများ ရှိနေကြဆဲ ဖြစ်ခြင်း၊ (၂) ပြည်သူအများစုအနေဖြင့် အခြားရွေးချယ်စရာ နည်းလမ်းမရှိသောကြောင့် လာဘ်ပေးလာဘ်ယူမှုကိုလုပ်ရိုးလုပ်စဉ်ကဲ့သို့ လုပ်နေကြရခြင်း၊ (၃) တာဝန်ရှိသူများက အဂတိလိုက်စားမှုနှင့် ပတ်သက်၍ တာဝန်ယူမှုရှိသင့်သလောက် မရှိကြခြင်းတို့ပင် ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အင်စတီကျူးရှင်းခေါင်းဆောင်များသည် မိမိတို့၏ သြဇာအာဏာများကို မဖြစ်မနေသုံးစွဲကြရန် လိုအပ်ကြောင်းကို ပထမအချက်အနေဖြင့် တင်ပြလိုကြောင်း၊ ဒုတိယအနေဖြင့် အဂတိလိုက်စားမှုအတွက် ကုန်ကျစရိတ်(Cost of Corruption) ကို အင်စတီကျူးရှင်းခေါင်းဆောင်များက မှန်ကန်စွာတွက်ချက်နိုင်ရန် ဖြစ်ကြောင်း။

### တာဝန်ယူမှုများကို မြှင့်တင်ပေး

အဂတိလိုက်စားမှုအတွက် ကုန်ကျစရိတ်ကိုပေးသော/ယူသောလာဘ်ငွေပမာဏနှင့် မတိုင်းတာသင့်ကြောင်း၊ လုပ်ပိုင်ခွင့် အာဏာရှိသူတစ်ဦးက လာဘ်ငွေအနည်းငယ်မျှရယူပြီး တရားမဝင်သော ကိစ္စတစ်ခုတွင် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် မည်မျှထိခိုက်နစ်နာဆုံးရှုံးသွားစေခဲ့သလဲ ဆိုသော အချက်နှင့်သာ တိုင်းတာသင့်ပါကြောင်း၊ ထိုသို့ တိုင်းတာမည်ဆိုပါက နိုင်ငံသူနိုင်ငံသားတို့၏ အသက်များ၊ ဘဝများ၊ အခွင့်အရေးများ၊ နိုင်ငံ့သယံဇာတများ၊ သမိုင်းအမွေအနှစ်များသာမက နိုင်ငံ့ရင်သွေး၊ ကလေးသူငယ်တချို့၏ အနာဂတ်အလားအလာများပါ ပျောက်ဆုံးကုန်ကြရသည့်အဖြစ်များကို တွေ့မြင်ခံစားနိုင်ကြရလိမ့်မည်ဟု ယူဆကြောင်း၊ သို့ဖြစ်ပါ၍ အင်စတီကျူးရှင်းခေါင်းဆောင်များသည် အခွင့်အခါကောင်းနှင့် ကြုံကြိုက်လျှက် မိမိတို့လက်ဝယ်ရရှိထားသည့် လုပ်ပိုင်ခွင့်နှင့်တာဝန်များကို နှောင့်နှေးတွေဝေနေခြင်းမရှိဘဲ နိုင်ငံတော်အစိုးရ၏ ပြင်းပြသော နိုင်ငံရေးဆန္ဒနှင့်အညီအဂတိလိုက်စားမှုများကို တားဆီးကာကွယ်ရန်အတွက် မိမိတို့၏ တာဝန်ယူမှုများကို အစွမ်းကုန်မြှင့်တင်ပေးကြပါဟု ပြောကြားသည်။

ယင်းနောက် စီးပွားရေးပညာရှင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က အပြန်အလှန် တာဝန်ယူမှုခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်း (၃)ခုမှ အပြန်အလှန် ဟန်ချက်ညီသော မူဝါဒများ ချမှတ်နိုင်ရန်၊ တိုင်းဒေသကြီး၏ Action Plan ရေးဆွဲရန်တို့ကို အကြံပြုရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ဆွေးနွေးပွဲဆက်လက်ကျင်းပ

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်သန်းမြင့်က "**ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှု**" ခေါင်းစဉ်ဖြင့်လည်းကောင်း ၊ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွှန့်ရွှေနှင့် ဒေါက်တာတင်မောင်သန်း (သင့်ဘဝ) တို့က "**တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ**"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက "**စီးပွားရေးလုပ်ငန်းများအတွက် တာဝန်ယူမှုရှိသော အုပ်ချုပ်ရေး**" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ကိုယ်စားလှယ်တစ်ဦးက "**တာဝန်ယူမှုရှိသော သတင်းမီဒီယာကဏ္ဍ**" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ UMFCCI အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးနှင့် MCRB အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးတို့က"**တာဝန်ယူမှုရှိသော စီးပွားရေးကဏ္ဍ**"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက "**တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ**" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ CSO အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက "**တာဝန်ယူမှုရှိသော CSO များကဏ္ဍ**"ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးမှုရလဒ်များအပေါ် သုံးသပ်ပြောကြားသည်။ ဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မီဒီယာများတက်ရောက်ကြသည်။

**သတင်းစဉ်**


"တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ"ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

# မန်းရေနံမြေထိစပ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ကနဦးစီမံချက် စတင်ဆောင်ရွက်

**မင်းဘူး ဇန်နဝါရီ ၁၇**

မန်းရေနံမြေတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd. သည် လုပ်ငန်းခွင်နှင့် ထိစပ်နေသော ကျေးရွာများမှ ဒေသခံများ ဦးဆောင်သည့် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီခဲ့ရာ ကနဦးစီမံချက်ကို ဇန်နဝါရီလပထမပတ်က အဆိုပါရေနံမြေနှင့် ထိစပ်ကျေးရွာ ရှစ်ရွာတွင် စတင်အကောင်အထည်ဖော် ခဲ့သည်။

MPRL E&P Pte Ltd. သည် CSR လုပ်ငန်းဆိုင်ရာ ကဏ္ဍတစ်ရပ်အနေဖြင့် မန်းရေနံမြေဒေသ ပတ်ဝန်းကျင် သာယာလှပရေးနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဒေသခံများ ဦးဆောင်သည့် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ကနဦး စီမံချက် စတင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီခဲ့ခြင်းဖြစ်ပြီး မန်းရေနံမြေ ထိစပ်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်း ပါဝင်မှုဖြင့် MPRL E&P CSR ဝန်ထမ်းများနှင့် ကျေးရွာ စေတနာ့ဝန်ထမ်းများက ဇန်နဝါရီနှင့် ဖေဖော်ဝါရီအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။



ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ကနဦးစီမံချက် ကာလတွင် သုံးဘီးအမှိုက်သယ်ယာဉ်ဖြင့် ကျေးရွာ ရှစ်ရွာအား နေ့ရက်သတ်မှတ်၍ အလှည့်ကျ လှည့်လည်အမှိုက်သိမ်းယူ သွားမည်ဖြစ်ပြီး ယင်းအမှိုက်များကို မင်းဘူးမြို့နယ်အတွင်းရှိ အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသည့် ဖို့မြေဧရိယာများတွင် စနစ်တကျစွန့်ပစ်နိုင်ရန် သက်ဆိုင်ရာကျေးရွာအလိုက် ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများက ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်သည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ကနဦး စီမံချက်ကာလအတွင်း ဇန်နဝါရီလဒုတိယပတ်အတွင်း စုပေါင်းအမှိုက်ရှင်းလင်းရာတွင် အမှိုက်ကောက်သူရဲကောင်း များအဖွဲ့ MPRL E&P မန်းရေနံမြေဝန်ထမ်းများ၊ CSR ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံများပါဝင် သည့် ပူးပေါင်းအင်အား ၃၇၁ ဦး ပါဝင်ဆောင်ရွက်ခဲ့သည်။ မန်းရေနံမြေထိစပ်ဧရိယာများရှိ ကျေးရွာရှစ်ရွာတွင် မူလ စွန့်ပစ်ထားသော လမ်းဘေးအမှိုက်များနှင့် အမှိုက်ပုံများကို ဖယ်ရှားရှင်းလင်းရာတွင် အမှိုက် ၂၆၂ တန်ခန့်ကို မင်းဘူးမြို့ စည်ပင်သာယာမှ အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာသို့လည်းကောင်း၊ ကျန်အမှိုက် ၂၀၃ တန်ခန့်ကို နန်းဦး ကျေးရွာနှင့် အောက်ကျောင်းရွာများအနီး ဖို့မြေကွက်များ သို့လည်းကောင်း ရှင်းလင်းပို့ဆောင်ခဲ့သည်။

အဆိုပါကနဦးစီမံချက် အောင်မြင်မှုအပေါ်မူတည်၍ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်ကို မန်းရေနံမြေနှင့် ထိစပ် ကျေးရွာ ၁၂ ရွာတွင် ရေရှည်ဆောင်ရွက်သွားနိုင်ရန် စီစဉ် ထားပြီး ဒေသခံပြည်သူများနှင့် အခြေခံပညာကျောင်းသူ ကျောင်းသားများအား အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပူးပေါင်းကူညီဆောင်ရွက်ရန် အသိပညာပေးအစီအစဉ်များကိုလည်း MPRL E&P CSR ဝန်ထမ်းများက စီစဉ်ပို့ချသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# နယ်စပ်ဒေသများမှ လူငယ်မောင်မယ်များလေ့လာရေးခရီး တတိယနေ့အဖြစ် နေပြည်တော်၌ ဆက်လက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖိတ်ကြား ချက်အရ နေပြည်တော်သို့ ရောက်ရှိ နေသော နယ်စပ်ဒေသများမှ လူငယ် မောင်မယ်များသည် လေ့လာရေးခရီးစဉ် တတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန် ရှိသူများနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)သို့ သွား ရောက် ကြည့်ရှုလေ့လာကြရာ တာဝန် ရှိသူများက သတင်းရိုက်ကူးတည်းဖြတ် ထုတ်လွှင့်ပုံအဆင့်ဆင့်ကို လည်းကောင်း၊ တိုင်းရင်းသားရုပ်သံလိုင်း(NRC) ထုတ် လွှင့်နေမှုများနှင့် ရေဒီယိုထုတ်လွှင့် ရေး အစီအစဉ်များကို လည်းကောင်း လိုက်လံရှင်းလင်းပြသသည်။ ယင်းနောက် လေ့လာရေးအဖွဲ့များ၏ ရိုးရာအကများ ကို မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့များ သည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူ များက လိုက်လံရှင်းလင်းပြသခဲ့ပြီး လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည် များ မေးမြန်းခဲ့ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့များ သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြ သည်။

ညနေပိုင်းတွင် နေပြည်တော်ရေပန်း ဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာ အပန်းဖြေစေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့နှင့် International Growth Center (IGC) တို့ ပူးပေါင်း၍ အထူး စီးပွားရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပါခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်နှင့် International Growth Center မှ Country Director, Ian Porter တို့က အဖွင့်အမှာစကားများ ပြောကြား ခဲ့သည်။ "နိုင်ငံတော်ရဲ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်အကိုင် ဖန်တီးနိုင်ရေးအတွက် အထောက်အကူ ဖြစ်စေဖို့ အထူးစီးပွားရေးဇုန်တွေ မြန်မာ နိုင်ငံမှာ အောင်မြင်စွာ လည်ပတ်နိုင်ဖို့ အတွက် (IGC)နဲ့ အင်္ဂလန်မှ ကျွမ်းကျင် ပညာရှင်တွေ ပူးပေါင်းပြီး ဒီနေ့ကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ရခြင်း ပဲ ဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေး မှူးချုပ်က အမှာစကားပြောကြားရာ တွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အထူးစီးပွားရေး ဇုန်များ အောင်မြင်စွာ အကောင်အထည် ဖော်ရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနများမှ ဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍ နှင့် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များအား အသိပညာ ဗဟုသုတများ ရရှိနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ဖြင့် လိုအပ်သော အသိပညာမျှဝေမှု အစီအစဉ်များကို ဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင် ရွက်နေသော တာဝန်ရှိသူများ စွမ်းဆောင် ရည်မြင့်မားလာပြီး အထူးစီးပွားရေးဇုန် များ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက် အကူပြုနိုင်မည်ဖြစ်သည်။

ထိုသို့ အထူးစီးပွားရေးဇုန်များ အောင်မြင်လာမှသာ ဒေသခံပြည်သူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ပြီး လူနေမှုအဆင့် အတန်းလည်း မြင့်မားလာမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် နိုင်ငံ ၏ ပို့ကုန်မြှင့်တင်ခြင်းနှင့်အတူ ကုန်သွယ် မှုမြင့်မားလာနိုင်ခြင်း၊ နည်းပညာရရှိ လာနိုင်စေခြင်း စသည့်အကျိုးကျေးဇူး များ ရရှိလာနိုင်မည်ဖြစ်သည်။

လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သီလဝါအထူး စီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၀၃ ခုသည် ရင်းနှီးမြှုပ်နှံ မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စာရင်းအရ သီလဝါစီးပွားရေးဇုန်အနေ ဖြင့် နိုင်ငံခြားပို့ကုန်အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၆ ဘီလီယံတင်ပို့နိုင်ခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်း လုပ်သားဦးရေ ၁၅၀၀၀ ခန့်ကို အလုပ် အကိုင်များ ဖန်တီးပေးနိုင်လျက်ရှိကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် အထူးစီးပွားရေး ဇုန်များ ၄၈၀၀ ကျော်ခန့်ရှိပြီး ၎င်းတို့ သည် နိုင်ငံအသီးသီး၏ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရေးနှင့် ဖိတ်ခေါ်နိုင်ရေးအတွက် အရေးပါလျက်ရှိကြောင်း သိရသည်။

ယနေ့ကျင်းပသော အလုပ်ရုံ ဆွေးနွေးပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာန များမှ တာဝန်ရှိသူများ၊ ပြည်ပပညာရှင် များနှင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ များမှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# 'ထနေ့' တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းဆိုင်ရာ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် 'ထနေ့' တိုင်းရင်းသားရေးရာအခြေခံအချက်များ ကောက်ယူခြင်းဆိုင်ရာ အစီအစဉ်ကို ယနေ့တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ နောင်အင်ပရိယတ္တိစာသင်တိုက် (မွှာရုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းထိုင်ဆရာတော်ထံမှ ငါးပါးသီလခံယူကြပြီး ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အဖွင့်အမှာစကား ပြောကြား သည်။

ဆက်လက်၍ တောင်ကြီးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက နှုတ်ခွန်းဆက်စကားပြောကြားကာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ပြည်နယ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းလော်ဝ်ဟွမ်က ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှု များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်သန္တာဝင်းက တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ တိုင်းရင်းသားများ ရသင့်ရထိုက်သည့် အခွင့်အရေးများအား Power Point ဖြင့် ရှင်းလင်းတင်ပြ သည်။

အခမ်းအနား ဒုတိယပိုင်းတွင် 'ထနေ့' တိုင်းရင်းသားများဆိုင်ရာ အချက်အလက် များအား ကောက်ယူခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက် သည့်ဥပဒေပါ ရသင့်ရထိုက်သည့် အခွင့်အရေးစကားဝိုင်း ကျင်းပဆွေးနွေးခဲ့ကြပြီး ရရှိလာသည့် အစီရင်ခံစာအပေါ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တမူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**တမူး ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူး၊ တမူးခရိုင် ဦးစီးမှူး တို့၏ ကြီးကြပ်မှုဖြင့် တမူးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား သစ္စာစီမံချက်ဖြင့် ဆောင်ရွက် ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၆၄ ကတ် ပေးအပ်ပွဲအခမ်းအနားကို တမူးမြို့နယ် မြို့မရပ်ကွက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ကဘော် ခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားသို့ တမူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ တမူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင် ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ မြို့နယ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးမောင်မောင်တာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီး များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရန်နိုင်မင်း**

# ရွှေတိဂုံစေတီတော် (၅၆၄) ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသော (၅၆၄) ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ အခမ်းအနား တက်ရောက်လာသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာ တရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ပြုလုပ်သော အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော် (ရွှေပြား) အလှူရှင် ၁၅၅ ဦးထံမှ ရွှေပြားပေါင်း ၁၅၈ ချပ် အလှူခံရရှိခဲ့ကာ ငွေသားအလှူရှင်ငါးဦး အပါအဝင် အလှူရှင် ၁၆၀ တို့က လှူဒါန်းခဲ့ကြပြီး လှူဒါန်းငွေစုစုပေါင်း ကျပ် ၁၅၄၁၁၄၃၄၇ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# အာမခံပစ္စည်းမပါဘဲ ချေးယူနိုင်မည့် ဘဏ်ချေးငွေစနစ်က လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းသစ်ဖြစ်လာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် အပေါင်အာမခံပစ္စည်းများမှအပ ကျန်နည်းဖြင့် ငွေချေးယူခြင်းကို ၁၆ ရာခိုင်နှုန်းထက်မပိုသည့် အတိုးနှုန်းဖြင့် ထုတ်ချေးရန်ကိုလည်းကောင်း၊ စုစုပေါင်းချေးငွေ၏ ငါးရာခိုင်နှုန်းကို သက်တမ်းသုံးနှစ်ထက်ပိုသည့် အိမ်ရာချေးငွေများ ထုတ်ချေးခွင့်ပြုခြင်းကို လည်းကောင်း၊ အာမခံပစ္စည်းများ ရယူကာ ချေးငွေများအပေါ် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းတို့ကို လည်းကောင်း ဇန်နဝါရီ ၁၅ ရက် ရက်စွဲဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်သက်ရောက်မှုရှိရန်အတွက် ပုဂ္ဂလိကဘဏ်များသို့ ညွှန်ကြားထားရာ ရင်းနှီးမြှုပ်နှံလိုသူများ၊ စျေးကွက်ချဲ့ထွင်လိုသူများအတွက် အကျိုးရှိစွာအသုံးပြုနိုင်မည်ဆိုပါက များစွာအခွင့်အလမ်းဖြစ်စေကြောင်း ပြည်တွင်းလုပ်ငန်းရှင်များထံမှ သိရှိရသည်။

### ဘဏ်လုပ်ငန်းစနစ်တွေနဲ့ ရင်းနှီးကျွမ်းဝင်

"လုပ်ငန်းချဲ့ထွင်ဖို့အတွက် အရင်းအနှီးက တော်တော်လေး အရေးကြီးပါတယ်။ အရင်းအနှီးမှာလည်း ချေးငွေကဏ္ဍက တော်တော်လေး လိုအပ်တယ်။ အခုလို စဉ်းစားပေးတဲ့အတွက် လုပ်ငန်းရှင်တွေအဖို့ရော၊ အိမ်ရာပိုင်ဆိုင်ဖို့ ကြိုးစားနေသူတွေအတွက်ရော တော်တော်လေး အဆင်ပြေနိုင်မယ်လို့ ထင်ပါတယ်။ တစ်ဖက်မှာလည်း ငွေကြေးနဲ့ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်ရဲ့စီးပွားရေးက ခိုင်မာမှုရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်း ပိုမိုဝင်ရောက်ဖို့ အခွင့်အလမ်းဖြစ်လာနိုင်ပါမယ်။ ဘဏ်တွေကလည်း လုပ်နိုင်ကိုင်နိုင်ပြီး လုပ်ငန်းရှင်နဲ့ ပြည်သူကလည်း ဘဏ်လုပ်ငန်းစနစ်တွေနဲ့ ရင်းနှီးကျွမ်းဝင်ရှိလာပြီဆိုရင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်တဲ့နေရာမှာ ပိုပြီးသဟဇာတဖြစ်လာဖို့ရှိတယ်"ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

### အိမ်ရာပိုင်ဆိုင်မှုအခွင့်အလမ်းများ ကောင်းမွန်လာ

ဇန်နဝါရီ ၁၅ ရက်က ဗဟိုဘဏ်မှ ပြည်တွင်းဘဏ်များအား စုစုပေါင်းချေးငွေ၏ ငါးရာခိုင်နှုန်းကို သက်တမ်း သုံးနှစ်ထက်ပိုသည့် အိမ်ရာချေးငွေအဖြစ် ထုတ်ချေးခွင့်ပြုခဲ့ပြီး ဘဏ်များ၏ ငွေကြေးဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် ပြည်သူများအတွက် အိမ်ရာပိုင်ဆိုင်မှုအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရေးအတွက် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဘဏ်များသည် ယင်းချေးငွေငါးရာခိုင်နှုန်းအတွင်း အိမ်ရာချေးငွေမှအပ သက်တမ်းသုံးနှစ်ထက်ပိုသည့် အခြားသောချေးငွေများကို ထုတ်ချေးလိုပါက ချေးငွေထုတ်ချေးခြင်းဆိုင်ရာ ကိစ္စရပ်နှင့် စည်းကမ်းချက်များကို ဖော်ပြ၍ ကိစ္စရပ်တစ်ခုချင်းအလိုက် ဗဟိုဘဏ်သို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်ဟုလည်း ညွှန်ကြားထားကြောင်း သိရသည်။

### ဘဏ်တွေအားလုံး ပူးပေါင်းဆောင်ရွက်ပေးဖို့လို

၂၀၁၈ ခုနှစ် ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအား တည်ငြိမ်ခိုင်မာသည့် မေခရိုစီးပွားရေးအခြေအနေများနှင့် မူဝါဒများကို အားပေးဖော်ဆောင်ရန် အကြံပေးထားသည်ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ အတိုးနှုန်းများ ပြင်ဆင်ခြင်း၊ ချေးငွေကဏ္ဍ ပိုမိုလွယ်ကူအောင် ဆောင်ရွက်ပေးခြင်းတို့သည် ကောင်းမွန်သည့် အလားအလာဖြစ်ကြောင်း၊ "ပို့ကုန်တိုးချဲ့ဖို့အတွက် လယ်ယာကဏ္ဍ၊ သီးနှံ၊ သားငါး၊ ရေထွက်ကုန်နဲ့ ပုဂ္ဂလိက အသေးစားစက်မှုလုပ်ငန်းတွေကိုပဲ အားကိုးနေရတာ။ ကိုယ့်နိုင်ငံကလည်း Trade Big Model ဖြစ်နေတယ်။ ထုတ်လုပ်နိုင်ပေမယ့် သွင်းကုန်ကို မလွှမ်းမိုးနိုင်သေးဘူး။ ဒါကို ကျော်ဖြတ်ဖို့က ချေးငွေရရှိဖို့က အဓိကပါပဲ။ ဒါမှလည်း ပြည်ပသွင်းကုန်လျှော့ချပြီး ကိုယ့်လိုအပ်ချက်ကို ကိုယ်ဖြည့်နိုင်ဖို့ Trade Space Model ဖြစ်လာမှာမို့ ကြိုဆိုပါတယ်။ ဘဏ်တွေအားလုံးလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့လိုအပ်တယ်"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ဦးစိန်မောင်က ပြောကြားသည်။



ရန်ကုန်မြို့ရှိ ပြည်တွင်းဘဏ်တစ်ခုအတွင်း ငွေလွှဲခြင်းဝန်ဆောင်မှုများ ပေးအပ်နေစဉ်။

### ဘဏ်တွေတည်ငြိမ်ဖို့က အရေးကြီး

သို့သော် တစ်ဖက်တွင်လည်း အပေါင်ပစ္စည်းမပါရှိဘဲ ငွေချေးခြင်းသည် ဘဏ်များအတွက် ပြင်ဆင်သင့်သည့်အရာများစွာရှိပြီး အတိုးနှုန်းကိုလည်း ဗဟိုဘဏ်က အမြင့်ဆုံးသတ်မှတ်ပေးထားသည့် ၁၆ ရာခိုင်နှုန်းမဟုတ်ဘဲ လျှော့ချပေးမည်ဆိုပါက ဘဏ်များ လုပ်သာကိုင်သာရှိနိုင်ရဲ့လား ဆိုသည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ဦးစိန်မောင်က သုံးသပ်ပြသည်။ "အမှန်ပြောရရင် ဘဏ်တွေတည်ငြိမ်ဖို့ကလည်း အတော်လေးအရေးကြီးတယ်။ လုပ်ငန်းချဲ့မယ့်သူ၊ ငွေချေးမယ့်သူကိုပဲ စဉ်းစားပေးလို့တော့မရဘူး။ ဘဏ်တွေကလည်း စီမံခန့်ခွဲမှုတွေ၊ အတိုးနှုန်းတွက်ချက်မှုတွေကလည်း တော်တော်လေးအရေးကြီးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တိုင်းပြည်ရဲ့ စီးပွားရေးအတွက်ကတော့ လမ်းစပေါ့လေ။ လုပ်ရဲကိုင်ရဲဖို့လည်း လိုပါတယ်။ ကျွန်တော်တို့ဆီမှာက အပေါင်မပါဘဲ ငွေချေးဖို့ဆိုတာ အရပ်ထဲမှာတောင် တော်တော်လေးမလွယ်တဲ့ ကိစ္စပဲပေါ့။ ဒါကို ဘဏ်တွေကလည်း စဉ်းစားမိမှာပဲ။ ဒါပေမယ့် အပြိုင်အဆိုင်ခေတ်ကြီးဆိုတော့ ချေးလိုသူတွေဘက်ကလည်း ကိုယ့်လိုအပ်ချက်၊ ကိုယ်တတ်နိုင်တဲ့ သေချာတဲ့အရာကို စောင့်ပြီး စနစ်တကျနဲ့ အကောင်အထည်ဖော်ပေးဖို့တော့ လိုအပ်တယ်။ အမှန်က အားလုံးနဲ့ဆိုင်တဲ့ကိစ္စလို့တောင် ပြောလို့ရတယ်။ ဘဏ်တွေခိုင်မာနေမှလည်း တိုင်းပြည်စီးပွားရေးက ပန်းပန်နိုင်မှာလေ"ဟု ဦးစိန်မောင်က ဆက်ပြောသည်။

### အပေါင်အာမခံပစ္စည်းများအဖြစ် သတ်မှတ်ထား

လက်ရှိတွင် အာမခံပစ္စည်းများဖြစ်သည့် မြေနှင့် အဆောက်အအုံ၊ ရွှေနှင့်ရွှေထည်ပစ္စည်း၊ စိန်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ(အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ လက်ရောက်အပေါင်၊ ချေးငွေအာမခံဖြင့် ချေးငွေများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ သတ်မှတ်သည့် အပေါင်ပစ္စည်းများ စသည်တို့သည် အပေါင်အာမခံပစ္စည်းများအဖြစ် သတ်မှတ်ထားပြီး ယင်းပစ္စည်းများရယူ၍ ထုတ်ချေးသည့် ချေးငွေအပေါ် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းကို ၁၃ ရာခိုင်နှုန်းထက် ကျော်လွန်ကောက်ခံခြင်းမပြုရန် ဗဟိုဘဏ်က ဇန်နဝါရီ ၁၅ ရက် ရက်စွဲဖြင့် ညွှန်ကြားချက် ထုတ်ပြန်ထားသည်။

### ငွေချေးနိုင်ရေး နည်းလမ်းများ ဖော်ထုတ်

အခြားအာမခံပစ္စည်းရယူ၍ဖြစ်စေ၊ အာမခံပစ္စည်းမပါဘဲဖြစ်စေ ထုတ်ချေးနိုင်သည့် ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းကို ၁၆ ရာခိုင်နှုန်းထက် ကျော်လွန်ကောက်ခံခြင်းမပြုရန်လည်း ဗဟိုဘဏ်က ညွှန်ကြားထားရာ ယခုအချိန်တွင် ဘဏ်များသည်လည်း ဘဏ်တိုးနှုန်းသတ်မှတ်ရေး၊ မိမိဘဏ်နှင့် သင့်တော်မည့် အပေါင်ပစ္စည်းမပါ ငွေချေးနိုင်ရေးအတွက် နည်းလမ်းများကို ဖော်ထုတ်ပြင်ဆင်နေကြသည်ကိုလည်း မြင်တွေ့ရသည်။

### ဘဏ်စနစ်နဲ့ အသားကျဖို့ လိုအပ်ချက်ရှိနေ

"အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေအတွက် ငွေချေးတဲ့ စနစ်သစ်တစ်ခုတိုးလာတယ်လို့ ယူဆပါတယ်။ ကောင်းတဲ့အလားအလာလို့လည်း ခံစားမိပါတယ်။ သို့သော်လည်း ဘဏ်တွေဘက် ပြန်ပြီးစဉ်းစားပေးရမယ့်အပိုင်းရှိတယ်။ အားလုံးက အတိုးနှုန်းမြင့်လို့ ဝေဖန်ပြောဆိုနေတာတွေရှိတယ်။ ဒါတောင် အပေါင်ပစ္စည်းပါတဲ့အပေါ် ဘဏ်က အတိုးနှုန်းများတယ်ဆိုပြီးပြောကြတယ်။ ဘဏ်ဘက်ကနေ ကြည့်တော့လည်း သူတို့ဆီမှာ လာအပ်ရင် ရှစ်ရာခိုင်နှုန်းယူတယ်။ ပြန်ချေးရင် ၁၃ ရာခိုင်နှုန်းအောက်ချေးတယ်။ ဒါမှလည်း ရပ်တည်လို့ရမှာပေ့ါ။ အပြင်မှာ ချေးတာနဲ့ ယှဉ်မယ်ဆိုရင်တော့ အများကြီးသက်သာနေသေးတယ်လို့ ပြောရင်ရတယ်။ ဒါပေမယ့် အပြင်မှာက ဘဏ်တွေမှာချေးရသလောက်မခက်ခဲဘူး။ လိုအပ်ချက်တွေ၊ စနစ်တွေက ဘဏ်မှာငွေချေးရင်ပိုပြီးအလုပ်ရှုပ်တယ်။ အခုလို အလွတ်သဘောနဲ့ ချေးမယ်ဆိုရင်လည်း သူတို့ဘက်က ပြင်ဆင်ထားမှာတွေ အများကြီးရှိနိုင်တယ်။ ဥပမာ အာမခံမယ့်သူတွေ ကန့်သတ်လာနိုင်တယ်။ လုပ်ငန်းနဲ့ ပတ်သက်တဲ့ အထောက်အထားတွေ ပိုပြီးအသေးစိပ်တောင်းခံလာနိုင်တယ်။ ချေးငွေပမာဏကိုလည်း ကန့်သတ်လာနိုင်တယ်။ သူတို့ကလည်း Risk က ကြီးတယ်လေ။ ဘဏ်စနစ်၊ ချေးငွေစနစ်နဲ့ အသားကျဖို့အတွက်ကတော့ လိုအပ်ချက်တွေက ရှိနေဦးမှာပဲ"ဟု ကုန်သွယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက သူ့အမြင်ကို ပြောပြသည်။

### ငွေကြေးအရင်းအနှီးရရှိနိုင်ရန် ခက်ခဲနေ

လက်ရှိတွင် ဘဏ်စနစ်သည့် အချင်းချင်းအပြန်အလှန်စောင့်ကြည့်ရိုင်းပင်းနေကြရသည့် အနေအထားတွင်ရှိသေးပြီး ဘဏ်များသည် ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကြရကာ အရန်ငွေကြေးများသတ်မှတ်ခြင်း၊ အသုံးစရိတ်များ၊ ဝန်ထမ်းများစသည့် စရိတ်စကများစွာကိုလည်း ဖြေရှင်းကြရသည်။ တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအများစုသည် လက်ရှိအခြေအနေအရ ဘဏ်တိုးနှုန်းများ မြင့်မားနေခြင်းကြောင့် ငွေကြေးအရင်းအနှီးရရှိနိုင်ရန် ခက်ခဲနေကြသည်လည်းဖြစ်ရာ ဘဏ်တိုးနှုန်း ၁၆ ရာခိုင်နှုန်းအမြင့်ဆုံးဖြင့် အာမခံပစ္စည်းမထားရှိရဘဲ ငွေချေးယူနိုင်ရန်အတွက်လည်း လွယ်ကူမှုမရှိနိုင်ကြောင်း ပြောကြားသူများကိုလည်း မြင်တွေ့ရသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ငွေချေးနိုင်တဲ့ ပုံစံသစ်တစ်ခုကို ရလာပြီလို့ပဲ သတ်မှတ်ရမှာပါ။ ပြန်ဆပ်နိုင်မယ့် အတိုးနှုန်းဖြစ်မလားဆိုတာတော့ ချေးမယ့်သူတစ်ဦးချင်းစီနဲ့ သက်ဆိုင်ပါလိမ့်မယ်။ သူ့လုပ်ငန်းက ကျိန်းသေ ပြန်ပြီးဝင်မယ့်လုပ်ငန်းမျိုးဖြစ်မယ်။ အလားအလာလည်းရှိမယ်။ ဖောက်ထွက်နိုင်မယ်ဆိုတာ သေချာရင်တော့ ဘဏ်တိုးနှုန်းက အဆင်ပြေပါလိမ့်မယ်။ အပြင်မှာ အာမခံမပါဘဲ ချေးငှားမယ်ဆိုရင် ပေးရမယ့် အတိုးနှုန်းနဲ့ နှိုင်းယှဉ်ရင်တော့ တစ်နှစ်ကို ၁၆ရာခိုင်နှုန်းအောက်ဆိုတာ အဆိုးကြီးမဟုတ်နိုင်ဘူးလို့တော့ ထင်ပါတယ်။ မတတ်သာတဲ့အဆုံးမှာတော့ ချေးငွေယူသင့်လည်း ယူရတော့မှာပေ့ါ။ ဒါပေမယ့် ချိန်ဆတတ်ဖို့တော့ ပိုပြီးလိုအပ်ပါတယ်။ ဘဏ်တွေကတော့ မကြာခင်မှာ အပြိုင်အဆိုင် ဘယ်လိုဘဏ်တိုးနှုန်းနဲ့၊ ဘယ်လိုကန့်သတ်ချက်တွေနဲ့ ငွေချေးပေးမယ်ဆိုတာမျိုး ကြော်ငြာတာတွေ မြင်လာရတော့မှာပဲ။ ဒါပေမယ့် အပြိုင်အဆိုင်အတိုးနှုန်းလျှော့ပေးကြမယ်လို့တော့ မထင်ဘူး"ဟု စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက သူ့အမြင်ကို ပြောပြသည်။

**ခင်ရတနာ**

# AA သောင်းကျန်းသူအဖွဲ့၏ ယာယီစခန်း တစ်ခုကို တပ်မတော်က သိမ်းပိုက်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် သရက်ပြင်ကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၅၀၀၀ ခန့်အကွာရှိ AA သောင်းကျန်းသူအဖွဲ့၏ ယာယီစခန်းတစ်ခုကို ယမန်နေ့ နံနက်ပိုင်းက တပ်မတော်စစ်ကြောင်းက တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းတစ်ကြောင်းက AA သောင်းကျန်းသူအဖွဲ့မှ အင်အား ၅၀ ခန့် ယာယီအခြေပြုနေသည့်စခန်းတစ်ခုကို တွေ့ရှိရသဖြင့် ထိတွေ့တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်း၊ ထိုသို့ ထိတွေ့တိုက်ခိုက်ရာတွင် တပ်မတော်စစ်ကြောင်းဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ AA သောင်းကျန်းသူအဖွဲ့မှ အလောင်းငါးလောင်း၊ အမ်(၂၂)သေနတ်တစ်လက်၊ အမ်(၁၄)သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ၊ တစ်ယောက်ပစ်ကျင်း ၅၀၊ နှစ်ယောက်ပစ်ကျင်းငါးကျင်းတို့ကို သိမ်းပိုက်ရရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် AA သောင်းကျန်းသူ နှိမ်နင်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**




## တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၏ အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၉)ကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပသွားမည်ဖြစ်ပြီး တရားလွှတ်တော်ရှေ့နေများကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်အမှာစကား ပြောကြားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## ရမည်းသင်းမြို့နယ်စည်ပင်မှ မြို့ရေပေးဝေရေးစနစ် တိုးချဲ့ဆောင်ရွက်သွားမည်

**ရမည်းသင်း ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်ကြီးအတွင်း၌ မြို့ရေပေးဝေရေးစနစ်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စက်ရေတွင်း (တွင်းနက်) တူးဖော်ခြင်းလုပ်ငန်းနှင့် ဖြန့်ဝေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးဝေရေးလုပ်ငန်းကို ယခင်က သိမ်ကုန်းစက်ရေတွင်းများနှင့် စီဗွီလိုင်း ရပ်ကွက်စက်ရေတွင်းများမှ ရရှိသောရေကိုသာ ဖြန့်ဝေပေးခဲ့သည်ဟု သိရသည်။ ၂၀၁၆ ခုနှစ်မှစ၍ ကျီးနီကန်ရေပေးဝေရေးနှင့် ရွှေစည်းခုံရပ်ကွက်ကြီး၊ မြို့မရပ်ကွက်ကြီးအတွင်းရှိ စက်ရေတွင်းများမှ ရရှိသောရေဖြင့် ရေပေးဝေရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ယခုထပ်မံ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းတွင်လည်း စက်ရေတွင်း၊ တွင်းနက်တူးဖော်ခြင်း၊ ဖြန့်ဝေပိုက်လိုင်းများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်သန်းတင့် (ရမည်းသင်း)**

## စာပေဟောပြောပွဲနှင့်စာပေဗိမာန်စာမူဆုရ မောင်လွယ်အိတ်အား ဂုဏ်ပြုပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

နေပြည်တော် တပ်ကုန်းမြို့နယ် စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီက ကြီးမှူးကျင်းပသည့် စာပေဟောပြောပွဲနှင့်စာပေဗိမာန်စာမူဆုရ မောင်လွယ်အိတ်အား ဂုဏ်ပြုပွဲအခမ်းအနားကို တပ်ကုန်းမြို့ အောင်ဆန်းခန်းမတွင် ဇန်နဝါရီ ၂၁ ရက် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ပြီး စာပေဟောပြောပွဲတွင် စာရေးဆရာကြီးများဖြစ်ကြသည့် ဆရာ နေဝင်းမြင့်၊ ဆရာ အော်ပီကျယ်နှင့် ဆရာ မောင်သာချိုတို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

### မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ ဒီဇင်ဘာလထိ | ၂၀၁၈ ဒီဇင်ဘာလထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၁၃၁၄၀၆၆ | ၁၃၃၅၇၁၄ | ၂၁၆၄၈ | (+)၁.၆၅% |
| ၂ | အပျော်စီးသင်္ဘောဖြင့်ဝင်ရောက်သူများ | ၆၉၄၀ | ၉၃၇၀ | ၂၄၃၀ | (+)၃၅.၀၁% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိလာရောက်သူများ | ၄၁၉၄၂ | ၅၃၀၁၄ | ၁၁၀၇၂ | (+)၂၆.၄၀% |
| | **ဗီဇာဖြင့်လာရောက်သူပေါင်း** | **၁၃၆၂၉၄၈** | **၁၃၉၈၀၉၈** | **၃၅၁၅၀** | **(+)၂.၅၈%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၂၀၈၀၁၈၅ | ၂၁၅၃၃၃၀ | ၇၃၁၄၅ | (+)၃.၅၂% |
| | **စုစုပေါင်း** | **၃၄၄၃၁၃၃** | **၃၅၅၁၄၂၈** | **၁၀၈၂၉၅** | **(+)၃.၁၅%** |

## MNL ပွဲစဉ် (၂) တွင် ရတနာပုံနှင့် ရှမ်းယူနိုက်တက် တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ကို ဇန်နဝါရီ ၁၉၊ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများဖြစ်သည့် ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၂) အဖြစ် ဇန်နဝါရီ ၁၉ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ဒဂုံအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် Southern အသင်း၊ ဇန်နဝါရီ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရောဝတီအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁) တွင် လက်ရှိချန်ပီယံ ရန်ကုန်၊ တန်းတက်ဒဂုံနှင့် Southern အသင်းတို့သာ အနိုင်ရခဲ့ပြီး ရှမ်း၊ စစ်ကိုင်း၊ ရောဝတီ၊ ရတနာပုံ၊ ရခိုင်နှင့် မကွေးအသင်းတို့ တစ်မှတ်စီရထားကာ ဇွဲကပင်၊ Chinland နှင့် ဟံသာဝတီအသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။ ရတနာပုံနှင့် ရှမ်းအသင်းတို့ ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက နှစ်ရာသီဆက်တိုက် အဝေးကွင်း၌ အနိုင်ရထားသည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာမူ အိမ်ကွင်း၌ ကစားရမည်ဖြစ်သောကြောင့် နိုင်ပွဲဆက်ဖွယ်ရှိနေပြီး အဖွင့်ပွဲတွင် ဇွဲကပင်ကို အနိုင်ကစားခဲ့သည့် တန်းတက်ဒဂုံအသင်းမှာမူ ရခိုင်နှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

❍ *ကျော်ဖုံးမှ*

နိုင်ပွဲဆက်နေသည့် YREO အသင်းသည် ယခုပွဲတွင် အား/ကာသိပ္ပံကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ ပွဲအစကိုးမိနစ်တွင် နုနုက အား/ကာသိပ္ပံအတွက် ဂိုးစတင်သွင်းယူပြီး ပထမပိုင်းတွင် ငါးဂိုးပြတ်အနိုင်ရနေသည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ရီရီဦးက ၃၄၊ ၅၅၊ ၆၁၊ ၇၈ မိနစ်တို့တွင် တစ်ဦးတည်းလေးဂိုးသွင်းယူပြီး ကျန်ဂိုးများကို ၄၁၊ ၄၄ မိနစ်တွင် ခင်မာလာထွန်း၊ ၂၃ မိနစ်တွင် မေဖူးကို၊ ၈၇ မိနစ်တွင် နုနုတို့က သွင်းယူခဲ့သည်။ YREO အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၅၀ တွင် နွယ်နီဝင်းက သွင်းယူခဲ့သည်။ အား/ကာဦးစီးဌာနအသင်းသည် YREO အသင်း အရှုံးကို အပြည့်အဝအသုံးချပြီး တက္ကသိုလ်အသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည်။ အား/ကာဦးစီးဌာနအသင်းသည် တက္ကသိုလ်အသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၂၂ မိနစ်တွင် ဇင်မိုးထက်၊ ၄၂၊ ၆၅၊ ၈၃ မိနစ်တွင် ကေဇင်မြင့်တို့က သွင်းယူသည်။ ဇွဲကပင်အသင်းမှာလည်း ဂန္ဓမာအသင်းကို အနိုင်ယူပြီး ဒုတိယမြောက်နိုင်ပွဲရရှိခဲ့သည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ၉ မိနစ်တွင် ဇင်မာထွန်း၊ ၅၈၊ ၆၆ မိနစ်တွင် စန်းသော်သော်တို့က သွင်းယူခဲ့သည်။

ပထမအကျော့နောက်ဆုံးပွဲကို ဇန်နဝါရီ ၁၈ ရက် **(ယနေ့)** တွင် ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲမှာ ရာသီဝက်ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်ပြီး နှစ်သင်းစလုံး ၁၆ မှတ်စီရထားသည်။ **ရဲရင့်ရှိုင်း**

■ *ကျော်ဖုံးမှ*

ပြည်တွင်းလိဂ်ပွဲများအား စောင့်ကြည့်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် မတ်လ၌ အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ နိုဝင်ဘာလနောက်ဆုံးပတ်တွင် ဆီးဂိမ်းစ်ပြိုင်ပွဲတို့ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

### မြန်မာနိုင်ငံသို့ နိုင်ငံအလိုက်ပြည်ပခရီးသွားဝင်ရောက်မှု(နှိုင်းယှဉ်ချက်)

| စဉ် | လူမျိုး | ၂၀၁၇ | ၂၀၁၈ | ခြားနားခြင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | **မြောက်အမေရိက** | ၈၇၁၅၃ | ၇၆၁၂၂ | -၁၁၀၃၁ | -၁၂.၆၆% |
| ၁ | အမေရိကန် | ၇၃၀၈၅ | ၆၅၀၅၇ | -၈၀၂၈ | -၁၀.၉၈% |
| ၂ | ကနေဒါ | ၁၄၀၆၈ | ၁၁၀၆၅ | -၃၀၀၃ | -၂၁.၃၅% |
| | **အခြားအမေရိကများ** | ၁၂၅၉၂ | ၁၀၇၈၆ | -၁၈၀၆ | -၁၄.၃၄% |
| | **အနောက်ဥရောပ** | **၂၃၉၃၅၈** | ၁၈၃၄၇၂ | -၅၅၈၈၆ | -၂၃.၃၅% |
| ၁ | ပြင်သစ် | ၅၈၃၆၉ | ၄၃၂၁၈ | -၁၅၁၅၁ | -၂၅.၉၆% |
| ၂ | ဗြိတိန် | ၄၇၇၁၇ | ၃၆၆၀၉ | -၁၁၁၀၈ | -၂၃.၂၈% |
| ၃ | ဂျာမနီ | ၃၉၉၅၂ | ၂၈၈၃၈ | -၁၁၁၁၄ | -၂၇.၈၂% |
| ၄ | အီတလီ | ၁၈၂၄၂ | ၁၆၈၅၅ | -၁၃၈၇ | -၇.၆၀% |
| ၅ | ဆွစ်ဇာလန် | ၁၃၆၉၄ | ၁၀၀၁၉ | -၃၆၇၅ | -၂၆.၈၄% |
| ၆ | နယ်သာလန် | ၁၃၅၅၈ | ၉၄၂၈ | -၄၁၃၀ | -၃၀.၄၆% |
| ၇ | ဘယ်လ်ဂျီယံ | ၇၆၂၈ | ၆၀၈၇ | -၁၅၄၁ | -၂၀.၂၀% |
| ၈ | ဩစတြီးယား | ၄၆၉၀ | ၃၄၀၅ | -၁၂၈၅ | -၂၇.၄၀% |
| ၉ | စပိန် | ၁၃၅၅၈ | ၁၁၃၁၅ | -၂၂၄၃ | -၁၆.၅၄% |
| ၁၀ | အခြားလူမျိုးများ | ၂၁၉၅၀ | ၁၇၆၉၈ | -၄၂၅၂ | -၁၉.၃၇% |
| | **အရှေ့ဥရောပ** | ၂၀၀၆၉ | ၁၈၃၈၆ | -၁၆၈၃ | -၈.၃၉% |
| ၁ | ရုရှား | ၅၅၃၄ | ၅၄၅၁ | -၈၃ | -၁.၅၀% |
| ၂ | အခြားလူမျိုးများ | ၁၄၅၃၅ | ၁၂၉၃၅ | -၁၆၀၀ | -၁၁.၀၁% |
| | **အာဖရိက** | ၅၈၆၆ | ၄၃၄၆ | -၁၅၂၀ | -၂၅.၉၁% |
| | **အရှေ့အလယ်ပိုင်း** | ၆၄၆၅ | ၅၆၈၅ | -၇၈၀ | -၁၂.၀၆% |
| | **အာရှ** | ၉၅၃၈၀၁ | ၁၀၆၆၈၄၆ | ၁၁၃၀၄၅ | ၁၁.၈၅% |
| ၁ | ထိုင်း | ၂၇၃၈၈၇ | ၂၉၁၂၃၁ | ၁၇၃၄၂ | ၆.၃၃% |
| ၂ | တရုတ် | ၂၁၂၆၄၂ | ၂၉၇၄၀၀ | ၈၄၇၅၈ | ၃၉.၈၆% |
| ၃ | ဂျပန် | ၁၀၁၄၈၄ | ၁၀၄၃၇၆ | ၂၈၉၂ | ၂.၈၅% |
| ၄ | ကိုရီးယား | ၆၅၈၂၉ | ၇၂၈၅၂ | ၇၀၂၃ | ၁၀.၆၇% |
| ၅ | စင်ကာပူ | ၆၁၈၅၉ | ၅၈၆၅၇ | -၃၂၀၂ | -၅.၁၈% |
| ၆ | ဗီယက်နမ် | ၅၈၉၁၉ | ၅၃၃၂၉ | -၅၅၉၀ | -၉.၄၉% |
| ၇ | ထိုင်ဝမ် | ၃၆၄၉၉ | ၃၅၆၈၅ | -၈၁၄ | -၂.၂၃% |
| ၈ | အိန္ဒိယ | ၄၁၆၂၃ | ၄၃၂၈၁ | ၁၆၅၈ | ၃.၉၈% |
| ၉ | မလေးရှား | ၄၇၀၁၀ | ၄၇၆၃၂ | ၆၂၂ | ၁.၃၂% |
| ၁၀ | ဖိလစ်ပိုင် | ၁၈၁၄၃ | ၁၆၇၄၈ | -၁၃၉၅ | -၇.၆၉% |
| ၁၁ | အခြားလူမျိုးများ | ၃၅၉၀၄ | ၄၅၆၅၅ | ၉၇၅၁ | ၂၇.၁၆% |
| | **ကျွန်းစုနိုင်ငံများ** | ၃၇၆၄၄ | ၃၂၄၅၅ | -၅၁၈၉ | -၁၃.၇၈% |
| ၁ | ဩစတြေးလျ | ၃၂၆၂၈ | ၂၇၉၆၂ | -၄၆၆၆ | -၁၄.၃၀% |
| ၂ | နယူးဇီလန် | ၄၈၀၈ | ၄၂၈၅ | -၅၂၃ | -၁၀.၈၈% |
| ၃ | အခြားလူမျိုးများ | ၂၀၈ | ၂၀၈ | ၀ | ၀.၀၀% |
| | **စုစုပေါင်း** | **၁၃၆၂၉၄၈** | **၁၃၉၈၀၉၈** | **၃၅၁၅၀** | **၂.၅၈%** |

## မြန်မာ့ရုပ်မြင်သံကြား

၁၈-၁-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - "MSMES မုံရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစီးပွားရေး လုပ်ငန်း" (Small Level) တတိယဆု ကျော်မိသားစု စက်မှုလက်မှုလုပ်ငန်း "
၉း၁၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၀း၃၀ - လူမှုစီးပွားမြင်ကွင်းများ
၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း -၈) "သံလက်သီးဂိုဏ်း" (ဒုတိယပိုင်း) ထိုက်တန်လင်း၊ မင်းသူ၊ ဗိုလ်ပုချို၊ ဆုမြတ်နိုးဦး ဒါရိုက်တာ-ဟိန်းဇော်
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့် တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၁၈)
၁၄း၁၅ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄) ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ မေဝင်းမောင်

**ညပိုင်း**

၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း
၁၇း၃၅ - Weekly Sport Info
၁၈း၂၀ - BBC Click
၁၈း၃၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် " သရဲသဘော်" + " ထာဝရထက်နှစ်ဆ"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ " စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း -၉) " သံလက်သီးဂိုဏ်း " (ဇာတ်သိမ်း ) ထိုက်တန်လင်း၊ မင်းသူ၊ ဗိုလ်ပုချို၊ ဆုမြတ်နိုးဦး ဒါရိုက်တာ-ဟိန်းဇော်
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း " လဲနေသူထူပေးပါ ကူညီခြင်းဖြင့် အသက်ကယ်ပါ "
- ပြည်သူ့နီတိ " ငါသာလျှင် "

# ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ လျှပ်စစ်မှူး ဦးဝင်းဗိုလ်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ ရှမ်းကုန်းကျေးရွာ မီးလင်းရေးကိစ္စဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးပြကာ ငွေကြေးတောင်းခံခဲ့သော စစ်ကွင်းမြို့လျှပ်စစ်မှူး ဦးဝင်းဗိုလ်အား အရေးယူပေးပါရန် နစ်နာသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ လျှပ်စစ်မှူး ဦးဝင်းဗိုလ်သည် ရှမ်းကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် အထက်ဌာန၏ ခွင့်ပြုချက်မရှိဘဲ ရှမ်းကုန်းကျေးရွာအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းတည်ဆောက်ခြင်းအား ငွေကျပ်သိန်း ၁၂၀ ဖြင့် ကန်ထရိုက် လုပ်ငန်းသဖွယ် လက်ခံဆောင်ရွက်ခဲ့ပြီး ရှမ်းကုန်းကျေးရွာမီးလင်းရေးကော်မတီမှလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ်အတွင်း ငွေကျပ် ၃၅၀၀၀၀ အား သုံးကြိမ်ခွဲ၍ တောင်းခံရယူခဲ့ခြင်း၊ ၂၀၁၈ ခုနှစ်တွင် 11KV ဓာတ်အားလိုင်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်ယူရန်အတွက် လမ်းခရီးစရိတ်ငွေကျပ် ၁၀၀၀၀၀၊ 11KV ဓာတ်အားလိုင်းအတွက် အစိုးရချထားပေးသော ဘတ်ဂျက်နှင့် မလုံလောက်ကြောင်း အကြောင်းပြ၍ ငွေကျပ် ၅၀၀၀၀၀ တို့ကို ထပ်မံတောင်းခံရယူခဲ့ခြင်းနှင့် 11KV ဓာတ်အားလိုင်း တည်ဆောက်ရာတွင် ပန်းရန်ခ ငွေကျပ် ၇၅၀၀၀ ကို ကျေးရွာမီးလင်းရေးကော်မတီအား ကျခံစေခဲ့ခြင်းတို့သည် ရာထူးတာဝန်အရပေးအပ်သော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုများ ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မင်းလှမြို့နယ် စစ်ကွင်းမြို့လျှပ်စစ်မှူး ဦးဝင်းဗိုလ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ မင်းလှမြို့နယ် စစ်ကွင်းနယ်မြေရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ခရီးသည် မချိုပြုံးနှင့် တင်ငွေ (ခ) ဖိုးထောင်တို့ နှစ်ဦးထံမှ ကာလတန်ဖိုး ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကို သိမ်းဆည်းရမိသည်။ **(ယာပုံ)**



အလားတူ မူးယစ်တပ်ဖွဲ့စု (၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခွဲက မိုးညှင်းမြို့နယ် မမုန်ကိုင် ကျေးရွာ၏ အနောက်ဘက်တောစပ်တွင် တွေ့ရှိသူ မောင်မှတ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈ ပြား၊ ဘိန်းဖြူ ၅ ဒသမ ၅ ဂရမ်နှင့် တူမီးသေနတ် တစ်လက်တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၄၀) ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက် (ခ/၄)လမ်းထိပ်တွင် ဧွးဝင်း မောင်းနှင်ပြီး ပြည့်ဖြိုးအောင်နှင့် မဝင်းဝင်းကြည်တို့လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ မဝင်းဝင်းကြည်၏ သားရေအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ငွေကျပ်တစ်သိန်းနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိပြီး ကွင်းဆက်အရ အင်းစိန်မြို့နယ် ရွာမ(အရှေ့) ရပ်ကွက် အောက်မင်္ဂလာဒုံလမ်းမကြီးပေါ်တွင် မောင်လှ မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ်တစ်ဂရမ်၊ ငွေကျပ် ၃၅၅၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## သံတွဲမြို့အမှတ် ( ၈ )ရပ်ကွက်တွင် ဆိုင်ခန်းဟောင်းမီးလောင်မှုဖြစ်

**သံတွဲ ဇန်နဝါရီ ၁၇**

သံတွဲမြို့အမှတ်(၈)ရပ်ကွက် အံတော်တောင်ရင်းကုန်းလမ်းတွင် ဆိုင်ခန်းဟောင်းတစ်ခန်း မီးလောင်မှုဖြစ်ပွားရာ ဆိုင်ခန်းအတွင်း စောင့်အိပ်နေသူအမျိုးသားတစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် လျှပ်စစ်ဒါးမိန်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ကာ မီးလောင်မှုကြောင့် ဈေးဆိုင်ခန်းတစ်ခန်းဆုံးရှုံးခဲ့ပြီး ဆိုင်ခန်းစောင့် ဦးကျော်ဇေယျ (ခ) အရှည်ကြီး (၃၈ နှစ်) မှာ သေဆုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားသည်ကို တာဝန်သိပြည်သူတစ်ဦးက မြို့နယ်မီးသတ်တပ်ဖွဲ့သို့ သတင်းပေးပို့သဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေလင်းကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးသည် မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ရပ်ကွက်နေပြည်သူများနှင့် ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီတွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ခန်းပိုင်ရှင် ဦးသိန်းဇော်ဦးကို သံတွဲမြို့နယ်ရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက် )**

## အမျိုးသမီးငယ်တစ်ဦးအား သားမယားအဖြစ် ပြုကျင့်ခဲ့သူသုံးဦးကို ထောင်ဒဏ်နှစ် ၂၀ စီ ချမှတ်

**မြဝတီ ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့တွင် အသက်(၁၅ နှစ်) အရွယ် (ဉာဏ်ရည်မမီသူ) အမျိုးသမီးတစ်ဦးကို သားမယားအဖြစ်ပြုကျင့်သဖြင့် စစ်ဆေးနေသောအမှုမှ ပြစ်မှုကျူးလွန်သူသုံးဦးကို မြဝတီခရိုင်တရားရုံးက ဇန်နဝါရီ ၁၅ ရက်တွင် ထောင်ဒဏ်နှစ် ၂၀ စီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ မြဝတီမြို့အမှတ်(၂) ရပ်ကွက်နေ ဒေါ်တင်စန်းရီ (၅၇ နှစ်)၏ တူမဖြစ်သူ (၁၅ နှစ်) အရွယ် မ----မှာ ဆီးအိမ်အောင့်နေကြောင်း အဒေါ်ဖြစ်သူအား ပြောပြ၍ အကျိုးအကြောင်းမေးမြန်းရာ ၂၆-၁-၂၀၁၈ ရက် ည ၁၀ နာရီခန့်က နေအိမ်တွင်ရှိနေစဉ် တံခါးခေါက်သံကြားရသဖြင့် တံခါးဖွင့်ပေးခဲ့ရာ မျက်နှာချင်းဆိုင်အိမ်တွင် နေထိုင်သော အမျိုးသားတစ်ဦးဖြစ်နေပြီး မ----(၁၅ နှစ်) အား ပါးစပ်ပိတ်၍ ၎င်းနေအိမ်သို့ ပွေ့ခေါ်သွားပြီး နေအိမ်အောက်ထပ်တွင် အလိုမတူဘဲ သားမယားအဖြစ်တစ်ကြိမ် ပြုကျင့်ခဲ့ကြောင်း၊ ထို့နောက် နောက်ထပ်အမျိုးသားနှစ်ဦးကလည်း သားမယားအဖြစ်တစ်ကြိမ်စီ ထပ်မံပြုကျင့်ကြောင်း ပြောပြသိရှိရသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သွားရောက်အကြောင်းကြားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၂)ရပ်ကွက် နတ်စင်ကုန်းအပိုင် ဆယ်အိမ်မှူး ကိုဇော်မိုးနှင့်အဖွဲ့က မေးမြန်းစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ မျက်နှာချင်းဆိုင်နေအိမ်မှ ညီအစ်ကိုသုံးဦးဖြစ်သော ကျော်မျိုးဦး(ခ)ဘာကယ်(၃၀ နှစ်)၊ ကျော်ဝေဦး(ခ)ကမာဖိုး(၂၇ နှစ်)နှင့် ကျော်မင်းဦး (ခ) အိုမယ်(၂၄ နှစ်) တို့ဖြစ်ကြောင်း သိရှိရ၍ ဒေါ်တင်စန်းရီက တရားလိုပြုလုပ်ကာ ၃၀-၁-၂၀၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြဝတီမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် မြဝတီမြို့မရဲစခန်းက (ပ)၈၉/၂၀၁၈ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

အမှုအား မြဝတီမြို့မရဲစခန်းမှူးက စစ်ဆေး၍ မြဝတီခရိုင်တရားသို့ တရားစွဲတင်ပို့ခဲ့ရာ မြဝတီခရိုင်တရားရုံးက အမှုအမှတ် ၃၃/၂၀၁၈ ဖြင့် လက်ခံ၍ ခရိုင်တရားသူကြီး ဦးကော်နေမူးက စစ်ဆေးခဲ့ပြီး အမှုမှတရားခံသုံးဦးအား ပြစ်မှုထင်ရှား၍ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ ထောင်ဒဏ်နှစ် ၂၀ စီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**




## မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ယာဉ်တစ်စီးဖမ်းမိ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇန်နဝါရီ ၁၆ ရက်က တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Mitsubishi Parjero IO ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆၆ စီး၊ သွင်းကုန် ၇၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၆ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၇၄၆ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇ သန်း စုစုပေါင်း တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၄၄၆ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆီဆိုင်၊ ဟိုပုံးနှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဆီဆိုင်မြို့နယ် ပန်အွန်းကျေးရွာတောင်ဘက်နှစ်မိုင်ခန့်အကွာ၌ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သီဟန် ဦးစီးပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်တွင် အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်ကို ဖျက်ဆီးရှင်းလင်းခဲ့သည်။

ဟိုပုံးမြို့နယ် ဒုံလိတန်ကျေးရွာ၌ ဘိန်းစိုက်ခင်း ၂၆ ဧကခန့်နှင့် မိုင်းပျဉ်းမြို့နယ် ပန်တားလေးကျေးရွာအနီး၌ ဘိန်းစိုက်ခင်းရှစ်ဧကခန့်ကိုလည်း ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# တာလတ်ပစ် နျူကလီးယားလက်နက်သဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ရုရှားလိုလား

**မော်စကို ဇန်နဝါရီ ၁၇**

အမေရိကန်ပြည်ထောင်စုက စွန့်လွှတ်ရန်ကြိုးပမ်းနေသည့် တာလတ်ပစ်နျူကလီးယားလက်နက်သဘောတူစာချုပ် (INF) ကို ဆက်လက်ထိန်းသိမ်းသွားရေး လုပ်ဆောင်ရန် ရုရှားက ဆန္ဒရှိနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဥရောပနိုင်ငံများအနေဖြင့် နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းရန် စိတ်ဝင်စားမည်ဟု မျှော်လင့်ကြောင်း လက်ဗရော့က သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။ ရုရှားလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဆာဂျီရက်ဘ်ကော့ဗ်နှင့် လက်နက်ထိန်းချုပ်ရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်ဒရီယာ သွမ်ပဆင်တို့သည် ၁၉၈၇ တွင် လက်မှတ်ရေးထိုးခဲ့သည့် နျူကလီးယားသဘောတူစာချုပ်၏ ကံကြမ္မာနှင့်ပတ်သက်သည့် အကြံဉာဏ်ရယူမှု ညှိနှိုင်းဆွေးနွေးပွဲများကို ဂျီနီဗာ၌ ကျင်းပခဲ့သည်။

မော်စကိုနှင့် အမေရိကန်ပြည်ထောင်စုတို့သည် တင်းမာမှုများ ပိုမိုမြင့်တက်လာလျက်ရှိပြီး သမိုင်းဝင်လက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ်ကို ဖောက်ဖျက်သည်ဟု တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲလျက်ရှိသည်။ အင်္ဂါနေ့က တွေ့ဆုံဆွေးနွေးမှုအပြီးတွင် သွမ်ပဆင်က ရုရှားသည် 9M729 ဒုံးခွင်းစနစ်ကို ဖျက်ဆီးရန် ငြင်းဆန်ခြင်းအားဖြင့် နျူကလီးယားသဘောတူစာချုပ်ကို ချိုးဖောက်နေကြောင်း အပြစ်တင်ခဲ့သည်။

ရုရှားသည် သဘောတူစာချုပ်နှင့်ပတ်သက်၍ အပြည့်အဝလေးစားလိုက်နာမည့် ၎င်း၏အစီအစဉ်ကို ရှင်းပြရန် ပြင်ဆင်လာခဲ့ခြင်းမရှိဟု ၎င်းကပြောကြားခဲ့သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က အမေရိကန်ပြည်ထောင်စုမှ တာဝန်ရှိသူများသည် ပြင်ဆင်ထားသည့် အစီအစဉ်တစ်ရပ်နှင့်အတူ ညှိနှိုင်းဆွေးနွေးပွဲများသို့ ရောက်ရှိလာကြောင်း ပြောကြားခဲ့သည်။

မော်စကိုအနေဖြင့် ဝါရှင်တန်ကို လွှမ်းမိုးရန် ဆက်လက်ကြိုးစားမည်ဖြစ်ပြီး နိုင်ငံတကာအဖွဲ့ဝင်များအားလုံးနှင့် ဆက်ဆံရာတွင် ပိုမိုတာဝန်ကြီးသည့်နေရာမှ ဆောင်ရွက်နေကြောင်း ဆာဂျီလက်ဗရော့က သတင်းထောက်များသို့ပြောကြားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ဒုံးကျည်ဖျက်သင်္ဘော USS Barry မှ Tomahawk ခရုစ်ဒုံးကျည်ပစ်လွှတ်ခဲ့သည်ကို တွေ့ရစဉ်။



လူမှုမီဒီယာမှတစ်ဆင့် အကြမ်းဖက်မှုဖြစ်ပွားအောင် လှုံ့ဆော်သည်ဟူသော စွပ်စွဲချက်ဖြင့် ရဲစခန်းသို့ ခေါ်ဆောင်မသွားမီ တွေ့ရသည့် ဇင်ဘာဘွေတက်ကြွလှုပ်ရှားခေါင်းဆောင်ဖြစ်သူ အီဗန်မက်ဝါရာ

# ဇင်ဘာဘွေ ဆန္ဒပြမှုတွင် တက်ကြွလှုပ်ရှားခေါင်းဆောင်ကို ရဲတပ်ဖွဲ့က ဖမ်းဆီး

**ဟာရာရီ ဇန်နဝါရီ ၁၇**

ဇင်ဘာဘွေ၌ အစိုးရဆန့်ကျင် ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့က ယင်းဆန္ဒပြမှုများကို အကြီးအကျယ်နှိမ်နင်းဖြိုခွဲမှုများပြုလုပ်နေသလို ဇင်ဘာဘွေတက်ကြွလှုပ်ရှား ခေါင်းဆောင်ဖြစ်သူ အီဗန်မက်ဝါရာကိုလည်း ၎င်း၏နေအိမ်တွင် ယမန်နေ့က ဖမ်းဆီးလိုက်ကြောင်း သိရသည်။

နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းပိုမိုနက်ရှိုင်းလာသောကြောင့် သမ္မတ အီမာဆန်မနန်ဂါဂွါက လွှန်ခဲ့သည့် ရက်အနည်းက လောင်စာဆီဈေးနှုန်းများ နှစ်ဆမြှင့်လိုက်ပြီးနောက်ပိုင်းတွင် နိုင်ငံအဝန်း ဆန္ဒပြမှုများဖြစ်ပွားလာခဲ့သည်။

"လက်နက်အပြည့်အစုံနဲ့ ရဲတပ်ဖွဲ့ဝင်တွေ သူ့ရဲ့ အိမ်ကို ဝိုင်းထားကြတယ်။ သူနဲ့ နောက်ဆုံးအချိန်အထိ တိုက်ရိုက်အဆက်အသွယ်မပြတ်ဘူး။ အခုတော့ ကျွန်မအလွန်စိတ်ပူနေတယ်" ဟု ဇင်ဘာဘွေတက်ကြွလှုပ်ရှားခေါင်းဆောင်ဖြစ်သူ၏ညီမ တယ်လ်ဒါ မာဝါရာက ပြောသည်။

လူမှုမီဒီယာမှတစ်ဆင့် အကြမ်းဖက်မှုတွေဖြစ်ပွားအောင် လှုံ့ဆော်သည်ဟူသော စွပ်စွဲချက်ဖြင့် ၎င်းကို ရဲများက ရဲစခန်းသို့ ခေါ်ဆောင်သွားသည်ဟု အီဗန်မက်ဝါရာ၏ ရှေ့နေဖြစ်သူ ဘဲထရစ်မတက်ဝါက ပြောသည်။

ဆန္ဒပြမှုဂယက်သည် ဇန်နဝါရီ ၁၄ ရက်ကတည်းက ဖြစ်ပွားရာ ယခုအချိန်အထိ အနည်းဆုံး လူငါးဦးသေဆုံးသွားပြီဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောသည်။ ဆန္ဒပြသူများက ရဲစခန်းကို မီးရှို့လိုက်ပြီးနောက် အဓိကရုဏ်းနှိမ်နင်းရေးရဲများက အဆိုပါ ဆန္ဒပြသူများအား လက်နက်အစစ်များ၊ ရော်ဘာကျည်ဆန်များ၊ မျက်ရည်ယိုဗုံးများဖြင့် ပြန်လည်တုံ့ပြန်မှုများ ပြုလုပ်ခဲ့သည်။

ဆန္ဒပြမှုဂယက်ကြောင့် ဇင်ဘာဘွေနိုင်ငံ၏ မိုဘိုင်းကွန်ရက်များနှင့် အင်တာနက်များကို ယမန်နေ့အထိ တစ်စိတ်တစ်ပိုင်း ပိတ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ထရမ့်၏ ပြည်ထောင်စုမိန့်ခွန်းပြောကြားရန် စီစဉ်ထားမှုကို အချိန်ဆိုင်းပေးရန် အောက်လွှတ်တော်ဥက္ကဋ္ဌ တောင်းဆို

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီသည် လာမည့်ဇန်နဝါရီ ၂၉ ရက်တွင် အမေရိကန်သမ္မတဒေါ်နယ် ထရမ့် ပြည်ထောင်စုမိန့်ခွန်းပြောကြားရန် စီစဉ်ထားမှုကို အချိန်ဆိုင်းထားပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

နန်စီပီလိုစီက ထရမ့်ထံသို့ ရေးသားခဲ့သည့် ပေးစာထဲတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ဖွယ်အခြေအနေများနှင့် အစိုးရယန္တရားပြန်ဖွင့်ပေးနိုင်ခြင်း မရှိသည့်အချိန်၌ ဇန်နဝါရီ ၂၉ ရက်တွင် ပြည်ထောင်စုမိန့်ခွန်း ပြောကြားရန်အတွက် ကွန်ဂရက်လွှတ်တော်သို့ ပေးပို့ခဲ့သည့် အစီအစဉ်ကို ပြန်လည်စဉ်းစားသုံးသပ်ရန် သို့မဟုတ် အစိုးရယန္တရားပြန်လည်ဖွင့်လှစ်ပြီးနောက်မှသာ မိန့်ခွန်းအတွက် အခြားသင့်တော်မည့် ရက်စွဲတစ်ခုကို သတ်မှတ်ရန်အတွက် မိမိတို့အတူတကွ လက်တွဲဆောင်ရွက်ကြရန် အကြံပြုလိုက်ကြောင်း ဖော်ပြထားသည်။

အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့နှင့် ပြည်တွင်းလုံခြုံရေးဌာနတို့က ပြည်ထောင်စုမိန့်ခွန်းပြောကြားမည့်နေ့ရက်အတွက် လုံခြုံရေးဆောင်ရွက်မည့် ဖက်ဒရယ်အေဂျင်စီများကို ဦးဆောင်ညွှန်ကြားလျက်ရှိသည်။ နန်စီပီလိုစီ၏ ယင်းတောင်းဆိုမှုနှင့် ပတ်သက်၍ အိမ်ဖြူတော်ထံမှ တုံ့ပြန်ခြင်းမရှိသေးပေ။

အမေရိကန် ခေတ်သစ်သမိုင်းကြောင်း၌ အချိန်ကြာမြင့်ဆုံးအဖြစ် စံချိန်တင်ခဲ့သည့် အစိုးရယန္တရားရပ်ဆိုင်းမှုသည် အမေရိကန်-မက္ကဆီကို နယ်စပ်၌ တံတိုင်းတည်ဆောက်ရေးအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံချပေးရန် ထရမ့်က တောင်းဆိုရာမှ အစပြုခဲ့သည်။ ကွန်ဂရက်လွှတ်တော်အတွင်းရှိ ဒီမိုကရက်တစ်အဖွဲ့ဝင်များက ၎င်း၏ အဆိုပြုချက်ကို ပယ်ချခဲ့သည့်အတွက် ဒီဇင်ဘာ ၂၂ ရက်တွင် အစိုးရယန္တရားရပ်ဆိုင်းသွားခဲ့ခြင်း ဖြစ်သည်။

**ဆင်ဟွာ**



နယူးယောက်၌ ဖက်ဒရယ်အစိုးရအဆောက်အအုံအပြင်ဘက်တွင် အစိုးရယန္တရားရပ်ဆိုင်းမှုအပေါ် ဆန္ဒပြသူများအား တွေ့ရစဉ်။

# မန်ဘစ်ဂျ်၌ ဖြစ်ပွားသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးကြောင်းခန့်မှန်း

**ဘေရွတ် ဇန်နဝါရီ ၁၇**

ဆီးရီးယားနိုင်ငံ မန်ဘစ်ဂျ်မြို့တွင် ယမန်နေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူအတော်များများသေဆုံးခဲ့ကြောင်းနှင့် သေဆုံးသူများထဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များလည်း ပါဝင်ကြောင်း အမေရိကန်ဦးဆောင်မဟာမိတ်အဖွဲ့က ပြောသည်။ သို့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက် မည်မျှဆိုသည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားသည့်နေ့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ယခင်အတိုင်း ကင်းလှည့်နေကြောင်းနှင့် ၎င်းတို့ ကင်းလှည့်နေစဉ် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မဟာမိတ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက လူမှုမီဒီယာတစ်ခုပေါ်သို့ တင်လိုက်သော ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြလိုက်သည်။

မိမိတို့ သတင်းအချက်အလက်များကို ရယူနေဆဲဖြစ်ကြောင်း၊ နောက်ဆုံးအချိန်အထိ နောက်ထပ်ရလာသည့်သတင်းအချက်အလက်များကို ဖော်ပြသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေခြင်းကို ဦးတည်တိုက်ခိုက်သော အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး နှစ်ဦးခန့်ကျဆုံးနိုင်ကြောင်း ပြောသည်။ မန်ဘစ်ဂျ်တွင် ၁၀ လအတွင်း ယခုကဲ့သို့ အမေရိကန်တပ်ဖွဲ့ဝင်များကို ဦးတည်ပြီး အသေခံဗုံးခွဲတိုက်ခိုက်သည့် ဖြစ်စဉ်မျိုးသည် ကြုံတောင့်ကြုံခဲကိစ္စဖြစ်ကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုကို အိုင်အက်စ်အစွန်းရောက်အကြမ်းဖက်အဖွဲ့က ပြုလုပ်သည်ဟု စွပ်စွဲထားသည်။ မကြာသေးမီက အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က အိုင်အက်စ်စစ်ပွဲနိုင်ပြီဟု ကြေညာလိုက်ပြီး အမေရိကန်တပ်ဖွဲ့များကို ဆီးရီးယားမှ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ရည်မှန်းချက်တွေ မပြည့်မြောက်ခဲ့တဲ့ မိုက်ပွန်ပီအိုရဲ့ အရှေ့အလယ်ပိုင်းခရီးစဉ်

**ကလျာမိုးမြင့်**

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုရဲ့ အရှေ့အလယ်ပိုင်းဒေသခရီးစဉ်ဟာ ရည်မှန်းချက်တွေ ထင်သလောက်မပေါက်ခဲ့ဘူးလို့ ဒီကိစ္စကို လေ့လာစောင့်ကြည့်နေတဲ့ ကျွမ်းကျင်သူတွေက ဝေဖန်သုံးသပ်ခဲ့ပါတယ်။**

### ခရီးစဉ်ကို မြန်မြန်အဆုံးသတ်ခဲ့

မိုက်ပွန်ပီအိုဟာ မိသားစုတစ်စုရဲ့ ဈာပနကိစ္စနဲ့ပတ်သက်ပြီး အကြောင်းပြချက်တစ်ခုနဲ့ ၎င်းရဲ့ အရှေ့အလယ်ပိုင်းခရီးစဉ်ကို မြန်မြန်ဆန်ဆန်ပဲ အဆုံးသတ်လိုက်ပါတယ်။ အိုမန်ရှိ မတ်စကတ်မှာ ဆွေးနွေးပွဲတွေပြုလုပ်ခဲ့ပြီးတဲ့နောက် မိုက်ပွန်ပီအိုဟာ အမေရိကန်ပြည်ထောင်စုကို ပြန်သွားတော့မှာ ဖြစ်တယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ရောဘတ် ပါလာဒီနိုက အီးမေးလ်တစ်စောင်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

အမေရိကန်ထိပ်တန်းသံတမန်တစ်ဦးရဲ့ ခရီးစဉ်မှာ ဂျော်ဒန်၊ အီဂျစ်၊ ဘာရိန်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အီရတ်၊ ဆော်ဒီအာရေဗျ၊ အိုမန်နဲ့ ကာတာနိုင်ငံတွေ ပါဝင်ခဲ့ပါတယ်။ ပါလာဒီနိုက ပွန်ပီအိုဟာ သိပ်မကြာခင်မှာ ကူဝိတ်နိုင်ငံကို ခရီးစဉ်သွားရောက်ဖို့ စဉ်းစားလိမ့်မယ်လို့လည်း ဖော်ပြထားပါတယ်။

### မဟာမိတ်ထူထောင်ဖို့ဖြစ်

၎င်းရဲ့အလည်အပတ်ခရီးစဉ် သွားရောက်ရတဲ့ အဓိကရည်မှန်းချက်ပန်းတိုင်ကတော့ အီရန်ကိုဆန့်ကျင်တဲ့ အာရပ်မဟာမိတ်တစ်ခု ထူထောင်ဖို့ဖြစ်ပြီး တခြားရည်မှန်းထားတာတွေလည်း ရှိနေပါတယ်။ ဒီတော့ အဲဒီအဓိကကျတဲ့ရည်မှန်းချက်ပန်းတိုင်ကို အခြေပြုပြီးတော့ ခရီးစဉ်သွားရောက်မယ့်နိုင်ငံတွေကို အသေအချာရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ဒီလို မဟာမိတ်ထူထောင်ရခြင်းရဲ့ အဓိကမဏ္ဍိုင်ကတော့ ကာတာနိုင်ငံကို အာရပ်မဟာမိတ်အဖွဲ့ထဲ ပြန်ခေါ်ချင်လို့ဆိုတဲ့ အချက်ပါပဲ။

### ဆက်ဆံရေးဖြတ်တောက်

ကာတာနိုင်ငံကို ရောက်ရှိနေစဉ်အတွင်းမှာ မိုက်ပွန်ပီအိုဟာ ကာတာနဲ့ ၎င်းရဲ့ပင်လယ်ကွေ့ဒေသ အိမ်နီးချင်းနိုင်ငံတွေအကြားမှာ မကြာခဏဆိုသလို ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေ အဆုံးသတ်ကြဖို့ တိုက်တွန်းခဲ့တာကိုလည်း တွေ့ရပါတယ်။ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ယူအေအီး (အာရပ်စော်ဘွားများ ပြည်ထောင်စု) နဲ့ အီဂျစ်နိုင်ငံတွေဟာ ၂၀၁၇ခုနှစ် ဇွန်လမှာ ကာတာနိုင်ငံကို ဆက်ဆံရေးဖြတ်တောက်လိုက်ကြပါတယ်။ ဖြတ်တောက်လိုက်ရတဲ့ အကြောင်းကတော့ အကြမ်းဖက်လုပ်ရပ်တွေကို ကာတာနိုင်ငံက ကူညီထောက်ပံ့ပေးနေတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ဆက်ဆံရေးဖြတ်တောက်လိုက်တာဖြစ်ပြီး ကာတာကတော့ စွပ်စွဲချက်တွေကို မဟုတ်ဘူးလို့ ငြင်းဆန်နေဆဲဖြစ်ပါတယ်။

### အငြင်းပွားမှုတွေက အထောက်အကူမပြု

ပင်လယ်ကွေ့နိုင်ငံတွေအကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ပတ်သက်ပြီး မိုက်ပွန်ပီအိုက အငြင်းပွားမှုတွေကို ကန့်သတ်လိုက်ပြီး အတူတကွစုပေါင်းလုပ်ဆောင်ကြတဲ့အခါ ကျွန်ုပ်တို့ဟာ ပိုမိုအင်အားကြီးမားလာတယ်။ စိန်ခေါ်မှုတွေ ရှိလာတဲ့အခါ ရည်မှန်းချက်တွေတူညီတဲ့ နိုင်ငံတွေကြား အငြင်းပွားနေတာတွေက ဘယ်တော့မှအထောက်အကူဖြစ်လာမှာ မဟုတ်ဘူးလို့ ၎င်းက ဒိုဟာမှာရှိနေစဉ်သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

ကာတာရဲ့အကျပ်အတည်းကျရောက်နေတဲ့ ကိစ္စကို ဖြေရှင်းဖို့ အာရပ်နိုင်ငံတွေကြားမှာ ဘုံသဘောတူညီမှု မရရှိသေးသလို အီရန်အရေးနဲ့ပတ်သက်ပြီး အာရပ်နိုင်ငံတွေရဲ့ ဦးစားပေးဆောင်ရွက်ရမယ့် ကိစ္စတွေကလည်း လုံးဝကွဲပြားခြားနားနေတယ်လို့ ကိုင်ရိုရှိ အမေရိကန်တက္ကသိုလ်က နိုင်ငံရေးသိပ္ပံပါမောက္ခ နိုဟာဘာကီရာက သုံးသပ်ခဲ့ပါတယ်။

### လုံခြုံဘေးကင်းမှုရမှာမဟုတ်

ပြီးခဲ့တဲ့ ကြာသပတေးနေ့က ကိုင်ရိုရှိ အမေရိကန်တက္ကသိုလ်မှာ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အကယ်၍ အီရန်က အခုလက်ရှိသွားနေတဲ့ လမ်းကြောင်းအတိုင်းပဲ ဆက်သွားနေဦးမယ်ဆိုရင် အရှေ့အလယ်ပိုင်းနိုင်ငံတွေဟာ လုံခြုံဘေးကင်းမှုကို ဘယ်သောအခါမှ ခံစားရမှာ မဟုတ်သလို စီးပွားရေးတည်ငြိမ်မှုကိုလည်း ဘယ်တော့မှ ရရှိမှာမဟုတ်ဘူး။ ပြည်သူတွေရဲ့ စိတ်ကူးယဉ်အိပ်မက်တွေလည်း ဘယ်တော့မှ အကောင်အထည်ပေါ်လာဖို့ မဖြစ်နိုင်တော့ဘူးလို့ ၎င်းကပြောကြားခဲ့တာ ဖြစ်ပါတယ်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်နှင့် တွေ့ဆုံနေစဉ်။

အမေရိကန်ပြည်ထောင်စုဟာ အီရတ်၊ လက်ဘနွန်၊ ဆီးရီးယား၊ ယီမင်နဲ့ ဒီအပြင်နေရာတွေမှာ အီရန်နဲ့ ၎င်းရဲ့အပေါင်းအပါတွေက လုပ်ဆောင်နေတဲ့ အန္တရာယ်ရှိတဲ့ အပြုအမူတွေကို ရပ်တန့်သွားစေဖို့ ဒေသတွင်းရော ဒေသတွင်းကို ကျော်လွန်ပြီးတော့ပါ ၎င်းရဲ့ မိတ်ဖက်တွေနဲ့ လက်တွဲလုပ်ဆောင်နေပါတယ်။ အီဂျစ်နိုင်ငံကို သွားတဲ့ ပွန်ပီအိုရဲ့ ခရီးစဉ်မှာ အဓိကဦးစားပေးကိစ္စဟာ နှစ်ဖက်စလုံးက ကြည့်မယ်ဆိုရင် ကွဲပြားခြားနားနေပါတယ်။

### အီဂျစ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒ

သမ္မတ အဗ္ဗဒယ်လ် ဖက်တာ အယ်လ်စီစီ အာဏာရရှိလာချိန်ကစပြီး ကျင့်သုံးခဲ့တဲ့ အီဂျစ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာ ဘယ်မဟာမိတ်တွေနဲ့ ပူးပေါင်းခြင်းအပေါ်မှာမှ အခြေခံထားတာ မရှိသလို တပ်ဖွဲ့ဝင်တွေကို ပြည်ပသို့စေလွှတ်တဲ့ အပေါ်မှာလည်း အခြေမခံပါဘူး။ အီရန်ရဲ့လွှမ်းမိုးလာမှုကို ကာကွယ်ဖို့အတွက် မဟာမိတ်တစ်ရပ် ထူထောင်ရေးကို မိုက်ပွန်ပီအိုက အလေးပေးလာချိန်မှာ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှူကရီက ၎င်းလုပ်နိုင်တဲ့ပုံစံမျိုးစုံနဲ့ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ဖို့ကို အာရုံစိုက်နေတာဖြစ်ပါတယ်။ မိုက်ပွန်ပီအိုဟာ အီဂျစ်ရဲ့အဓိက ဦးစားပေးကိစ္စရပ်ဖြစ်တဲ့ ပါလက်စတိုင်းအရေးကိစ္စအပေါ် ထိတွေ့ဆောင်ရွက်ခဲ့မှု မရှိဘူးလို့ ကျွမ်းကျင်သူတချို့က ပြောခဲ့ပါတယ်။

### အာရပ်ဒေသရဲ့ကြွယ်ဝမှုကို လျော့ကျစေ

အာရပ်ပြည်သူတွေအနေနဲ့က အမေရိကန်ပြည်ထောင်စုကို အီရတ်ရဲ့ ဖျက်ဆီးမှုနောက်ကွယ်မှာရှိနေတဲ့ အဓိကအင်အားတစ်ရပ်လို့ ရှုမြင်နေတာဖြစ်သလို အာရပ်ရဲ့ ကြွယ်ဝချမ်းသာမှုကို လျော့ကျစေတဲ့ အင်အားစု တစ်ခုလို့ ယူဆထားတာဖြစ်တယ်။ ဒီတော့ အာရပ်ပြည်သူတွေက အမေရိကဟာ အာရပ်ဒေသကို ဖျက်ဆီးခဲ့ပြီးနောက် ၎င်းဖန်တီးထားခဲ့တဲ့ ပြဿနာတွေကို အဆင်ပြေညီညွတ်အောင် လုပ်ဆောင်သွားခြင်းမရှိဘဲ ဆုတ်ခွာသွားခဲ့တယ်လို့ ယူဆနေကြတယ်လို့ ပါမောက္ခ ဘာကီရာက ဝေဖန်ထောက်ပြခဲ့ပါတယ်။

အီရန်ကို ဆန့်ကျင်တဲ့ မဟာမိတ်ထူထောင်ရာမှာ မိုက်ပွန်ပီအိုက ကာတာကို ကူညီထောက်ပံ့ပေးမယ်ဆိုတဲ့ အချက်ကိုလည်း ပြသချင်နေတာဖြစ်တယ်။ အမေရိကန်အစိုးရက ဦးတည်နေတဲ့လမ်းကြောင်းသစ်ဟာ အရှေ့အလယ်ပိုင်းဒေသကို လျစ်လျူရှုထားရာ ရောက်နေတယ်။ ပြီးတော့ အမေရိကန်ဟာ အာရပ်နိုင်ငံတွေကို ၎င်းတို့ရဲ့ကိုယ်ပိုင်အရေးကိစ္စတွေကို ဆက်လက်လုပ်ဆောင်ပြီး ကိုယ့်ပြဿနာကို ကိုယ်တိုင်ဖြေရှင်းစေချင်နေတာဖြစ်တယ်လို့လည်း ဘာကီရာက ဆိုပါတယ်။

### ရည်မှန်းချက် ခက်ခဲနိုင်

မိုက်ပွန်ပီအိုရဲ့ ခရီးစဉ်ဟာ အောင်မြင်မှုရလဒ်တွေကို မဆောင်ကြဉ်းပေးနိုင်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ အာရပ်ဒေသအရေးကိစ္စ၊ ကာတာရဲ့ အကျပ်အတည်းကိစ္စနဲ့ ဆီးရီးယားမှာဖြစ်နေတဲ့ နိုင်ငံရေးဆိုင်ရာလစ်ဟာမှုကိုသာ အမေရိကန်က အာရုံစိုက်ချင်နေတာဖြစ်တယ်လို့ ၎င်းကပြောပါတယ်။ တချို့အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး အာရပ်ခေါင်းဆောင်တွေကြားမှာ သဘောထားကွဲလွဲနေတာတွေကြောင့် အီရန်ကို ဆန့်ကျင်မယ့် အာရပ်နေတိုးမဟာမိတ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းမယ့် အမေရိကန်ရဲ့ ရည်မှန်းချက်ဟာ ခက်ခဲနိုင်ပါတယ်။ ဒါကြောင့် မိုက်ပွန်ပီအိုရဲ့ အရှေ့အလယ်ပိုင်းခရီးစဉ်ဟာ ရည်မှန်းချက်တွေ ထင်ထားသလောက် မပေါက်မြောက်ခဲ့တဲ့ ခရီးစဉ်တစ်ခုလို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ။

**ကိုးကား-ဆင်ဟွာ**

**“သမ္မတ အဗ္ဗဒယ်လ် ဖက်တာ အယ်လ်စီစီ အာဏာရရှိလာချိန်ကစပြီး ကျင့်သုံးခဲ့တဲ့ အီဂျစ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာ ဘယ်မဟာမိတ်တွေနဲ့ ပူးပေါင်းခြင်းအပေါ်မှာမှ အခြေခံထားတာ မရှိသလို တပ်ဖွဲ့ဝင်တွေကို ပြည်ပသို့စေလွှတ်တဲ့ အပေါ်မှာလည်း အခြေမခံပါဘူး”**

## နိုင်ငံတကာသတင်းတိုထွာ

### နိုင်ငံတကာဝေလငါးဖမ်းဆီးမှုကော်မရှင်မှ ဂျပန်နုတ်ထွက်မှုကို ထောက်ခံသူများပြား

**တိုကျို ဇန်နဝါရီ ၁၇**

နိုင်ငံတကာဝေလငါးဖမ်းဆီးမှု ကော်မရှင် (IWC) မှ နုတ်ထွက်ရန် ဂျပန်အစိုးရ၏ဆုံးဖြတ်ချက်ကို ထောက်ခံသူများပြားကြောင်း NHK စစ်တမ်းတစ်ခုအရသိရသည်။

သုံးရက်ကြာ တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့သည့် စစ်တမ်းကောက်ယူမှုတွင် လူပေါင်း ၁၀၂၆ ဦးက မေးမြန်းမှုများကို ဖြေကြားခဲ့သည်။ ဖြေကြားသူများအနက် ၁၃ ရာခိုင်နှုန်းက IWC မှ နုတ်ထွက်ရန် အစိုးရ၏ဆုံးဖြတ်ချက်နှင့် ဝေလငါးဖမ်းဆီးမှု ပြန်လည်စတင်ခြင်းမှာ သင့်လျော်ကြောင်း ဖြေကြားခဲ့သည်။

၄၀ ရာခိုင်နှုန်းက အလွန်သင့်လျော်သည့်ဆုံးဖြတ်ချက်ဖြစ်ကြောင်း ထောက်ခံခဲ့ကြပြီး ၂၇ ရာခိုင်နှုန်းက မသင့်လျော်ကြောင်း ဖြေကြားခဲ့သည်။ ၁၀ရာခိုင်နှုန်းမှာ အစိုးရ၏ဆုံးဖြတ်ချက်ကို ကန့်ကွက်ခဲ့ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

### တရုတ်(တိုင်ပေ)အရေးနှင့် ပတ်သက်၍ အမေရိကန်ကို တရုတ်နိုင်ငံသတိပေး

**တိုင်ပေ ဇန်နဝါရီ ၁၇**

တရုတ်(တိုင်ပေ)အရေးကိစ္စနှင့် ပတ်သက်၍ တရုတ်နိုင်ငံက အမေရိကန်ကိုသတိပေးသည့် ဖော်ပြချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အမေရိကန်ရေတပ်မှ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သည့် ရေတပ်ဗိုလ်ချုပ်ကြီး ဂျွန်ရစ်ချတ်ဆန်နှင့် တရုတ်နိုင်ငံ စစ်ဘက်ကော်မရှင် ပူးတွဲရုံးအဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီးလီကျိုချန်တို့သည် ပြီးခဲ့သည့် အင်္ဂါနေ့က ပေကျင်း၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ရစ်ချတ်ဆန်သည် ပြီးခဲ့သည့် တနင်္ဂနွေနေ့မှစ၍ တရုတ်နိုင်ငံ၌ ရောက်ရှိနေခဲ့သည်။

၎င်းတို့နှစ်ဦးသည် တောင်တရုတ်ပင်လယ်အရေးနှင့် တရုတ်(တိုင်ပေ)အရေးတို့တွင် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။ လီက တရုတ်(တိုင်ပေ)အရေးသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စဖြစ်ပြီး တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် အရေးကိစ္စဖြစ်သည့်အပြင် တရုတ်နိုင်ငံ ပြည်သူများ၏ အမျိုးသားရေးကိစ္စဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ကြားဝင်စွက်ဖက်လာမှုများကို တရုတ်နိုင်ငံက လက်ခံမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ၁၇-၁-၂၀၁၉ ရက်စွဲပါ အမိန့်ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၉ ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၇**

စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် ၂၆-၁၀-၂၀၁၈ ရက်စွဲပါ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၈) အား ထုတ်ပြန်ခဲ့ပါသည်-

အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ၆လပြည့်မြောက်သည့်နေ့တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် ညွှန်ကြားချက် နောက်ဆက်တွဲပါဇယားအတိုင်း လိုက်နာဆောင်ရွက်ရန် အသိပေးအပ်ပါသည်။

**စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ**

ကုန်အညွှန်းအမှတ်အသားများ မြန်မာဘာသာနှင့်ဖော်ပြရမည့် သတ်မှတ်ချက်ဇယား

| စဉ် | ကုန်ပစ္စည်း | သုံးစွဲမှုအညွှန်း | ထားသို သိမ်းဆည်းပုံအညွှန်း | ဓါတ်မတည့်ကြောင်း ဖော်ပြချက်/ကြိုတင်သတိပေးချက် | ဘေးထွက်ဆိုးကျိုး |
|---|---|---|---|---|---|
| (က) | အစားအသောက်များ | | | | |
| | (၁) အချိုရည်နှင့် ယို့မျိုးစုံ | ✔ | ✔ | ✔ | ✘ |
| | (၂) နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၃) အသားနှင့် အသားထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၄) ဥ နှင့် ဥထွက်ပစ္စည်းအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၅) စည်သွပ်အစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၆) စားသုံးဆီအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၇) အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည် ထုပ်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၈) အသင့်စားခေါက်ဆွဲခြောက်ထုပ် အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၉) အရန်သင့်အစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၀) အေးခဲအစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၁) သောက်ရေသန့်အမျိုးမျိုး | ✘ | ✔ | ✘ | ✘ |
| | (၁၂) ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသော ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၃) ဗရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၄) အသင့်စားမုန့်အမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၁၅) ကလေးအာဟာရဖြည့်စွက်စာ အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၆) ကျွမ်းစားဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၁၇) ဆေးလိပ်အမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၁၈) ယမကာအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၁၉) အခြားပြုပြင်ထုပ်ပိုး/ထုတ်လုပ်ထားသောစားသောက်ကုန် အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |

၂

| စဉ် | ကုန်ပစ္စည်း | သုံးစွဲမှုအညွှန်း | ထားသို သိမ်းဆည်းပုံအညွှန်း | ဓါတ်မတည့်ကြောင်း ဖော်ပြချက်/ကြိုတင်သတိပေးချက် | ဘေးထွက်ဆိုးကျိုး |
|---|---|---|---|---|---|
| (ခ) | အိမ်သုံးပစ္စည်းများ | | | | |
| | (၁) အိမ်သုံးလျှပ်စစ်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၂) အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| (ဂ) | ကလေးအသုံးအဆောင်ပစ္စည်းများ | | | | |
| | (၁) ကလေးလက်တွန်းလှည်းပစ္စည်း အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၂) ကလေးလမ်းလျှောက်ကွင်းပစ္စည်း အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၃) ကလေးကစားစရာအရုပ်နှင့် ပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၄) ကလေးပုခက်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၅) ကလေးတစ်ကိုယ်ရေသန့်ရှင်းရေး သုံးပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (ဃ) | ဆက်သွယ်ရေးသုံးပစ္စည်းများ | | | | |
| | (၁) ကြိုးဖုန်းအမျိုးမျိုး | ✔ | ✘ | ✘ | ✘ |
| | (၂) ကြိုးမဲ့ဖုန်းအမျိုးမျိုး | ✔ | ✘ | ✘ | ✔ |
| | (၃) လက်ကိုင်ဖုန်းအမျိုးမျိုး | ✔ | ✘ | ✘ | ✔ |
| | (၄) ဖုန်းဆက်စပ်ပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✘ | ✘ |
| (င) | ဆေးဝါးနှင့်ဖြည့်စွက်စာများ | | | | |
| | (၁) ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးသောက်ဆေး အမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၂) ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးလိမ်းဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၃) အာဟာရဖြည့်စွက်စာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၄) တိုင်းရင်းဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |

၃

| စဉ် | ကုန်ပစ္စည်း | သုံးစွဲမှုအညွှန်း | ထားသို သိမ်းဆည်းပုံအညွှန်း | ဓါတ်မတည့်ကြောင်း ဖော်ပြချက်/ကြိုတင်သတိပေးချက် | ဘေးထွက်ဆိုးကျိုး |
|---|---|---|---|---|---|
| (စ) | ဓါတုဗေဒပစ္စည်းများ | | | | |
| | (၁) စိုက်ပျိုးရေးသုံးဓါတ်မြေဩဇာ အမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၂) ပိုးသတ်ဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၃) စားသောက်ကုန်များတွင် အသုံးပြုသောဓါတုပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၄) လူသုံးကုန်များတွင် အသုံးပြုသောဓါတုပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၅) အလှကုန်များတွင် အသုံးပြုသောဓါတုပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (ဆ) | အလှကုန်ပစ္စည်းများ | | | | |
| | (၁) အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ် အထက်) | ✔ | ✔ | ✔ | ✘ |
| | (၂) အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ်နှင့် အောက်) | ✔ | ✘ | ✘ | ✘ |
| | (၃) ဆံပင်ပြုပြင်ရန်သုံးစွဲပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (ဇ) | လူသုံးကုန်ပစ္စည်းများ | | | | |
| | (၁) သွားတိုက်ဆေးအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၂) ဆပ်ပြာအရည်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၃) ဆပ်ပြာအခဲအမျိုးမျိုး | ✘ | ✘ | ✔ | ✘ |
| | (၄) ဆပ်ပြာအမှုန့်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| (ဈ) | လုပ်ငန်းသုံးပစ္စည်းကိရိယာများ | | | | |
| | (၁) စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာ အမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၂) ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင် ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |

မှတ်ချက်။

(၁) (✔)သည် မဖြစ်မနေ ဖော်ပြရန်လိုအပ်သည့် အညွှန်းအမှတ်အသားဖြစ်ပြီး (×) သည် မဖြစ်မနေ ဖော်ပြရန်မလိုအပ်ဘဲ ဖော်ပြလိုက ဖော်ပြနိုင်သည့် အညွှန်းအမှတ်အသားဖြစ်ပါသည်။

(၂) မြန်မာဘာသာဖြင့် ဖော်ပြရာတွင် သာမန်မျက်စိဖြင့် မြင်နိုင်သော စာလုံးအရွယ်အစားဖြစ်ရမည်။

(၃) မြန်မာဘာသာဖြင့် ဖော်ပြရာတွင် ကုန်စည်အမျိုးအစားနှင့် အရွယ်အစားအပေါ် အခြေခံ၍ ဖော်ပြရန်လိုအပ်သည့် အချက်အလက်များကို စားသုံးသူသို့ လက်လီရောင်းချမည့် ကုန်စည်၏ ထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြရန်။

(၄) ကုန်ပစ္စည်းပေါ်တွင် အချက်အလက်များ ဖော်ပြရန် မဖြစ်နိုင်ပါက ကုန်စည်အမျိုးအစားနှင့် စပ်လျဉ်းသည့် လက်ကမ်းစာစောင်/အညွှန်းတို့ဖြင့် ဖော်ပြပြီး ကုန်စည်နှင့်အတူ စားသုံးသူသို့ တစ်ပါတည်းပေးအပ်ရန်။

(၅) ပြည်ပမှ တင်သွင်းဖြန့်ဖြူးသည့် ကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက် ဈေးကွက်ဖြန့်ဖြူးခြင်းမပြုမီ ပြုပြင်ရန်။
(ထပ်ပိုးကပ်ခြင်း သို့မဟုတ် ထုပ်ပိုးပစ္စည်းအသစ် အသုံးပြုခြင်း)

(၆) သက်ဆိုင်ရာဌာနများမှ ကြီးကြပ်ကွပ်ကဲသည့် ကုန်ပစ္စည်းများအတွက် ၎င်းဌာနများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာရန်နှင့် ၎င်းညွှန်ကြားချက်နှင့်အညီ ဤအမိန့်ကြော်ငြာစာပါ ဖော်ပြရန်အချက်များအား မြန်မာဘာသာဖြင့် ဖော်ပြရန်။

(၇) ကျန်းမာရေး အထောက်အကူပြု အသုံးအဆောင်ပစ္စည်းအမျိုးမျိုးတွင် ဆရာဝန်/ကျန်းမာရေးဝန်ထမ်းတို့၏ ညွှန်ကြားချက်မပါဘဲ အသုံးပြုနိုင်သည့် အိမ်သုံးသွေးပေါင်ချိန်စက်၊ အိမ်သုံးသွေးချိုတိုင်းစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ကိုယ်ဝန် ရှိ/မရှိ ဆီးစစ်တံ၊ ကွန်ဒုံး၊ ကိုယ်ပူချိန်တိုင်းကိရိယာ စသည့် မိသားစုသုံးပစ္စည်းများကို ဆိုလိုသည်။

## ဆွာချောင်းတံတားပြုပြင်ခြင်းလုပ်ငန်းကိုမတ်လအတွင်းအပြီး ဆောင်ရွက်မည်

**ရေတာရှည် ဇန်နဝါရီ ၁၇**

ပြီးခဲ့သည့်နှစ် ဩဂုတ် ၂၉ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်မှ ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်ခဲ့မှုကြောင့် ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်း မိုင်တိုင်(၁၆၅/၁)နှင့် (၁၆၅/၃)ကြားရှိ အရှည် ပေ ၈၁၀ ရှိသော ဆွာချောင်းတံတား၏ ရေလယ်တိုင်အချို့ နိမ့်ကျသွားမှုကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူကာ အုတ်ခုံနှင့် မီနီဘိုးပိုင်တူးခြင်း၊ ကွန်ကရစ်လောင်းခြင်းစသည့် လုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရေလယ်တိုင်သုံးတိုင်အနက် နှစ်တိုင် ပြီးစီးသွားပြီဖြစ်ပြီး သုံးတိုင်မြောက်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တံတားလုပ်ငန်းတာဝန်ရှိသူ အငယ်တန်းအင်ဂျင်နီယာ(၁)(မြို့ပြ) ဦးမင်းသူက ပြောကြားသည်။



"ပထမအဆင့် ခွင့်ပြုငွေကျပ် ၃၉၅ သန်း ရရှိတဲ့အခါမှာ အခု ဇန်နဝါရီ ၁၁ ရက်က တင်ဒါခေါ်ယူပြီး ဆောင်ရွက်တာဖြစ်ပါတယ်၊ တိုင်အမှတ်(၇)၊ တိုင်အမှတ်(၆)၊ တိုင်အမှတ်(၅) တို့ကို ၀ ဒသမ ၈ မီလီမီတာ မီနီဘိုးပိုင်လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ တိုင်နှစ်လုံးပြီးသွားပြီး တစ်လုံးကို လုပ်ငန်းစတင်ဆောင်ရွက်နေပြီ။ ကျွန်တော်တို့အနေနဲ့ မတ်လကို နောက်ဆုံးထားပြီး လုပ်ရမှာ၊ မိုးမကျခင်ပေ့ါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းများအားလုံးအနေဖြင့် ဆွာချောင်းရေကြီးရေလျှံမှုဖြစ်ပွားစဉ်ကပင် အမြန်လမ်းမကြီးအတိုင်း အစုန်အဆန်သွားလာလျက်ရှိသောယာဉ်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရပြီး ယခုထိတိုင်အောင်လည်း နိမ့်ကျခဲ့သောတံတား အမြန်ဆုံးပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်နေကြသည်ကို မြင်တွေ့ရသည်။

**ကိုလွင်(ဆွာ)**

## ထန်းတပင် စက်မှုဥယျာဉ်မြို့တော်တည်ဆောက်ရန်နေရာ စစ်ဆေး

**ထန်းတပင် ဇန်နဝါရီ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်း တည်ဆောက်မည့်မြေနေရာများကို ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဝန်ကြီးနှင့်အဖွဲ့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်မှုဥယျာဉ်မြို့တော်စီမံကိန်း အဆိုပြုမြေ ဧက ၂၀၀၀ တည်နေရာနှင့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းအပေါ် ဒေသခံတောင်သူများ၏ သဘောတူညီမှု အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက ရှင်းလင်းတင်ပြခဲ့ရာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက စက်မှုဥယျာဉ်မြို့တော်စီမံကိန်း တည်ဆောက်မည့် စီမံကိန်းမြေနေရာနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် လမုတန်းကြီးကျေးရွာအုပ်စုအတွင်းမှ စက်မှုဥယျာဉ်မြို့တော်စီမံကိန်း တည်ဆောက်မည့် မြေနေရာများနှင့် စက်မှုဥယျာဉ်မြို့တော်၏နယ်နိမိတ် မှော်ဘီမြို့နယ်နှင့် ဆက်သွယ်မည့် လှိုင်မြစ်ကူးတံတား ဆောက်လုပ်မည့်မြေနေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## တောင်ငူတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြော

**တောင်ငူ ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနခရိုင်ရုံး(တောင်ငူ) မှ ကြီးမှူးကျင်းပသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက တောင်ငူပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဦးအောင်တင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နားလည်စေရန်၊ ယာဉ်အန္တရာယ်ကင်းဝေးစေရန်၊ လမ်းစည်းကမ်းလိုက်နာမှု တိုးတက်ကောင်းမွန်စေရန်တို့ကို အသိပညာပေးဟောပြောပြီး တောင်ငူခရိုင်ယာဉ်ထိန်းရဲ တပ်ဖွဲ့မှူး ဒုရဲမှူးအုန်းကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများတွင် စစ်ဆေးအရေးယူဆောင်ရွက်မှု ဥပဒေများကို ရှင်းလင်းပြောကြားသည်။

**သူရ (တောင်ငူ)**

## မန္တလေးမြို့၌ တရုတ်နိုင်ငံ တက်ဟုန်းဒေသ၏ အထူးအစားအစာ မြည်းစမ်းပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၇** - တရုတ်နိုင်ငံ တက်ဟုန်းဒေသ၏ အထူးအစားအစာမြည်းစမ်းပွဲအခမ်းအနားကို မန္တလေးအခြေစိုက် တရုတ်နိုင်ငံ တက်ဟုန်းကုန်သည်ကြီးများအသင်းရုံး၌ ဇန်နဝါရီ ၁၆ရက် ညနေပိုင်းက ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးအခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ် ဦးကျော်ရင် (Wang Zongying)၊ တရုတ်ကောင်စစ်ဝန်ရုံး စီးပွားရေးကောင်စစ်ဝန် ဒေါ်ယဉ်ယဉ်စိန်နှင့် တာဝန်ရှိသူများ၊ ယူနန်ပြည်နယ်၊ ပေါင်စမ်းပြည်နယ်(ခွဲ) ကုန်သည်ကြီးများအသင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ရုံးခွဲမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်နှင့် ဧည့်သည်များအား တက်ဟုန်းကုန်သည်ကြီးများအသင်းရုံးမှ တာဝန်ရှိသူများက အဆိုပါပွဲတွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများ၊ တရုတ်နိုင်ငံထုတ် သတင်းစာနှင့် စာအုပ်စာစောင်များနှင့် တက်ဟုန်းဒေသထွက် အစားအစာများအကြောင်းကို ရှင်းလင်းတင်ပြကြပြီးနောက် တရုတ်နိုင်ငံ တက်ဟုန်းဒေသ၏ အထူးအစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# တောင်ငူခရိုင်အတွင်း ပန်းဂေါ်ဖီစိုက်ပျိုးသူများ ဈေးနှုန်းကျဆင်းခြင်းကြောင့် တွက်ခြေမကိုက်ဖြစ်နေ

**တောင်ငူ ဇန်နဝါရီ ၁၇**

တောင်ငူခရိုင်အတွင်း၌ ဈေးကွက်ဝင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ပန်းဂေါ်ဖီများ ယခုဆောင်းကာလတွင် လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ ရှမ်းပြည်နယ်ဘက်မှ ပန်းဂေါ်ဖီများပါ ဈေးကွက်သို့ အပြိုင်ဝင်ရောက်လျက်ရှိ၍ ဈေးနှုန်းကျဆင်းကာ အကျိုးအမြတ်တွက်ခြေကိုက်မှု နည်းပါးလျက်ရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



တောင်ငူခရိုင်တွင် ပန်းဂေါ်ဖီကို တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်၊ ရေတာရှည် မြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းသွားသော စစ်တောင်းမြစ်ကမ်း ဝဲယာတစ်လျှောက်နှင့် မြစ်ကျိုးအင်းများရှိသည့် ဒေသများတွင် အများဆုံးစိုက်ပျိုးကြသည်။

"ပေါ်ဦးစက တစ်ထုပ်ကို အခင်းထဲမှာတင် ငွေကျပ် ၁၅၀ နဲ့ ရောင်းချတော့ တွက်ခြေကိုက်တယ်။ အခုနောက်ပိုင်း ကျတော့ ရှမ်းပြည်နယ်ဘက်က ပန်းဂေါ်ဖီကားတွေက နေ့တိုင်းလိုလိုဝင်နေတော့ စားသုံးသူရဲ့ဝယ်လိုအားထက် ရောင်းလိုအားက များတော့ ဈေးတွေပြုတ်ကျကုန်ရော။ အခုရောင်းရတာက ငွေကျပ် ၁၀၀ တောင် မပြည့်တော့ဘူး။ ငွေကျပ် ၉၀ လောက်ပဲရတော့ တွက်ခြေမကိုက်တော့ဘူး ဖြစ်ကုန်တယ်" ဟု ရေတာရှည်မြို့နယ် ဇေယျသိမ်ကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

သွင်းအားစုဖြစ်သော မြေဩဇာ၊ ပိုးသတ်ဆေး၊ အလုပ်သမားငှားရမ်းခများမှာ ယခင်နှစ်ကထက် ကုန်ကျမှု ပိုမိုများပြားသည့်အတွက် ယခုထက်ဈေးကွက်ကောင်းမွန်ရန် စိုက်ပျိုးသူအများစုက လိုလားနေကြခြင်း ဖြစ်သည်။ ပန်းဂေါ်ဖီစိုက်ပျိုးသူများ တစ်ဧကလျှင် အပင်အရေအတွက် တစ်သောင်းခွဲဝန်းကျင် စိုက်ပျိုးကြကာ မျိုးစေ့၊ စိုက်ပျိုးစရိတ်၊ ဓာတ်မြေဩဇာ၊ ဆေးဖိုးကုန်ကျစရိတ် ငွေကျပ် နှစ်သိန်းခွဲမှ သုံးသိန်းခွဲအထိ ကုန်ကျလေ့ရှိပြီး နှစ်စဉ် တော်သလင်းလတွင် စိုက်ပျိုး၍ နှစ်လအကြာတွင် ခူးဆွတ်ရောင်းချခြင်း ဖြစ်သည်။

**သန်းလွင်**

# မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ တည်းခိုဆောင်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါလေလံပွဲ ပြုလုပ်

**မင်းဘူး ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ မန်းရွှေစက်တော်ဘုရားပွဲတော်ကာလအတွင်း တည်းခိုဆောင်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါလေလံပွဲကို ဇန်နဝါရီ ၁၅ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကာလအတွင်း တည်းခိုဆောင်လုပ်ငန်းများ လုပ်ကိုင်ခွင့်အတွက် လျှောက်ထားသူ ၅၀၂ ဦးတို့မှ မိမိတို့ လုပ်ကိုင်လိုသည့် တည်းခိုဆောင်နံပါတ်နှင့် မိမိတို့ပေးနိုင်သည့်ငွေပမာဏများ ရေးသွင်း၍ စာအိတ်ဖြင့် ပိတ်ပြီး တင်သွင်းခဲ့ရာ တာဝန်ရှိသူများက စာအိတ်များဖွင့်ဖောက်၍ တည်းခိုဆောင်တစ်ခုချင်းအလိုက် လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ငွေပမာဏများပြားစွာ တင်သွင်းနိုင်သည့် အောင်မြင်သူ အမည်စာရင်းများ ကြေညာခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေ၊ မန်းရွှေစက်တော် ဘုရားပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကဲ နှင့် ဌာနဆိုင်ရာများ၊ မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ တည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးမြတ် (မင်းဘူး)**

## ပြည်တွင်းဘဏ်များအား အိမ်ရာချေးငွေထုတ်ချေးခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်တွင်းဘဏ်များ၏ ချေးငွေဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် ပြည်သူများအတွက် အိမ်ရာပိုင်ဆိုင်မှုအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် ချေးငွေသက်တမ်းသုံးနှစ်ထက်ပိုသော အိမ်ရာချေးငွေများ ထုတ်ချေးခြင်းကို ဘဏ်၏ စုစုပေါင်းချေးငွေ၏ ၅ ရာခိုင်နှုန်းအထိ ခွင့်ပြုလိုက်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဘဏ်များအနေဖြင့် စုစုပေါင်းချေးငွေ၏ ၅ ရာခိုင်နှုန်းအတွင်း အိမ်ရာချေးငွေမှအပ သက်တမ်းသုံးနှစ်ထက်ပိုသည့် အခြားသောချေးငွေများကို ထုတ်ချေးလိုပါက ချေးငွေထုတ်ချေးခြင်းဆိုင်ရာ ကိစ္စရပ်နှင့် စည်းကမ်းချက်များကိုဖော်ပြပြီး ကိစ္စရပ်တစ်ခုချင်းအလိုက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြပြီး ခွင့်ပြုချက် ရယူရမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက် ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၇/ ၂၀၁၇) ဖြင့် ဘဏ်များအား သုံးနှစ်ထက်မပိုသော ကာလသတ်မှတ်ချက် ချေးငွေများကို ထုတ်ချေးခွင့်ပြုခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်းအသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

အမှတ် (၁) ယာဉ်ထိန်းရဲ (နေပြည်တော်) မှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများကို ဇန်နဝါရီ ၁၅ ရက်မှ ဇန်နဝါရီ ၂၂ ရက်အထိ တစ်ရက်နှစ်ကြိမ် ကွင်းဆင်း၍ အသိပညာပေးဆောင်ရွက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် အမေးအဖြေများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယမန်နေ့က နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့ဆင်ရတနာအနီးရှိ ယောက်သွားအင်း (အ.မ.က) တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ အမေး၊ အဖြေများ ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးအိတ်၊ ဆိုင်ကယ်စီးဦးထုပ်၊ ရေသန့်ဘူးများနှင့် ထမင်းဘူးများ၊ ရောင်ပြန်စလွယ်များ ပေးအပ်သည်။

ထို့အတူ ဇန်နဝါရီ ၁၅ ရက်က ဒုရဲအုပ် ဌေးလွင်နှင့် တပ်ဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ "ပညာလွင်" ကိုယ်ပိုင်အထက်တန်းကျောင်းတွင်လည်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# စပ်မျိုးနေကြာ မျိုးစေ့ထုတ်စိုက်ခင်း တောင်သူနည်းပညာပေး ကွင်းသရုပ်ပြ

**မလှိုင် ဇန်နဝါရီ ၁၇**

ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာဖြစ်သည့် မလှိုင်မြို့နယ် မြို့ကုန်းကျေးရွာတွင် ရေဆင်း (၁) စပ်မျိုးနေကြာ မျိုးစေ့ထုတ်စိုက်ခင်း တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့က တောင်သူ ဦးပု၏ စပ်မျိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်း ၁ ဒသမ ၂၀ ဧက၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် စပ်မျိုးနေကြာထုတ်လုပ်သည့် နည်းစနစ်များနှင့် စိုက်ပျိုးရာတွင် ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတွင် အဓိကထားလုပ်ဆောင်ရမည့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် သီးနှံအလိုက် မျိုးစေ့ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဘက်စုံပိုးမွှားကာကွယ်ရေး နည်းစနစ်များ၊ GAP သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနည်းလမ်းများ၊ ရိတ်သိမ်းချိန်လွန်နောက်ပိုင်း လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် စပ်မျိုးနေကြာထုတ်လုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ကွင်းသရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် ခရိုင် မြေ၊ မျိုး၊ ပိုးမွှားတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့ကုန်း၊ ညောင်အုပ်၊ နှောကန်၊ သုံးတောင်၊ ချင်းလျှားစသည့် ကျေးရွာငါးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဌေး (မလှိုင်)**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၁၀ | ကျပ် | ၇၄၅/၈၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၄ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၆ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၄ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၃ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၇၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ · ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၁၀၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အဝေးကွင်းနိုင်ပွဲရယူသွားမယ့် ဆာရီ

ဝေမိုးဆက်



ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ပွဲစဉ် ၂၃ ကို လာမယ့် ဇန်နဝါရီ ၁၉၊ ၂၀ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ပထမအကျော့မှာ အာဆင်နယ်ကိုနိုင်ထားတဲ့ ချယ်လ်ဆီးအသင်းဟာ ဒုတိယအကျော့ပွဲစဉ်မှာ ဆက်ပြီးနိုင်ပွဲယူသွားမလားလို့ ကြည့်ရဦးမှာပါ။ ဒါ့အပြင် နိုင်ပွဲတွေဆက်နေတဲ့ မန်ယူအသင်းကလည်း ယာယီမန်နေဂျာဆိုးလ်ရှားရဲ့ လက်အောက်မှာ နိုင်ပွဲတွေ ဆက်နေမလားဆိုတာကလည်း စိတ်ဝင်စားစရာလို့ဆိုရမှာပါ။

### ဝုဖ် Vs လက်စတာ

ပထမအကျော့ရလဒ် - လက်စတာ ၂-၀ ဝုဖ်

**ကစားမည့်အချိန်** ည ၇း၀၀ (၁၉-၁-၁၉) **Molineux Stadium**

ဝုဖ်အသင်းအနေရဲ့ အိမ်ကွင်းခြေစွမ်းက မဆိုးပေမယ့် အကောင်းဆုံးလို့တော့ပြောလို့ မရသေးဘူး။ နောက်ဆုံးအိမ်ကွင်းပွဲစဉ်မှာ လီဗာပူးကို နိုင်ထားတာကတော့ စဉ်းစားစရာဖြစ်တယ်။ ဝုဖ်အသင်းအနေနဲ့ကလည်း အနိုင်ရတာနဲ့ လက်စတာအသင်း အထက်ရောက်သွားနိုင်လို့ အားထည့်လိမ့်မယ်။ လက်စတာအသင်းကလည်း နောက်ဆုံးနှစ်ပွဲကို ရှုံးပွဲတွေ ဆက်ထားတာကြောင့် ဒီပွဲကိုတော့ အနိုင်ရဖို့အတွက်အပြင်းထန်ဆုံးကစားလိမ့်မယ်။ လက်စတာကပ်နိုင်မယ်။

### လီဗာပူး Vs ပဲလေ့စ်

ပထမအကျော့ရလဒ် - ပဲလေ့စ် ၀-၂ လီဗာပူး

**ကစားမည့်အချိန်** ည ၉း၃၀ (၁၉-၁-၁၉) **Anfield**

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ ဆက်လက်ရပ်တည်ရေးအတွက် ဒီလိုပွဲမျိုးမှာ အဖြစ်မနေကိုအမှတ်ရအောင်ယူဖို့ ကြိုးစားလိမ့်မယ်။ ပဲလေ့စ်အသင်းဟာ တန်းဆင်းဇုန်ကနေ လွတ်ဖို့အတွက် အပြင်းအထန်ကြိုးစားနေရတယ်။ နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်း ငါးပွဲမှာ နှစ်ပွဲနိုင်ထားတယ်။ ဒါပေမယ့် ဆာလက်၊ မာနေးနဲ့ ဖာမီနိုတို့ ဦးဆောင်တဲ့ လီဗာပူးတိုက်စစ်ကို ဟန့်တားနိုင်ဖို့ မလွယ်ဘူး။ လီဗာပူးနိုင်မယ်။

### ဘုန်းမောက် Vs ဝက်စ်ဟမ်း

ပထမအကျော့ရလဒ် - ဝက်စ်ဟမ်း ၁-၂ ဘုန်းမောက်

**ကစားမည့်အချိန်** ည ၉း၃၀ (၁၉-၁-၁၉) **Vitality Stadium**

ဒီဇင်ဘာလနှောင်းပိုင်းကတည်းက ခြေစွမ်းတွေကျလာခဲ့တဲ့ ဘုန်းမောက်အသင်းဟာ လက်ရှိအချိန်အထိလည်း ပြန်ကောင်းမလာသေးဘူး။ အိမ်ကွင်းခြေစွမ်းကတော့ မဆိုးဘူးလို့ပြောရမယ်။ နောက်ဆုံးအိမ်ကွင်း ငါးပွဲမှာ နှစ်ပွဲပဲ ရှုံးထားတယ်။ ဝက်စ်ဟမ်းအသင်းရဲ့ခြေကတက် နေတယ်လို့ ပြောလို့ရတယ်။ ပြီးခဲ့တဲ့အပတ်ကလည်း အိမ်ကွင်းမှာ အာဆင်နယ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားထားခဲ့သေးတယ်။ ဝက်စ်ဟမ်းအသင်း အဝေးကွင်းမှာ ကပ်နိုင်မယ်။

### မန်ယူ Vs ဘရိုက်တန်

ပထမအကျော့ရလဒ် - ဘရိုက်တန် ၃-၂ မန်ယူ

**ကစားမည့်အချိန်** ည ၉း၃၀ (၁၉-၁-၁၉) **Old Trafford**

မန်ယူအသင်းရဲ့ကံကြမ္မာဟာ ယာယီမန်နေဂျာသစ်ဆိုးလ်ရှားရဲ့လက်အောက်မှာ အတောက်ပဆုံးဖြစ်နေတယ်လို့ဆိုရမယ်။ နိုင်ပွဲတွေ ဆက်တိုက်ရယူထားနိုင်တာကြောင့် ကစားသမားတွေရဲ့စိတ်ဓာတ်ပိုင်းကလည်းပြန်တက်နေတယ်။ ပထမအကျော့ရှုံးကြွေးကို ဆပ်ဖို့ကြိုးစားလိမ့်မယ်။ ဘရိုက်တန်အသင်းရဲ့လက်ရှိခြေစွမ်းက မဆိုးပေမယ့် အဝေးကွင်းမှာတော့ ရုန်းကန်ရတတ်တယ်။ ဆိုးလ်ရှားရဲ့ဦးဆောင်မှုအောက်မှာ မန်ယူအသင်းနိုင်ပွဲရဦးမယ်။

### ဆောက်သမ်တန် Vs အဲဗာတန်

ပထမအကျော့ရလဒ် - အဲဗာတန် ၂-၁ ဆောက်သမ်တန်

**ကစားမည့်အချိန်** ည ၉း၃၀ (၁၉-၁-၁၉) **St. Mary's Stadium**

ဆောက်သမ်တန်အသင်းဟာကြားရက်မှာ အက်ဖ်အေဖလားပွဲကစားဖို့ရှိတာကြောင့် ကစားသမားတွေအနေနဲ့ ပွဲပန်းမှုတွေတော့ရှိနိုင်တယ်။ အသင်းအနေနဲ့ လက်ရှိအချိန်မှာ တန်းဆင်းဇုန်အထက်မှာသာရပ်တည်နေရတာကြောင့် ရလဒ်ကောင်းဖို့အတွက် ကြိုးစားရုန်းကန်လိမ့်မယ်။ အဲဗာတန်အသင်းရဲ့ လက်ရှိခြေစွမ်းပြန်ကောင်းနေပြီး နိုင်ပွဲတွေဆက်နေတယ်။ အသင်းရဲ့ဟန်ချက်ကလည်း ညီနေတယ်။ အဲဗာတန်အသင်း အဝေးကွင်းမှာ ကပ်နိုင်မယ်။

### ဝက်ဖို့ဒ် Vs ဘန်လေ

ပထမအကျော့ရလဒ် - ဘန်လေ ၁-၃ ဝက်ဖို့ဒ်

**ကစားမည့်အချိန်** ည ၉း၃၀ (၁၉-၁-၁၉) **Vicarage Road**

ဝက်ဖို့ဒ်အသင်းဟာရဲ့ လက်ရှိခြေစွမ်းက ပြန်ကောင်းနေတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ် သုံးပွဲမှာ အရှုံးမရှိသေးဘူး။ အသင်းရဲ့ကစားသမားတွေကလည်း စိတ်ဓာတ်ပိုင်းကလည်းကောင်းနေတယ်။ ဘန်လေအသင်းရဲ့လက်ရှိခြေစွမ်းကလည်း တည်ငြိမ်ပြီး နိုင်ပွဲတွေဆက်နေတယ်။ ဒါပေမယ့် ဘန်လေအသင်းဟာ အဝေးကွင်းမှာ ရုန်းကန်ရလေ့ရှိတဲ့အသင်းလည်းဖြစ်ပါတယ်။ ဝက်ဖို့ဒ်အသင်း အိမ်ကွင်းမှာနိုင်မယ်။

### ဟက်ဒါဖီးလ် Vs မန်စီးတီး

ပထမအကျော့ရလဒ် - မန်စီးတီး ၆-၁ ဟက်ဒါဖီးလ်

**ကစားမည့်အချိန်** ည ၇း၀၀ (၂၀-၁-၁၉) **The John Smith**

ဟက်ဒါဖီးလ်အသင်းရဲ့လက်ရှိခြေစွမ်းက အဆိုးဆုံးလို့ပြောမယ်။ တန်းဆင်းဇုန်ရဲ့အောက်ဆုံးမှာရှိနေပြီး မန်စီးတီးလို့အသင်းမျိုးကို ယှဉ်နိုင်ဖို့က ပိုခက်တယ်။ ဒါပေမယ့် ဟက်ဒါဖီးလ်အနေနဲ့ ယာယီမန်နေဂျာလက်အောက်မှာ ရလဒ်ကောင်းဖို့အတွက် အစွမ်းကုန်ရုန်းကန်လိမ့်မယ်။ မန်စီးတီးအသင်းဟာ လီဗာပူးအသင်းကို အမီလိုက်နိုင်ဖို့အတွက် ပွဲတိုင်းကိုရလဒ်ကောင်းဖို့ ကြိုးစားကစားလိမ့်မယ်။ မန်စီးတီးအသင်း အဝေးကွင်းမှာ ဂိုးပြတ်နိုင်မယ်။

### ဖူလ်ဟမ် Vs စပါး

ပထမအကျော့ရလဒ် - စပါး ၃-၁ ဖူလ်ဟမ်

**ကစားမည့်အချိန်** ည ၁၀း၃၀ (၂၀-၁-၁၉) **Craven Cottage**

ဖူလ်ဟမ်အသင်းရဲ့လက်ရှိခြေစွမ်းက အားရစရာမရှိဘူး။ နောက်ဆုံးအိမ်ကွင်း ငါးပွဲမှာအနိုင် တစ်ပွဲပဲ ရရှိထားတယ်။ စပါးအသင်းရဲ့လက်ရှိ ခြေစွမ်းကတော့ကောင်းနေတယ်။ ပြီးခဲ့တဲ့ အပတ်က မန်ယူအသင်းကို ရှုံးခဲ့တာကြောင့် ဒီပွဲကိုတော့ အမှတ်ရဖို့အတွက် အပြင်းအထန်ကြိုးစားလိမ့်မယ်။ စပါးအသင်းရဲ့တိုက်စစ်ပိုင်းမှာက ဟယ်ရီကိန်းက ဒဏ်ရာရနေသလို ဆွမ်ဟောင်မင်ကလည်း နိုင်ငံအသင်းမှာပြန်ကစားနေရတယ်။ စပါးဂိုးပြတ်နိုင်ဖို့ မလွယ်ဘူး။

### နယူးကာဆယ် Vs ကာဒစ်ဖ်

ပထမအကျော့ရလဒ် - ကာဒစ်ဖ် ၀-၀ နယူးကာဆယ်

**ကစားမည့်အချိန်** ည ၉း၃၀ (၁၉-၁-၁၉) **St. James' Park**

တန်းဆင်းဇုန်ထဲရောက်နေတဲ့နယူးကာဆယ်အသင်းအတွက်တော့ ပွဲတိုင်းကအရေးကြီးတယ်လို့ဆိုရမှာပါ။ ဒါပေမယ့် နယူးကာဆယ်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းက အဆိုးဆုံးရှိနေပြီး အိမ်ကွင်းရလဒ်တွေကလည်း ညံ့ပါတယ်။ ကာဒစ်ဖ်အသင်းရဲ့လက်ရှိခြေစွမ်းဟာအကောင်းကြီး မဟုတ်ပေမယ့် တိုက်စစ်ပိုင်းကတော့ နယူးကာဆယ်အသင်းထက် သာပါတယ်။ ကာဒစ်ဖ်အသင်း အဝေးကွင်းမှာ နယူးကာဆယ်ကို အနိုင်ကစားမယ်။

### အာဆင်နယ် Vs ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၃-၂ အာဆင်နယ်

**ကစားမည့်အချိန်** နံနက် ၀၀း၀၀ (၂၀-၁-၁၉) **Emirates Stadium**

အာဆင်နယ်အသင်းအတွက်တော့ ဒီပွဲဟာ အရေးပါတဲ့ပွဲလို့ပြောရမယ်။ ဒီပွဲကိုနိုင်ခဲ့မယ်ဆိုရင် ချယ်လ်ဆီးအသင်းနဲ့ ရလဒ်ကွာခြားမှုကလည်း ကျဉ်းမြောင်းသွားနိုင်တာကြောင့် အားစိုက်ကစားလိမ့်မယ်။ ချယ်လ်ဆီးအသင်းရဲ့လက်ရှိခြေ စွမ်းကတည်ငြိမ်တယ်။ ပီဒရိုလည်းပြန်ကောင်းလာပြီဖြစ်တာကြောင့် ချယ်လ်ဆီးအသင်းရဲ့တိုက်စစ်ပိုင်းကလည်း အနည်းငယ်ပြန်ကောင်းလာပြီလို့ပြောရမယ်။ ချယ်လ်ဆီးအသင်းအဝေးကွင်းမှာ အာဆင်နယ်ကိုကပ်နိုင်မယ်။

# ဂျူဗင်တပ်စ်ကစားသမား ရော်နယ်ဒိုအပေါ် အီဘရာဟီမိုဗစ် ဝေဖန်စကားဆို

ထက်အောင်

အမေရိကန် မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းတွင် ပါဝင်ကစားနေသူ ဝါရင့်တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ပေါ်တူဂီနှင့် ဂျူဗင်တပ်စ်အသင်း တိုက်စစ်ကစားသမား ခရစ်စတီယာနိုရော်နယ်ဒိုနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုမှုတစ်ခု ပြုလုပ်လိုက်သည်။

အသက် (၃၃နှစ်)အရွယ်ရှိ တိုက်စစ်ကစားသမား ရော်နယ်ဒိုသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ရီးရဲမက်ဒရစ်အသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် နွေရာသီဈေးကွက် ကာလအတွင်းတွင် ရီးရဲမက်ဒရစ်မှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူ ဖြစ်သည်။ မန်ယူအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သူ ရော်နယ်ဒိုက ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာ၍ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းမှာ စိန်ခေါ်မှုများကို ရင်ဆိုင်ရန်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းနှင့် ပတ်သက်၍ ရော်နယ်ဒို ပြောဆိုခဲ့သည့်စကားအပေါ် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ဝေဖန်ပြောဆိုခဲ့ခြင်းဖြစ်သည်။

မန်ယူတိုက်စစ်မှူးဟောင်း အီဘရာဟီမိုဗစ်က "ဂျူဗင်တပ်စ်အသင်းကို ပြောင်းရွှေ့ခဲ့ခြင်းက စိန်ခေါ်မှုအသစ်ကို ရင်ဆိုင်ဖို့ဖြစ်တယ်လို့ ရော်နယ်ဒိုက ပြောခဲ့ပါတယ်။ ပုံမှန်အားဖြင့် စီးရီးအေပြိုင်ပွဲကို စိုးမိုးနေတဲ့ ဂျူဗင်တပ်စ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာကို ရော်နယ်ဒိုက စိန်ခေါ်မှုအသစ်လို့ သုံးနှုန်းခဲ့တာပါ။ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ချင်တယ်ဆိုရင် ပြီးခဲ့တဲ့ နှစ်အနည်းငယ်လောက်ကတည်းက ဘာကြောင့် ဒုတိယတန်းကလပ်အသင်းတွေဆီ သူမပြောင်းခဲ့တာလဲ။ ဒုတိယတန်းအသင်းမှာ ပါဝင်ကစားရင်း အဲဒီအသင်းကို ပိုမိုအဆင့်မြင့်လာအောင် ဦးဆောင်ပေးနိုင်ဖို့ ကြိုးစားခြင်းကိုသာ စိန်ခေါ်မှုအသစ်လို့ ပြောရမှာပါ။ တကယ်တော့ ရော်နယ်ဒို ပြောခဲ့တဲ့စကားက အရေးမပါတဲ့ စကားသာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းကို ပြောင်းရွှေ့ခဲ့ခြင်းက စိန်ခေါ်မှုတစ်ခု မဟုတ်ပါဘူး" ဟု ဝေဖန်ပြောဆိုခဲ့သည်။

ရော်နယ်ဒိုက ၎င်းနှင့် အဓိက နှိုင်းယှဉ်ခြင်းခံနေရသူ ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား လီယွန်နယ်မက်ဆီအား မိမိကဲ့သို့ အီတလီစီးရီးအေသို့ ပြောင်းရွှေ့လာရန် တိုက်တွန်းပြောဆိုခဲ့ဖူးသူဖြစ်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဂျူဗင်တပ်စ်အသင်းတွင် လည်းကောင်း၊ ၂၀၀၉-၁၀ ပြည့်နှစ်ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်း၏ အဓိကပြိုင်ဘက်ဖြစ်သည့် ဘာစီလိုနာအသင်း၌လည်းကောင်း ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။




**ပုံမှန်အားဖြင့် စီးရီးအေပြိုင်ပွဲကို စိုးမိုးနေတဲ့ ဂျူဗင်တပ်စ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာကို ရော်နယ်ဒိုက စိန်ခေါ်မှုအသစ်လို့ သုံးနှုန်းခဲ့တာပါ။ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ချင်တယ်ဆိုရင် ပြီးခဲ့တဲ့ နှစ်အနည်းငယ်လောက် ကတည်းက ဘာကြောင့် ဒုတိယတန်းကလပ်အသင်းတွေဆီ သူမပြောင်းခဲ့တာလဲ။**

## လုပ်ခငွေ တိုးမြှင့်ရရှိရန် မန်ယူ ဂိုးသမား ဒီဂီယာ လိုလားနေ



ပရီမီယာလိဂ်ကလပ် မန်ယူအသင်း၏ အဓိက ဂိုးသမားဖြစ်သူ ဒေးဗစ်ဒီဂီယာသည် မန်ယူအသင်းနှင့် နှစ်ရှည်စာချုပ်ချုပ်ဆိုသွားရန် ဆန္ဒရှိသော်လည်း သူ၏ လုပ်ခလစာငွေကို လက်ရှိရရှိနေသည့် ပမာဏထက် ၅၀ ရာခိုင်နှုန်း တိုးမြှင့်ရရှိရန် လိုလားလျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

စပိန်ဂိုးသမား ဒီဂီယာ (၂၈နှစ်) နှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ ၁၈ လသာ ကျန်ရှိတော့သည်။ ဂိုးသမား ဒီဂီယာသည် လက်ရှိစာချုပ်အရ မန်ယူအသင်းတွင် တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၂၀၀၀၀၀ ရရှိနေသူဖြစ်ပြီး မန်ယူအသင်းအနေဖြင့် စာချုပ်သစ်ချုပ်ဆိုရေး ကမ်းလှမ်းရာတွင် တစ်ပတ်လုပ်ခငွေ ပေါင် ၃၀၀၀၀၀ ဖြင့် ကမ်းလှမ်းလာစေရန် လိုလားနေသူဖြစ်သည်။

ဂိုးသမား ဒီဂီယာသည် ပြီးခဲ့သည့် ဇန်နဝါရီ ၁၃ ရက်တွင် မန်ယူအသင်းက အဝေးကွင်း၌ စပါးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ လက်စွမ်းပြကစားနိုင်ခဲ့ကာ စပါးအသင်း ကစားသမားများ၏ ဂိုးသွင်းရန် ကြိုးပမ်းမှု ၁၁ ကြိမ်ကို ကာကွယ်ပေးနိုင်ခဲ့သူဖြစ်သည်။

မန်ယူအသင်း တောင်ပံတိုက်စစ်ကစားသမား ဂျက်စီလင်ဂတ်က ဂိုးသမား ဒီဂီယာအား စာချုပ်သစ် ချုပ်ဆိုသွားရန် စပါးနှင့်ပွဲအပြီးတွင် မန်ယူအသင်းအား တိုက်တွန်းပြောဆိုလိုက်သည်။

အင်္ဂလန်ကစားသမား လင်ဂတ် (၂၆ နှစ်)က “မန်ယူအသင်းမှာ ဒီဂီယာ ဆက်ရှိနေဖို့ကို ကျွန်တော်တို့ လိုလားပါတယ်။ ဒီဂီယာလို ဂိုးသမားတစ်ဦးရှိနေခြင်းက ကျွန်တော်တို့ကို ယုံကြည်မှုပိုမိုရရှိစေတယ်။ သူဟာ ကမ္ဘာ့အကောင်းဆုံး ဂိုးသမားမဟုတ်ရင်တောင် အကောင်းဆုံး ဂိုးသမားတွေအနက်က တစ်ဦးပါ။ စပါးနဲ့ပွဲမှာ ပြိုင်ဘက်ကစားသမားတွေက ဂိုးသွင်းနိုင်လုနီးပါးဖြစ်ခဲ့ပေမယ့် ဒီဂီယာ ကာကွယ်နိုင်ခဲ့တယ်။ ဒါက သူ့ရဲ့ သာမန်လက်စွမ်းမျိုးပါ။ ဒီလို ကာကွယ်ပုံတွေကို လေ့ကျင့်ရေးကွင်းမှာ ကျွန်တော်တို့ အမြဲတမ်း မြင်တွေ့နေကျဖြစ်ပါတယ်”ဟု ပြောဆိုခဲ့သည်။

ရီးရဲမက်ဒရစ်အသင်း၏ ပစ်မှတ်ထားခြင်းခံခဲ့ရသူ ဂိုးသမား ဒီဂီယာသည် ၂၀၁၁ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် အက်သလက်တီကိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်းအတွက် စုစုပေါင်း ၃၄၂ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။

စပါးနှင့်ပွဲအပြီးတွင် မန်ယူယာယီမန်နေဂျာ ဆိုးလ်ရှားကလည်း ဒီဂီယာသည် ကမ္ဘာ့အကောင်းဆုံး ဂိုးသမားဖြစ်ကြောင်း ချီးကျူးပြောဆိုခဲ့သည်။ **ထက်အောင်**

> **စပါးနှင့်ပွဲအပြီးတွင် မန်ယူယာယီမန်နေဂျာ ဆိုးလ်ရှားကလည်း ဒီဂီယာသည် ကမ္ဘာ့အကောင်းဆုံး ဂိုးသမားဖြစ်ကြောင်း ချီးကျူး ပြောဆိုခဲ့သည်။**

## ကစားသမားဘဝမှ အနားယူရေးနှင့် ပတ်သက်၍ ကာဗာနီ အရိပ်အမြွက်ပြောဆို



ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အက်ဒီဆန် ကာဗာနီက ပီအက်စ်ဂျီအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ကစားသမားဘဝမှ အနားယူဖြစ်ဖွယ်ရှိကြောင်း အရိပ်အမြွက်ထုတ်ဖော် ပြောဆိုလိုက်သည်။

ဥရုဂွေးတိုက်စစ်မှူး ကာဗာနီ (၃၁ နှစ်)နှင့် ပီအက်စ်ဂျီအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၀ ပြည့်နှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ တိုက်စစ်မှူး ကာဗာနီသည် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းတွင် နာပိုလီအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၆၄ သန်းဖြင့် ပြောင်းရွှေ့လာသူ ဖြစ်သည်။ တိုက်စစ်မှူး ကာဗာနီသည် ပီအက်စ်ဂျီအသင်းအတွက် စုစုပေါင်း ၂၆၅ ပွဲ ပါဝင်ကစားထားပြီးချိန်တွင် ၁၈၄ ဂိုး သွင်းယူထားကာ ပီအက်စ်ဂျီအသင်း သမိုင်းကြောင်း တစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

ပြင်သစ်သတင်းစာတစ်စောင်နှင့် တွေ့ဆုံရာတွင် တိုက်စစ်မှူး ကာဗာနီက “လက်ရှိအချိန်မှာ ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သက်တမ်းတိုးမြှင့်ဖို့ ဆွေးနွေးနေတာမျိုး မရှိပါဘူး။ လတ်တလော အနေနဲ့ ပြောရမယ်ဆိုရင်တော့ ကျွန်တော်က စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ ပီအက်စ်ဂျီအသင်းမှာ ကစားသွားဖို့ ရည်ရွယ်ထားပါတယ်။ စာချုပ်သက်တမ်းကုန်ဆုံးပြီးရင်တော့ ကျွန်တော်ဘောလုံးဆက်ကစားဖြစ်မလား၊ ပီအက်စ်ဂျီအသင်းမှာပဲ ဆက်ရှိနေမလားဆိုတာကိုတော့ မပြောနိုင်သေးပါဘူး။ လက်ရှိ စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ ကစားသွားဖို့တော့ ဆန္ဒရှိပါတယ်။ ပဲရစ်မှာနေရတာက ကျွန်တော့်အတွက် ကောင်းမွန်ပြီး ပီအက်စ်ဂျီအသင်းကလည်း ကျွန်တော်နဲ့ လက်တွဲရတာကို ပျော်ရွှင်နေပါတယ်။ ပရိသတ်တွေလည်း အတူတူပဲဖြစ်လိမ့်မယ်လို့ ထင်တယ်”ဟု ပြောဆိုခဲ့သည်။

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး ကာဗာနီအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း ပြီးခဲ့သည့် သီတင်းပတ်အတွင်းက သတင်းများ ထွက်ပေါ်လာခဲ့သည်။ ထို့အပြင် နာပိုလီအသင်းကလည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ အသင်းတွင် ပါဝင်ကစားခဲ့သူ တိုက်စစ်မှူး ကာဗာနီအား ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည်ဟုဆိုသည်။

တိုက်စစ်မှူး ကာဗာနီသည် ဥရုဂွေးကလပ် ဒန်ယူဘီအိုအသင်းတွင် ကစားသမားဘဝ စတင်ခဲ့ကာ အဆိုပါအသင်း၌ ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပါဝင်ကစားခဲ့ပြီးနောက် ပါလာမိုအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ၂၀၁၀ ပြည့်နှစ် အတွင်းတွင် နာပိုလီအသင်းသို့ ရောက်ရှိလာခဲ့သူ ဖြစ်သည်။ **ထက်အောင်**

# ဇန်နဝါရီဈေးကွက် နဲ့ အိုဇေးလ်ရဲ့အနာဂတ်

**အောင်က**




အိုဇေးလ်ဟာ ဘောက်ဆင်ဒေးနေ့ကတည်းက အသင်းမှာကောင်းကောင်း ပါဝင်ကစားခွင့်မရတော့တာပါ။ သတင်းတွေထဲမှာ အသေးစား ဒဏ်ရာကြောင့် အိုဇေးလ်မကစားနိုင်တာဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒါပေမယ့် တကယ့်ဖြစ်ရပ်က အာဆင်နယ်အသင်းရဲ့တစ်ပတ်လုပ်ခပေါင် ၃၅၀၀၀၀ ရရှိနေတဲ့အိုးလ်ဇေးလ်ရဲ့ခြေစွမ်းကို မန်နေဂျာအမ်မရီ စိတ်ပျက်နေလို့ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အမ်မရီဟာ ဇန်နဝါရီဈေးကွက်မှာတော့ အိုဇေးလ်ကိုအသင်းကနေ ဖယ်ထုတ်ဖို့ အသင်းရဲ့ ဘုတ်အဖွဲ့တွေကို တောင်းဆိုထားခဲ့တယ်။ အင်္ဂလန်က လာတဲ့သတင်းတွေအရဆိုရင် အမ်မရီအနေနဲ့ အသင်းအတွက် ဘဏ္ဍာငွေရရှိဖို့ကို အိုဇေးလ်ကိုဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ်အသင်းကနေ ထွက်ခွာစေဖို့အဆင်သင့် ဖြစ်နေတယ်လို့ ဆိုပါတယ်။

အိုဇေးလ်ကလည်း ဒီရာသီအသင်းမှာ ၁၃ ပွဲပါဝင်ကစားပြီး သုံးဂိုးသွင်းယူပေးကာ ဂိုးရရှိဖို့အတွက် တစ်ပွဲသာ ပံ့ပိုးထားနိုင်တဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်အသင်းအနေနဲ့ကတော့ ဒီနှစ် ဇန်နဝါရီဈေးကွက်မှာတော့ အိုဇေးလ်ကိုရောင်းထုတ်ဖို့ကတော့ မဖြစ်မနေကို စဉ်းစားနေတယ်လို့ဆိုရမှာပါ။ ဒါကြောင့်လည်း အိုဇေးလ်အနေနဲ့ ဒီနှစ်ဇန်နဝါရီမှာသာ အသင်းကနေ ထွက်ခွာခဲ့မယ်ဆိုရင် ဘယ်ကိုရောက်နိုင်မလဲဆိုတာက သိချင်စရာကောင်းတဲ့ အရာလို့ဆိုရမှာပါ။ ဒါကြောင့် လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေနဲ့ အချက်အလက်တွေအရ အိုဇေးလ်ရဲ့ဖြစ်လာနိုင်တဲ့အနာဂတ်ဦးတည်ရာတွေကို ဖော်ပြလိုက်ပါတယ်။

### ပရီမီယာလိဂ်အသင်းများ

အာဆင်နယ်အသင်းဘုတ်အဖွဲ့တွေကတော့ ကစားသမားတစ်ဦးကို အသင်းရဲ့အဓိကပြိုင်ဘက်အသင်းတွေထံကို မရောင်းမှာတော့ သေချာတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်း နာဆရီ၊ ကလစ်ချီ၊ ဗန်ပါစီ၊ ချိန်ဘာလိန်၊ ဆန်းချက်ဇ်တို့ကို ရောင်းထုတ်ခဲ့ခြင်းတွေအပေါ် ပရိသတ်တွေရဲ့ ဒေါသကို ခံခဲ့ရသေးတယ်။ ဒါပေမယ့် အိုဇေးလ်ကိုယ်တိုင်က အင်္ဂလန်မှာပဲ ဆက်လက်ရှိနေချင်ပြီး အသင်းအနေနဲ့ကလည်း ဘဏ္ဍာငွေရချင်တယ် ဆိုရင်တော့ ပြိုင်ဘက်အသင်းတွေထံကို အိုဇေးလ်က မရောက်နိုင်စရာ အကြောင်းမရှိဘူးလို့ ပြောရမယ်။

ဒါပေမယ့် သူ့ကို စိတ်ဝင်စားမှုရှိခဲ့တဲ့ မန်စီးတီးအသင်း မန်နေဂျာဂွါဒီယိုလာနဲ့ လီဗာပူး မန်နေဂျာ ဂျာဂျင်ကလော့တို့ကလည်း လက်ရှိအခြေအနေအရတော့ သူ့ကိုခေါ်ယူဖို့က အလားအလာမရှိဘူးလို့ ဆိုရမလိုပဲ။ မန်စီးတီးအသင်းမှာဆိုရင် ဒီဘရူနီ၊ ဒေးဗစ်ဆေးလ်ဗားတို့ရဲ့ ခြေစွမ်းက သူ့ထက်ကောင်းနေတယ်။ လီဗာပူးအသင်းရဲ့ ကွင်းလယ်ကလည်း ဒီလိုပဲ။ အိုဇေးလ်ရဲ့ လက်ရှိခြေစွမ်းတွေဟာ သူတို့ရဲ့ကွင်းလယ်အတွက်တော့ မလိုအပ်ဘူးလို့ ဆိုရမယ်။ စပါးအသင်းမှာကလည်း အလီနဲ့ အဲရစ်ဆင်တို့ရှိနေပြီး စပါးအသင်းဥက္ကဋ္ဌ လေဗီကိုယ်တိုင်က အိုဇေးလ်ရဲ့ မြင့်မားတဲ့ လုပ်ခနဲ့ ပတ်သက်ပြီးမေးခွန်းထုတ်ခဲ့ဖူးတယ်။

ဒါကြောင့် အိုဇေးလ်အနေနဲ့ ပရီမီယာလိဂ်အသင်းကြီးတွေကို ပြောင်းရွှေ့ဖို့ဆိုရင်တော့ မန်ယူနဲ့ချယ်လ်ဆီးအသင်းတို့သာအဖြစ်နိုင်ဆုံးလို့ ပြောရမယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ကလည်း ကွင်းလယ်ပိုင်းက လိုအပ်မှုအနည်းငယ်ရှိနေတာကြောင့် အိုဇေးလ်ဟာ သင့်တော်တယ်လို့ဆိုရမယ်။ မန်ယူအသင်းကလည်း ထိပ်တန်းကွင်းလယ်ကစားသမားတစ်ဦး မခေါ်ခင်အထိတော့ အိုဇေးလ်ဟာအသင်းအတွက်သင့်တော်နိုင်တယ်လို့ဆိုရမှာပါ။

### ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းဟာ ကမ္ဘာ့ဈေးအကြီးဆုံး ကစားသမားတိုင်းကို ခေါ်ယူနိုင်တဲ့ အသင်းလို့သတ်မှတ်ရမယ်။ ဒါကြောင့်လည်း အိုဇေးလ်လို ကစားသမားဟာ ပီအက်စ်ဂျီလိုအသင်းမျိုးအတွက်တော့ လုပ်ခနဲ့ ပတ်သက်ပြီး အေးဆေးသက်သာစွာပေးနိုင်တဲ့အသင်းဖြစ်တယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ပီအက်စ်ဂျီအသင်းကလည်း ပြင်သစ်လိဂ်ဝမ်းရဲ့ ထိပ်ဆုံးမှာရှိနေပြီး ပြည်တွင်းမှာတော့ သူ့ကိုယှဉ်နိုင်တဲ့အသင်းက မရှိသလောက်ကို ရှားလွန်းတယ်။ ကွင်းလယ်မှာကလည်း ဗာရက်တီ၊ ဒီမာရီယာ၊ ဒရက်စလာတို့ ရှိနေတာကြောင့် အိုဇေးလ်အတွက်လည်းနေရာရနိုင်တဲ့အသင်းလို့ ပြောရမယ်။ ပီအက်စ်ဂျီအသင်းအနေနဲ့ အိုင်းယက်စ်အသင်းကွင်းလယ်ကစားသမား ဒီဂျောင်ကိုခေါ်ယူဖို့သဘောတူညီမှုရရှိထားပြီလို့ သတင်းတွေထွက်နေတယ်။ ဒါပေမယ့် ဘဏ္ဍာရေး ထိန်းညှိမှုဥပဒေကြောင့် ပီအက်စ်ဂျီအသင်းအနေနဲ့ ကစားသမားခေါ် ယူရေးမှာတော့ ငွေသုံးကြမ်းလို့မရဘူးလို့ပြောရမယ်။ ဒါကြောင့်ပြောင်းရွှေ့ကြေး သိပ်သုံးစရာမလိုတဲ့ အိုဇေးလ်ဟာ ပီအက်စ်ဂျီအသင်းအတွက်တော့ အကောင်းဆုံးခေါ်ယူမှု ဖြစ်လာနိုင်ပါတယ်။

### တရုတ်စူပါလိဂ်

ယခုဘောလုံးလောကမှာတော့ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီးပြောဆိုတဲ့အခါ တရုတ်စူပါလိဂ်ဟာ မဖြစ်မနေကိုပါဝင်လာခဲ့တဲ့ လိဂ်တစ်ခုလို့ပြောရမှာပါ။ ဒုတိယတန်းအဆင့်လောက်ရှိတဲ့ ကစားသမားတစ်ယောက်တောင် အင်္ဂလန်၊ စပိန်မှာကစားတဲ့ ထိပ်တန်းကစားသမားတွေရနေတဲ့ လုပ်ခမျိုးရနိုင်တဲ့ နေရာဖြစ်ပါတယ်။

ဒါကြောင့်လည်း အိုဇေးလ်လိုကစားသမားမျိုးအနေနဲ့ လုပ်ခမြင့်မားစွာနဲ့ ပြောင်းရွှေ့ကစားနိုင်ဖို့ဆိုရင် တရုတ်စူပါလိဂ်ဟာမဖြစ်မနေကို စဉ်းစားရမယ့် နေရာတစ်ခုလို့ပြောရမှာပါ။ အိုဇေးလ်ရဲ့အသက်ဟာ လက်ရှိအချိန်မှာ ၂၈ နှစ်သာ ရှိနေသေးတာကြောင့်လည်း အကောင်းဆုံးအချိန်တွေရှိနေသေးတယ်လို့ဆိုရမှာပါ။အိုဇေးလ်အနေနဲ့ထိပ်တန်းလိဂ်မှာ ကစားဖို့ဆန္ဒမရှိတော့ပဲ ငွေအတွက်သာဆိုရင်တော့ တရုတ်စူပါလိဂ်ဟာအိုဇေးလ်ရဲ့လားရာဖြစ်နိုင်ပါတယ်။ ။

ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ိ /- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေကေ (၃၀)ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ ခေတ်မီ သောဗိသုကာဒီဇိုင်း ၊Pile-Foundation ၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်းဆောက်လုပ်ထားသည့် (ဂ)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့် အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန် ၊ စားသောက်ဆိုင် ၊
Fitness Center,SPA ,
Convenience Store ,
လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။



■ (၃)ကေခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ် ၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း) ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

Times City

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငှါးရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငှါးရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ ငှါးရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

ဆက်သွယ်ရမည့်လိပ်စာ - Times City ဟော်သာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။

ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777

Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ မင်္ဂလာရွှေဗဟိုရ်ရပ်ကွက်၊ အုပ်စု(၂)နေ ဦးကြင်ယု ၁၃/တကန(နိုင်)၀၃၇၁၈၆ သည် မရူပါလှိုင်၊ မဝေမာလှိုင်၊ မောင်နိုင်သူဝင်း၊ မကေခိုင်သွယ်၊ မောင်လင်းလက်မောင်မောင်တို့၏ ဖခင်ဖြစ်ပြီး ဦးကြင်ယုနှင့် ဦးကြင်ယုနွယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြင်ယု(ခ)ဦးကြင်ယုနွယ်**

## အမည်မှန်နှင့်မွေးသက္ကရာဇ်မှန်

ရပ်စောက်မြို့၊ အမှတ်(၅)၊ အထက (ရတနာပုံ) ပဉ္စမတန်း(က)မှ မောင်ကောင်းခန့်၏ အမည်မှန်မှာ မောင်သောင်းထက်ဖြစ်ပြီး မွေးသက္ကရာဇ်မှန်မှာ (၆-၈-၂၀၀၈) ဖြစ်ပါကြောင်း။

**မောင်သောင်းထက်**

## ဇနီးအမည်မှန်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (သာဂရ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လ ၁၇၇၄၅၁ ရဲတပ်ကြပ်ကြီး ဝင်းလှိုင်၏ဇနီး အမည်မှန်မှာ ဒေါ်မော်မော်(ခ)ဒေါ်နုနုထွေး ၁၃/ဟမန(နိုင်)၀၀၄၁၁၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မသူသူစိုး ၁၃/ရစန(နိုင်)၀၇၅၂၁၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၆၇၇၁၆၉၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၁၉၃တွင် ကျွန်မ ဒေါ်စန်းစန်းအေးမှ အောက်ဖော်ပြပါအမည်တံဆိပ်

(၅)မျိုး - (၁) 124
(၂) ပွိုင့်
(၃) ရွှေ
(၄) မြင့်မိုရ်
(၅) သီအိုရီ Theory

အနက်မှ သင့်လျော်သော အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ် ရောင်းချရန်စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဒေါ်စန်းစန်းအေးထံသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့အမည်တူ ထောက်ခံချက်အား ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအေး**

**ဖုန်း-၀၉-၈၉၂၈၅၄၁၀၈၊ ၀၉-၈၉၂၈၅၄၁၀၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/8453 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/8392 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၃၈၀၃၆၊ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နေရည်ဝင့် ၈/ကတန(နိုင်) ၀၀၀၁၉၄၏ ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်ကြီး(၆) နယ်မြေ(၂) အိမ်အမှတ်(၆၄/၄၉)နေ ကျွန်မ ဒေါ်သင်းမာရှိန် ၁၃/တကန(နိုင်)၀၉၈၉၀၀ ၏ သားများဖြစ်သော မောင်ရဲလင်းနိုင် ၁၃/တကန(နိုင်)၂၆၃၄၇၂ နှင့် မောင်အေးရဲသော် ၁၃/တကန(နိုင်)၂၆၃၄၇၁ တို့သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**မိခင်-ဒေါ်သင်းမာရှိန်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၁၂၅၂၊ ဧရိယာ ၀ဒသမ ၀၅၆ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၁၂၅၂၊ ပိတောက်မြိုင် ၃ လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်သည် မြို့မြေစာရင်းတွင် ဦးကျော်သူရတင် ၁၂/အစန(နိုင်)၀၀၁၈၃၄ နှင့် ဒေါ်စောစန္ဒာဝင်း ၁၂/အစန(နိုင်)၀၀၁၈၃၅ တို့ အမည်ပေါက်ပြီး ၎င်းတို့ထံမှ ၂၈-၂-၂၀၁၄ရက်စွဲပါ အရောင်းအဝယ်စာချုပ်နှင့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင် အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၆၀၅၄/၁၄(၂၇-၂-၂၀၁၄)အရ ဒေါ်သန်းမွေး ၁၂/ရကန(နိုင်)၀၅၆၇၉၆ မှ မိမိတရားဝင်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဦး** | **ဦးသန့်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)** |

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/9106 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/6064 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၄၊ လူနေရပ်ကွက် အမှတ်-စက်မှုဇုန်၊ မြေကွက်အမှတ်-၂၀၄၊ ဧရိယာ ၀ဒသမ ၂၅၄ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၂၀၄)၊ တပင်ရွှေထီးလမ်း၊ ၁၄၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် ဦးအေးလွင် (ဘ) ဦးဘဲလရာ ၁၂/ဥကတ(နိုင်)၁၄၉၆၃၃ အမည်ပေါက်ပိုင်ဆိုင်ပြီး အမည်ပေါက် ဦးအေးလွင်မှာ ၂-၅-၂၀၁၈ရက်တွင် ကွယ်လွန်သဖြင့် တရားဝင်ဇနီး ဒေါ်တင်တင်အေး ၁၂/လမန(နိုင်)၁၂၈၂၉၁မှ မိမိဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဦး** | **ဦးသန့်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်တွင်နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင်သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဘယသကြံ့န်(၂၃)လမ်း၊ အမှတ် ၈၄၀/၁ ဟု ခေါ်တွင်သော အလျား ၅၄ပေ×အနံ ၁၂½ပေရှိ(၃)ခန်းတွဲ ၃½ထပ်တိုက်၏ ငါးလွှာ(ခေါင်းရင်းခြမ်း) (ဒါဘ)တိုက်ခန်းအား စာချုပ်စာတမ်းစုံလင်စွာဖြင့်လက်ရောက်ဝယ်ယူထားရှိခဲ့ပါသည်။ တိုက်အမှတ် ၈၄၀/၁ ငါးလွှာ(ခေါင်းရင်းခြမ်း) (ဒါဘ)တိုက်ခန်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းနိုင်တစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခိုင်းခြင်း၊ ပေးကမ်း၊ စွန့်လွှတ်၊ ပေါင်နှံခိုင်းထားခြင်းများ မရှိကြောင်းနှင့် အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းနိုင်၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်ငြိမ်း LL.B (စဉ်-၇၄၅၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၈၉၈၊ စာဂလမ်း၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၀၀၁၇၉၃၊ ၅၇၂၆၉၀**

## အများသိရှိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နွေအေးငြိမ်း ၁၂/ကမရ(နိုင်)၀၄၉၅၅၆၏ လွှဲအပ်ညွှန်ကြားချက်အရ-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နွေအေးငြိမ်းသည် ဦးမင်းဇော်မိုးနှင့် ၇-၂-၂၀၁၇ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာတွင် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသည့် ကိစ္စများဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သည့်အတွက် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲရန် ဆုံးဖြတ်၍ ဆိပ်ကမ်းမြို့နယ် တရားသူကြီးရှေ့မှောက်တွင် အသိသက်သေများနှင့်အတူ ၂၆-၁၀-၂၀၁၈ ရက်တွင် လက်မှတ်ရေးထိုး၍ ဆိပ်ကမ်းမြို့နယ်တရားရုံး မှတ်ပုံတင်အမှတ် ၆၁/၂၀၁၈ ဖြင့် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုမြတ်လွင် LL.B** | **ဒေါ်ယဉ်ယဉ်ပြုံး (ဥပဒေဘွဲ့)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၂၇၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၅၃)** |
| **(၃၀-၁၁-၂၀၁၆)** | **(၂၇-၉-၂၀၀၄)** |
| **အမှတ်၂၃၈၅/က၊ ဓမ္မဇေတီ(၄)လမ်း** | **တိုက်-၄၊ အခန်း-၅၊ ပေါ်ဆန်းမွှေးလမ်း၊** |
| **၁၀/တောင်၊ ၁၂ရပ်ကွက်၊** | **၂၉ရပ်ကွက်၊ သုဝဏ္ဏ၊** |
| **သာကေတမြို့နယ်** | **သင်္ဃန်းကျွန်းမြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ရန်ကုန်တိုင်းဒေသကြီး။** |
| **ဖုန်း-၀၉-၂၆၅၇၈၄၆၈၈** | **ဖုန်း-၀၉-၅၀၁၃၆၉၉၊ ၀၉-၇၆၂၄၃၃၄၂** |

TMR 012824 (0121)
**အေးချမ်းစေ** အစာအိမ်ရောဂါ သောက်ဆေးပြား
လေထိုး၊ လေအောင့်၊ လေချုပ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ လေများ အထက်သို့ ပို့အန်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း နှင့် အစာအိမ်ရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
ဆက်သွယ်ရန် ၀၉-၄၄၉၀၀၄၆၆၂ ၊ ၀၉-၂၅၀၀၁၂၀၉၁

TMR 004909(0720)
**ဆေးပင်** အကြောအားတိုးဆေး
အကြောအားနည်း၍ ခြေလက်မမြဲခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ အထိုင်အထနေးကွေးခြင်းနှင့် သွေးတိုး၊ ဆီးချိုရောဂါအတွက် သောက်သုံးနိုင်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကော့ကရိတ်မြို့၊ ငါးတိုင်ကျေးရွာနေ ဦးမြင့်သွေး၏သား စောကောင်းထက်(ခ) မောင်ကောင်းထက် ၃/ကကရ(နိုင်) ၁၆၈၁၄၂သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **စောကောင်းထက်(ခ) မောင်ကောင်းထက်**

## အမည်ပြောင်း

ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်း ကုန်တွေနေ ဦးဖြူဆွေ၏သား မောင်ထွန်းကိုအား ဦးခိုင်စောသင်း ၁၁/ကဖန(နိုင်) ၀၂၂၁၁၂ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မွေးသက္ကရာဇ်အမှန်

အမ်းမြို့၊ ဒါးလက်အနောက်ကျေးရွာနေ ဦးခင်အောင်-ဒေါ်ခိုင်အေးစိန်တို့၏သား ဦးခင်မောင်ထွန်း ၁၁/အမန(နိုင်)၀၆၃၅၇၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၅-၁၉၈၇ ဖြစ်ပါကြောင်း။ **ခင်မောင်ထွန်း**

## ကန့်ကွက်နိုင်ပါသည်နှင့် အများသိသာစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၃၉၈/အေ) (၄)ခန်းတွဲ (၂)ထပ်တိုက်၏ (ညာဘက်အစွန်) )၃၉၈(အေ)/၁၊ ပထမထပ်ဟုခေါ်တွင်သော အခန်းအကျယ်အဝန်း (၁၂ဒသမ၅×၅၀)ပေရှိ တိုက်ခန်းအား လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်အေး ၁၂/တမန(နိုင်)၀၃၃၆၅၆)+၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းနိုင်အောင် (LL.B, C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၃၆)**
**အခန်း (၅၀၂)၊ တိုက် (၃)၊ ရွှေထီးအိမ်ရာ၊ သမိုင်းဘူတာရုံလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၄၄၃၀၈၈၀၈၄**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8052 ၏အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄) ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၁၄/၈/၁၂၂၈)ရှိ မြေအကျယ်ပေ (၂၀×၆၀)ရှိ မြေကွက်နှင့် နေအိမ်၊ ရေ+မီးပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို မူလပါမစ်အမည်ပေါက် ဒေါ်အေးအေးသွယ်ထံမှ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်အေး ၁၂/ဥကမ(နိုင်)၀၅၈၂၅၆ မှ အရှုပ်အရှင်းမရှိရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှု(က်)မားဒေဗီ ၁၃/တကန(ဧည့်) ၀၀၀၅၅၉က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော စာမှတ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ရှု(က်)မားဒေဗီ** | **ဒေါ်စန်းစိမ့်စိမ့်ဖြိုး (LL.B,LL.M)** |
| **၁၃/တကန(ဧည့်)၀၀၀၅၅၉** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၁၃)** |
| | **ရုံးခန်းအမှတ်(၁)၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်** |
| | **မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံးအနီး** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/6063 Honda Fit GE6, Hatch Back ® ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူလင်း ၁၂/ဒပန(နိုင်) ၀၄၁၇၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ၁၄-၁-၂၀၁၉ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်ရင်ရင်အေး ၁၂/ဗတထ(နိုင်)၀၂၄၉၃၆၏ လွှဲအပ်ညွှန်ကြားချက်အရ (အထက်တန်းရှေ့နေ) ဦးဇော်မင်းဦး (စဉ်-၄၄၉၇၅)၏ အများသိစေရန် ကြေညာချက်သည် မှန်ကန်မှုမရှိကြောင်း ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးနိုင်(ခ)မိုဟာမက်ဟာရွန် ၁၂/သကတ(နိုင်)၁၂၈၉၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ရင်ရင်အေးသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးနိုင်၏ ယောက္ခမတော်စပ်ပါသည်။ ၎င်း၏သမီးဖြစ်သူ ဒေါ်အေးအေးမြင့်(ခ)စလီမာဘေဂွန်နှင့် ဦးစိုးနိုင်တို့မှာ ယနေ့အချိန်အထိ တရားဝင်အကြင်လင်မယားဖြစ်ပြီး ဒေါ်အေးအေးမြင့်(ခ) စလီမာဘေဂွန်သည် လူမှုရေးအရှုပ်အရှင်းများရှိနေကြောင်း သိရသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အတူတူနေထိုင်လျှင် မလိုလားအပ်သောပြဿနာများဖြစ်မည်ကိုစိုးရိမ်၍ ၁၉-၁၀-၂၀၁၈ရက်တွင် သီးခြားခွဲ၍ နေထိုင်နေခြင်းဖြစ်ပါသည်။ ထိုသို့နေအိမ်ပေါ်မှမဆင်းမီ နှစ်ဖက်လူကြီးသူမများကို ဒေါ်အေးအေးမြင့် (ခ)စလီမာဘေဂွန်၏ လူမှုရေးအရှုပ်အရှင်းများကို အထောက်အထားပြသ၍ အသိပေးပြီး ကလေးနှစ်ဦး၏ရှေ့ရေးကိုထောက်ရှု၍ ရပ်တန့်နိုင်ရန် နေအိမ်မှဆင်းသွားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးနိုင်နှင့် ဒေါ်အေးအေးမြင့်(ခ)စလီမာဘေဂွန်တို့မှာ ယနေ့အချိန်ထိ ဘာသာရေးအရဖြစ်စေ၊ တည်ဆဲတရားဥပဒေအရဖြစ်စေ၊ တရားဝင်ကွာရှင်းရသေးခြင်း လုံးဝ(လုံးဝ) မရှိသေးပါ။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြို့မ(၅)လမ်း၊ အမှတ် (၅၁၇/ခ)၊ (အလျားပေ ၂၀×အနံပေ ၆၀)ရှိ မြေကွက်ကို ဝယ်ယူစဉ်အခါက ကျွန်ုပ်၏ မိတ်ဆွေသည် ကားအရောင်းအဝယ်လုပ်ငန်းနှင့် ကြည်အားမာန်ကုမ္ပဏီမှ ရရှိသောဝင်ငွေများဖြင့် ဝယ်ယူထားခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်ရင်ရင်အေးအား ၂၀၁၁ခုနှစ်တွင် ကလေးနှစ်ယောက်ကို စောင့်ရှောက်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက နေအိမ်၌ ခေါ်ယူထားခြင်းဖြစ်ပါသည်။

ဒေါ်ရင်ရင်အေး ပိုင်ဆိုင်သည်ဟု ကြော်ငြာသည့်မြေကွက်၏ ယခင်မြေအမည်ပေါက် ဦးချစ်စိန်မှာ ၂၀၀၈ ခုနှစ်ကတည်းက ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဇနီးသည်တို့မှာ လုပ်ငန်းမအားလပ်သဖြင့် ယောက္ခမဖြစ်သူ ဒေါ်ရင်ရင်အေးအား အမည်ခံစေ၍ ဂရန်အမည်ပေါက်ရရှိအောင် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ရင်ရင်အေး အမည်ပေါက်သည်ဆိုသည့်ကိစ္စသည် အမည်ငှားစနစ်ဖြင့် အမည်ခံရုံသက်သက်သာဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှု ဆက်စပ်စာချုပ်များနှင့် ဂရန်မူရင်းတို့မှာ ကျွန်ုပ်၏မိတ်ဆွေ လက်ထဲတွင်ရှိနေပြီး အဆိုပါနေအိမ်ကိုလည်း ကျွန်ုပ်မိတ်ဆွေ၏ အစီအစဉ်ဖြင့် အိမ်ငှားများ တင်ထားပါသည်။ ဒေါ်ရင်ရင်အေးသည် ကျွန်ုပ်မိတ်ဆွေ၏ နေအိမ်တွင် မှီခိုသူသာဖြစ်ပြီး ၎င်းဝယ်ယူထားသည်ဆိုသည့်ကိစ္စမှာ မှန်ကန်ခြင်းမရှိပါ။ လင်မယားနှစ်ဦးပိုင်ပစ္စည်းသာဖြစ်ပြီး လင်မယားချင်း သင့်မြတ်မှုမရှိသည့် အခြေအနေကိုအခွင့်ကောင်းယူ၍ မဟုတ်မမှန်ကြော်ငြာခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ၂၇-၁၂- ၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့သော ကြော်ငြာချက်သည် မှန်ကန်သည့်အတိုင်း ကြော်ငြာခဲ့ခြင်းဖြစ်၍ ဒေါ်ရင်ရင်အေး တောင်းဆိုသည့်အတိုင်း လက်ခံလိုက်နာရန်မလိုအပ်ကြောင်းနှင့် ပိုင်ဆိုင်မှုကိုဝင်ရောက်စွက်ဖက်သည့် ဒေါ်ရင်ရင်အေးကိုလည်း ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ရင်ရင်အေးနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၉၆)**
**အမှတ် (၆၃)၊ ဈေးလမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၂၈၈၂၄၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/6508 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/1469 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၂ ရပ်ကွက်၊ တာဝတိံသာလမ်း၊ အမှတ် (၉၆/မြေညီထပ်)တွင် နေထိုင်သော ဦးရာဂျင်ကရန်(ဘ)ဦးရီနာဆန်သနန် ၁၂/မဂတ(နိုင်)၀၀၈၄၀၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

အရဟံ
ရေကမ္ဘာ

**မှတ်ပုံတင်အမှတ် ၄/၇၂၃/၂၀၁၈**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀၁၈ ခုနှစ်တွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၄/၇၂၃ ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အဆိုပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ရေယာဉ်နှင့် သက်ဆိုင်သော ပစ္စည်းအမျိုးမျိုးတို့တွင် အဓိကသုံးစွဲသည့် ပစ္စည်းမျိုးစုံနှင့် ဆက်စပ်သုံးပစ္စည်းအမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ချိရောင်းချပါမည်။ ထိုသို့ ဖြန့်ချိရောင်းချရာတွင် ရောင်းချမည့်ပစ္စည်းအမျိုးမျိုးပေါ်၌ ဖော်ပြပါ အမှတ်တံဆိပ်ကို ဖိနှိပ်၍၊ ကပ်နှိပ်၍လည်းကောင်း၊ ထုပ်ပိုးစက္ကူ၊ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ်၊ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ပုလင်း၊ ပလတ်စတစ်ဘူး အစရှိသည်တို့အပေါ်တွင် ဖော်ပြပါအမှတ်တံဆိပ်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ပြုလုပ်၍ ကပ်နှိပ်ပြီးလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

ထို့ပြင် ယင်းလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သည့် စာရွက်စာတမ်း၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ တီဗွီ၊ ဗီဒီယိုကြော်ငြာနှင့် ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါကျောက်ဆူးနှင့် စတီယာရင်ပုံ၊ အလယ်တွင် အရဟံ ရေကမ္ဘာတံဆိပ်အမှတ်အသားကို ရိုက်နှိပ်၍ မြန်မာပြည်တစ်ဝန်းလုံးသို့ အနှံ့အပြား ဖြန့်ချိသုံးစွဲမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမှုပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အများကဖြစ်စေ၊ မည်သည့်ကုမ္ပဏီအဖွဲ့အစည်းကဖြစ်စေ ယခုအမှတ်တံဆိပ်အမည် အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အလုံးစုံကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားဖြစ်စေရန် တုပပြုလုပ်သုံးစွဲနေသည်တို့ကို တွေ့မြင်ကြားသိရပါက မိမိ၏ နစ်နာမှုအဝဝအတွက် လျော်ကြေးငွေများ တောင်းဆိုရန်နှင့်တုပပြုလုပ်ထားသော အမှတ်တံဆိပ်အမည်အမှတ်အသားများကို ဖျက်သိမ်းခြင်း၊ သိမ်းဆည်းခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမအကြောင်းအရဖြစ်စေ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုမြတ်လွင် LL.B** | **ဒေါ်ယဉ်ယဉ်ပြုံး(ဥပဒေတွဲ)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၂၇၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၅၃)** |
| **၃၀-၁၁-၂၀၁၆** | **၂၇-၉-၂၀၀၄** |
| **အမှတ် ၂၃၈၅/က၊ ဇေယျဝတီ(၄)လမ်း၊** | **တိုက် ၄၊ အခန်း ၅၊ ပေါ်ဆန်းမွှေးလမ်း၊** |
| **၁၀/တောင်၊ ၁၂ ရပ်ကွက်၊** | **၂၉ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း** |
| **သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** | **မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |
| **ဖုန်း-၀၉-၂၆၅၇၈၄၆၈၈** | **ဖုန်း-၀၉-၅၀၁၃၆၉၉၊၀၉-၇၆၂၃၄၃၃၄၂** |

## အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၅၁၂၊ ပေ ၄၀×၆၀ပေ အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်ကြီး အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ခြေရင်းခြမ်းအကျယ်အဝန်း (ပေ ၂၀×ပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဒေါ်လှရီ (S/OKA -005544) ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်အေး ၁၂/လမန(နိုင်)၀၂၁၃၉၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစသည့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ် (၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၅၈၅၅၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ၊ မြေကွက်အမှတ် ၁၂/ဆ၀၂ A၊ အကျယ်အဝန်း ဧရိယာ ၀ ဒသမ ၀၃၉ ဧကရှိ မြေပိုင်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ နှင်းဆီလမ်း၊ ပါရမီရိပ်သာ၊ အမှတ် (၃၈-အေ)ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်ချိုယဉ်ယဉ် ၁၂/စခန(နိုင်)၀၁၉၄၄၉ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာဝင်း (LL.B,D.B.L.,D.M.L)(စဉ်-၈၁၈၀)**
**ဒေါ်ဝင်းဝင်းမော် (LL.B)(စဉ်-၇၇၉၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၁) (ပ-ထပ်)၊ (၃၆)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၁၇၆၄၆၊ ၀၉-၇၈၅၄၁၇၆၄၆**

## ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား (၂")လက်မ စက်ရေတွင်းတစ်တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

| | | |
|---|---|---|
| **လျှောက်ထားသူအမည်နှင့်** | - | ဦးကျော်ငွေး |
| **နေရပ်လိပ်စာ** | | အမှတ် (၁၁၀၅/က)၊ ကျောက်စိမ်းလမ်း၊ |
| **တူးဖော်မည့်နေရာ** | - | အိမ်ရာသစ် (၇)အနောက်ရပ်ကွက်၊ |
| **မြေကွက်အမှတ်** | | သာကေတ |

**မြေအောက်ရေကြီးကြပ်မှုအရာရှိ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၂၂၉၊ မြေဧရိယာ ၁၂၀၀ စတုရန်းပေ အတိုင်းအတာ (ပေ) (၂၀'×၆၀')၊ မြေကွက်တည်နေရာအမှတ် ၅၃၊ မင်းရဲကျော်စွာလမ်းကျယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ် ဦးလှမြင့် ၁၂/သကတ(နိုင်)၀၈၅၀၂၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှမြင့် (ခင်ပွန်း)သည် ၁၈-၅-၂၀၀၉ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်စိန်ကြည် ၁၂/သကတ(နိုင်) ၀၈၅၁၃၀ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားဇနီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးထမ်းဥပဒေအရ တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ၄-၉-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးလှမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မူရင်း၊ GP၉၀၃၉/၂၀၁၈ (၂၈-၈-၂၀၁၈)၊ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဒေါ်စိန်ကြည်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၉၀၃၉/၂၀၁၈ (၂၈-၈-၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြသွင် ၁၂/သကတ(နိုင်)၁၀၇၇၂၆ မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် တစ်ထပ်ပျဉ်ထောင်အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်မနေ၊ ကွင်းဆင်းစဉ် လျှောက်ထားသူ GPဦးမြသွင်မှ လိုက်လံပြသ သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၅၂၉)၊ မြေကွက်တည်နေရာ အမှတ် (၄)၊ ဗိုလ်မင်းရောင်လမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ် (ဒေါ်ကျင်ပေါ်) အမည်ပေါက်ပါမစ်မြေအား (က)ဒေါ်ကျင်ပေါ် (CK-၀၂၃၉၆၇) အမည်ပေါက် မြေချပါမစ်မူရင်း၊ (ခ)ဒေါ်ကျင်ပေါ်၏ ၁၉၉၂ ခုနှစ် သေစာရင်းမှတ်တမ်းမှာ ရှာဖွေမတွေ့ရှိသဖြင့် သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်းမပြုနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၂-၁၁-၂၀၁၆ ရက်စွဲပါ ပြန်ကြားစာ၊ ဒေါ်ကျင်ပေါ် (CK-၀၂၃၉၆၇)သည် ၂၉-၁၂-၁၉၉၂ ရက်တွင် ကွယ်လွန်ခဲ့သည်မှာ မှန်ကန်ကြောင်း ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ၃၀-၄-၂၀၁၈ ရက်စွဲပါ ထောက်ခံချက်နှင့် ဒလမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂-၅-၂၀၁၈ ရက်စွဲပါ ထောက်ခံချက် (ဂ) (အဆိုပါဒေါ်ကျင်ပေါ်အမည်ပေါက် မြေချပါမစ်ဆက်ခံမည့်သူ အမည်/တော်စပ်ပုံ နေရာတွင် ဖော်ပြရေးသားထားသော တူမဖြစ်သူ) ဒေါ်ကျင်ကွေး (CK-၀၁၃၇၂၇)ထံမှ ဦးအောင်မြင့် ၁၂/မဂတ(နိုင်)၀၂၂၀၇၀ ဝယ်ယူခဲ့သော ၅-၂-၁၉၉၈ ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်အရပ်ကတိစာချုပ်နှင့် (ဃ)လျှောက်ထားသူ ဦးအောင်မြင့်၏ ၃-၅-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဦးအောင်မြင့် ၁၂/မဂတ(နိုင်)၀၂၂၀၇၀ မှ ဂရန်သစ်လျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာတွင် လျှောက်ထားသူကိုယ်တိုင် နေထိုင်မှုမရှိပါ။ (၂)ထပ်ပျဉ်ထောင်အိမ်တွင် လျှောက်ထားသူ၏အဒေါ်ဖြစ်သူ ဒေါ်ကျင်ကွေး နေထိုင်ပါသည်။ အဒေါ်ဖြစ်သူ ဒေါ်ကျင်ကွေးနေထိုင်ခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူ ဦးအောင်မြင့်မှ ၂၆-၁-၂၀၁၈ ရက်စွဲပါစာဖြင့် ဝန်ခံကတိတင်ပြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအတိုင်း ဦးအောင်မြင့် ၁၂/မဂတ(နိုင်)၀၂၂၀၇၀ မှ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/6217 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/1205 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ဃ/၇၄၇၁၃ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းလှယုံ ၁၃/တကန(နိုင်)၀၁၈၃၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## သားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၅) လေးလွှာနေ ဦးအောဘွန်ဗုက်(ခ)ဦးသိန်းအောင် ၁၂/ဗဟန(ပြု) ၀၀၀၀၈၈ -ဒေါ်တင်တင်ဝင်း ၁၂/လမတ(နိုင်)၀၁၀၅၄၀ တို့၏သား မောင်ယဉ်ထွေး (ခ)မောင်ဝင်းသိန်း ၁၂/ဗဟန(ပြု)၀၀၀၀၆၁သည် မိဘနှစ်ပါး၏ပြောဆိုဆုံးမမှုများကို လိုက်နာမှုမရှိသည့်အပြင် စိတ်အနှောင့်အယှက်ဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပါကြောင်း၊ မောင်ယဉ်ထွေး(ခ)မောင်ဝင်းသိန်း၏ ဆောင်ရွက်မှုမှန်သမျှကို မိဘနှစ်ပါးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောဘွန်ဗုက်(ခ)ဦးသိန်းအောင်-ဒေါ်တင်တင်ဝင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသန္တာထူး LLB**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၁၄)**
**အမှတ် ၇၄/၇၆၊ ငါးလွှာ ခေါင်းရင်းခန်း၊ အနောက်မြို့ပတ်လမ်း၊**
**ဆရာစံမြောက်၊ အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၄၈၀၁၀၄၄၁၊ ၀၉-၂၅၀၉၈၈၄၄**

# တနင်္သာရီကမ်းနီးရေပြင်တွင် ကမ်းဝေး တရွတ်ဆွဲ ငါးဖမ်းလှေများ ဥပဒေမဲ့ဝင်ရောက်ဖမ်းဆီးမှုများရှိနေ

မြိတ် ဇန်နဝါရီ ၁၇

**တနင်္သာရီကမ်းရိုးတန်းရေပြင်သည် ရေမိုင် ၈၀၀ ရှည်လျားကာ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလှေများဖြင့် ရေလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပြီး ဒေသခံပြည်သူများက စားဝတ်နေရေးအတွက် မိရိုးဖလာ တံငါလုပ်ငန်းဖြင့် ဝမ်းစာရှာဖွေလုပ်ကိုင်နေကြသော ကမ်းနီးရေပြင်တွင် ကမ်းဝေးတရွတ်ဆွဲ ငါးဖမ်းလှေများမှ လှေနာမည်နှင့် နံပါတ်များကိုပိတ်၍ ဥပဒေမဲ့ ဝင်ရောက်ဖမ်းဆီးမှုများရှိနေကြောင်း သိရသည်။**

ကမ်းဝေးတရွတ်ဆွဲ ငါးဖမ်းလှေများက ဥပဒေမဲ့ ဝင်ရောက် ငါးဖမ်းဆီးလာကြသဖြင့် ဒေသခံများ အလုပ်အကိုင် အခက်အခဲ ဖြစ်လာကြသည်ကို သက်ဆိုင်ရာသို့ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြကြသော်လည်း အောက်ခြေတွင် ငါးခိုးဖမ်းခြင်းကိစ္စ ပျောက်ကွယ်သွားခြင်း မရှိသဖြင့် ကျွန်းစုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်းက နိုဝင်ဘာလတွင် ရေပြင်ကွင်းဆင်း၍ ဥပဒေမဲ့ ငါးခိုးဖမ်းခဲ့ကြသည့် ကမ်းဝေး တရွတ်ဆွဲ ငါးဖမ်းလှေ ၁၀ စင်းကို ဒုံးညောင်မှိုင်းကျေးရွာအနီး၊ ဒိုမယ်ကျွန်းအနီးနှင့် မလိကျွန်းအရှေ့ကမ်းနီးရေပြင်တို့တွင် မှတ်တမ်းများ ရယူနိုင်ခဲ့ကာ သက်ဆိုင်ရာသို့ အချက်အလက်များနှင့်တကွ တင်ပြခဲ့ကြောင်း သိရသည်။

"ကျွန်းစုမြို့နယ်မှာ အဓိကကတော့ ကမ်းနီးရေလုပ်သားတွေ များပါတယ်။ ကမ်းနီးရေလုပ်သားထဲမှာ ဝါလတ်လှေကို ပိုင်ဆိုင်တဲ့သူ မရှိသလောက်ပဲ။ တခြားနေရာကလာပြီး ဝင်ရောက်ဖမ်းဆီးပါတယ်။ ဒီဒေသမှာ တရားမဝင် ငါးခိုးဖမ်းလှေကြီးတွေ ငါးခိုးဖမ်းတဲ့အတွက်ကြောင့် ပြည်သူတွေ စားဝတ်နေရေးခက်ခဲနေပါတယ်။ ဒီဒေသမှာ ရေရှည်ရပ်တည်ဖို့ မရနိုင်တော့ပါဘူး။ စီးပွားရေးကလည်း အင်မတန်ထိခိုက်နေတယ်လို့ တင်ပြကြတယ်။ လွှတ်တော်ထဲမှာလည်း ကျွန်တော် အကြိမ်ကြိမ်တင်ပြတယ်။ ဒါပေမယ့် အောက်ခြေမြေပြင်မှာ ထိရောက်စွာအရေးယူနိုင်မှု အားနည်းပါတယ်။ အဲဒီလို အခြေအနေမျိုးဖြစ်တဲ့အတွက် ကျွန်တော်ကိုယ်တိုင် နိုဝင်ဘာ ၃ ရက်ကနေ ၁၀ ရက်အထိ ကွင်းဆင်းပြီး အထောက်အထား ရယူခဲ့ပါတယ်"ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဟိန်းက ပြောသည်။



၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းက ကမ်းနီးရေပြင်အတွင်းသို့ ဝင်ရောက်ဖမ်းဆီးခဲ့သော ကမ်းဝေးငါးဖမ်းရေယာဉ်တစ်စင်းကို တွေ့ရစဉ်။

တရွတ်ဆွဲ ကမ်းဝေးငါးဖမ်းလှေ (ဝါလတ်) လှေကြီး ၁၀ စင်းသည် ကမ်းနီးရေပြင်သို့ ဥပဒေမဲ့ဝင်ရောက် ဖမ်းဆီးခဲ့ခြင်းအပေါ် ထိရောက်စွာအရေးယူပေးရန် တိုင်ကြားလာခြင်းကိစ္စနှင့် ပတ်သက်၍ ဇန်နဝါရီ ၁၄ ရက်က မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ရေယာဉ်ကိုယ်စားလှယ်များ

*စာမျက်နှာ ၈ ကော်လံ ၁* ✪

# အမျိုးသမီးလိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့နောက်ဆုံး ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၇) ကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၁၇ ရက်ပွဲစဉ်များအပြီးတွင် အား/ကာ သိပ္ပံ၊ အား/ကာ ဦးစီးဌာနနှင့် ဇွဲကပင်အသင်းတို့ ဂိုးပြတ်နိုင်ပွဲများ ရရှိခဲ့သည်။

ပွဲစဉ်(၇)တွင် အား/ကာသိပ္ပံအသင်းက YREO အသင်းကို ကိုးဂိုး-တစ်ဂိုး၊ အား/ကာ ဦးစီးဌာနအသင်းက တက္ကသိုလ်အသင်းကို လေးဂိုး-ဂိုးမရှိ၊ ဇွဲကပင်အသင်းက ဂန္ဓမာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ချန်ပီယံမျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ပွဲစဉ်တိုင်း အားကုန်ထုတ်ကစားလျက်ရှိသလို ဂိုးပြတ်နိုင်ပွဲပါ ရယူနိုင်ခဲ့ ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် ပထမအကျော့အပြီးတွင် တတိယနေရာရရန် သေချာသွားပြီး အမှတ်တူဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည့် မြဝတီနှင့် သစ္စာအားမာန်အသင်းတို့ အရှုံးအနိုင်ပေါ်ပါက ဂိုးကွာခြားချက်အသာဖြင့် ဒုတိယနေရာကိုပါ ရယူနိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

# မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ပွဲစဉ်အပြောင်းအလဲဖြစ်ပေါ်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် အသင်းအချို့ နုတ်ထွက်ခဲ့သောကြောင့် ပွဲစဉ်အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် မူလက ၁၁ သင်းယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားပြီး အုပ်စုများထွက်ပေါ်ပြီးမှ အုပ်စု(က)မှ ဘရူနိုင်းနှင့် အုပ်စု(ခ)မှ စင်ကာပူအသင်းတို့ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အုပ်စု(က) တွင် ငါးသင်း၊ အုပ်စု(ခ) တွင် လေးသင်းသာ ကျန်ရှိတော့ပြီး အုပ်စု(က) တွင် ဗီယက်နမ်၊ ထိုင်း၊ တီမော၊ လာအို၊ ဖိလစ်ပိုင်၊ အုပ်စု(ခ) တွင် မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့ ပါဝင်နေသည်။ မြန်မာ ယူ-၂၂ အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေပြီး ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ ယင်းပြိုင်ပွဲသည် မြန်မာ ယူ-၂၂ အသင်း နည်းပြချုပ်သစ် ပိုပေါ့ဗ်အတွက် ပထမဆုံး နိုင်ငံတကာပွဲဖြစ်သည်။ ပိုပေါ့ဗ်သည် ပဏာမလက်ရွေးစင်ကစားသမားများအား အသစ်ပြန်လည်ရွေးချယ်မည်ဖြစ်သော်လည်း ယခင်ရွေးချယ်ထားသည့် ကစားသမားအများစု ပြန်လည်ပါဝင်လာဖွယ်ရှိနေသည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲအတွက် ဖေဖော်ဝါရီ ၄ ရက်တွင် စခန်းဝင်လေ့ကျင့်မည်ဖြစ်ပြီး နည်းပြသစ် ပိုပေါ့ဗ်သည် လေ့ကျင့်မှုမပြုလုပ်မီ ကစားသမားများရွေးချယ်ရန်

*စာမျက်နှာ ၁၂ ကော်လံ ၁* ■



၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်စဉ်။ ဓာတ်ပုံ-စိုးညွန့်


**ရန်ကုန်မြို့ မင်းဓမ္မလမ်း၌ ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ** — စာ ၈

**AA သောင်းကျန်းသူအဖွဲ့၏ ယာယီစခန်းတစ်ခုကို တပ်မတော်က သိမ်းပိုက်ရရှိ** — စာ ၁၂

**ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ** — စာ ၁၃



